
www.burmeseclassic.com



www.burmeseclassic.com

၈၉၅.၈၃
နတ်ရွာမိုး
ချစ်ကြောင်းကုန်စင်/နတ်ရွာမိုး။ – ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၁၆၆ – စာ၊ ၁၃.၅ × ၂၁ စင်တီ။

ထုတ်ဝေသူ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်၊ (ဇွန်လ)၊ အုပ်ရေ(၅၀၀)။



# နတ်ရွာမိုး


## ချစ်ကြောင်းကုန်စင်

မြင်ကတည်း
ရင်ထဲမှာတသသနဲ့
မေ့မရတဲ့ဒီလူ...
အူတူတူမျက်နှာပေးလေးကို
တွေးကာဆွေးပူ...
ကြော်...
ဝေးမှာကြောက်သူ...
ခက်လှပေါ့အမူ
သည်အယူသည်အစွဲတွေနဲ့
သေလျှင်တောင်မလွဲတန်ဘူး
ချန်ထားတဲ့အသည်းတစ်နေရာစာ
ကွဲကြေကာပြာပြာလူးခဲ့လို့
ဆရာတစ်ဦးက...သုံးမရှာတယ်
"တုံးအမနေနဲ့...
ဟဲ့....တကာရှူး..."



www.burmeseclassic.com

အချစ်ဆိုတာ...
ဒိုင်ယာရီစာအုပ်တစ်အုပ်ပါပဲ...၊
ကိုယ့်ဘာသာရေးတဲ့မှတ်တမ်းနဲ့
ကိုယ်ပြန်လှန်းပြီး
ကိုယ့်ဘာသာ အပင်ပန်းခံတဲ့ဒုက္ခပါ...၊
အဲ့ဒါကို
လူပျိုကြီး အပျိုကြီးများက လက်ခံကြတယ်...၊
ဟုတ်ပကွယ်...
စိတ်ပျက်စရာ...
"အရမ်းကောင်းတယ်" တဲ့...။







# အခန်း (၁)

"ဟား!..ဒုက္ခပဲ.."

တီဗီကြည့်ရင်း ထအော်ဟစ်တဲ့ ကိုကြီးကြောင့် ကျွန်တော်ပါ ထခုန်မိတော့မလောက်ကို လန့်သွားပြီး စာဖတ်နေရာကနေ ထပြေးပြီး မေးရတယ်။

"ကိုကြီး ဘာဖြစ်တာလဲ..."

"ဂျပန်မှာ လျှောင်လှုပ်လို့ အနုမြူခါတ်ပေါင်းဖိုတွေ ကွဲကုန်ပြန်ပြီကွ"

www.burmeseclassic.com



"အဲ့ဒါများဗျာ. . . အိုးဖာတိတ်နဲ့ဖာလိုက် ပြီးတာပဲ"

"အေး. . ဟာ. . မင်းကြီးတော်မို့လို့ ရမှာလားကွ၊ ဒါ အနုမြူဗုံးပေါက်တာနဲ့ ဘာထူးလဲ. . "

ကိုကြီး အတော့်ကို မျက်လုံးပြူးမျက်ဆံပြူး လန့်နေတာကြောင့် ရယ်ချင်ဇီးကွက်နဲ့ လှမ်းကြည့်ပြီး. . .

"အဲ့ဒီတော့ ဘာဖြစ်လဲ၊ အဲ့ဒါက ဂျပန်မှာဖြစ်တာ. . ကိုကြီးက မြန်မာပြည်မှာ"

"ဟော့ကောင်. . . စကားကို ပေါ့ပျက်ပျက်မပြောနဲ့၊ သူများအိမ်မှာ ငရုတ်သီးလှော်တာ၊ ကိုယ့်အိမ်က ဘာကြောင့်ညှော်သလဲ မင်းမသိဘူးလား"

"သိတယ်. . . အခုဟာက အဝေးကြီးရယ်"

"တိုင်းပြည်သာ နယ်နိမိတ် ရှိတာ၊ လေထုက နယ်နိမိတ်မရှိဘူးကွ၊ အဲ့ဒီကနေ ရေဒီယိုသတ္တိကြွတဲ့ ဓါတ်မှုန်တွေ ဒီဖက်မပါလာဘူးလို့ မင်းပြောနိုင်လား"

ကျွန်တော် ခေါင်းကုတ်ညည်းတွားရုံအပြင် မရှိတော့လို့. . အခန်းထဲပြန်လှည့်ပြီး ဝင်မယ်လုပ်တော့ အစ်ကိုကြီးက. . .

"ဟော့ကောင် ခိုင်မြ. . နေဦး"

ဆိုတော့ကာ. . ရပ်ပြီး ပြန်လှည့်ကြည့်လိုက်တယ်။

"ဘာပဲဖြစ်ဖြစ် မနက်ဖြန်ကစပြီး အိမ်မှာနေနေ အပြင်သွားသွား နှာခေါင်းစည်းတပ်ထား၊ အို. . ကြာတယ်ကွာ ငါအခုပဲ မာ့(စ်) mask တွေ သွားဝယ်မယ်"

ပြောပြီး. . အစ်ကိုကြီး အပြင်ထွက်ဖို့ ပြင်တယ်။

"ကိုကြီး. . "





"ဟော. . "

"ဓါတ်ပေါင်းဖိုတွေက အခုမှ ကွဲတာမဟုတ်ဘူးနော်၊ လွန်ခဲ့တဲ့နှစ်ရက်က. . . "

"အေး. . ဘာဖြစ်လဲ"

"ဒီနေ့နဲ့ဆို သုံးရက်ဖြစ်သွားပြီဆိုတော့ ကျွန်တော်တို့ဆီ လွင့်ရင်တောင် လွင့်လာနိုင်ပြီ၊ အစ်ကိုကြီး အပြင်ထွက်ရင် ပုဆိုးခြုံသွားမှ ဖြစ်မယ်ထင်တယ်"

"အန်!. . "

"ဟုတ်တယ်လေဗျာ. . လေထဲပြည့်နေလို့ ရှူမိရင် ကင်ဆာနော်. . "

"အာ. . အေးကွာ. . ဒုက္ခပါပဲ၊ ကဲ. . . မင်းအိမ်တံခါးတွေ လိုက်ပိတ်ထား၊ ငါ နှာခေါင်းစည်းတွေ ဝယ်လာမယ်၊ ဒေါ်ထွေးကိုလဲ သတိပေးလိုက်. . "

"ဟုတ်. . ဟုတ်. . "

ကိုကြီးတစ်ယောက် ပုဆိုးကို ခေါင်းကနေခြုံပြီး မျက်လုံးပေါ်ရုံလောက်နဲ့ ထွက်သွားပါတော့တယ်။ အရပ်ကရှည်ရှည်. . လူက ပိန်ပိန်ကိုင်းကိုင်းနဲ့ ပုဆိုးက အနံ့ကြီးကွင်းကျယ်မို့လို့သာပေါ့. . ။

ပရိသတ်ကို မိတ်ဆက်ပေးရရင် သူဟာ ကျွန်တော့်ရဲ့အစ်ကိုပါ။ သူ့နာမည်က "ရဲရင့်"ပါ။ အလွန်ပဲ ကြောက်ရွံ့စိုးရိမ်တတ်ပါတယ်။ လောလောဆယ် စိတ်ပညာနဲ့ ကျောင်းပြီးထားပြီး သူ အရမ်းစွဲလန်းတဲ့ တစ်ဖက်ခြံက မခင်မြတ်မူရဲ့ ချစ်ဒဿနကို နေ့တိုင်းလိုလို ဆိုင်ဖွင့်နေတဲ့လူပါ. . ။

အဖေနဲ့အမေကတော့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်

www.burmeseclassic.com



အတွက် ပိုက်ဆံရှာနေရလို့ မြန်မာပြည်မှာတောင် မနေနိုင်ပါဘူး။ အခုလောလောဆယ်တော့ ဥရောပကနေ စက်ာပူကို ပြန်ရောက်နေပြီလို့ ဖုန်းရထားပါတယ်။

ကိုကြီး စိုးရိမ်ကြောင့်ကျကြီး ကြောက်ရွံ့တတ်တဲ့ စိတ်ဗီဇကတော့ အဖိုးရဲ့အမွေခံတာလို့ အမေကဆိုပါတယ်။ အဖိုးက အမေရဲ့အဖေပါ။ အမေပြောပြတာလေ။ ပရိသတ်ကို ပြန်ပြောရရင် အဖိုးရဲ့အမွေကို ကျွန်တော့်အစ်ကိုကြီး ဘယ်လောက်ရလိုက်တယ်ဆိုတာ ခန့်မှန်းမိကြမှာပါ. . . ။

အဖိုးက ထားဝယ်မှာနေပါတယ်။ အမေ့ကို မော်ရှည်ကုန်းလို့ခေါ်တဲ့ အရပ်မှာမွေးပြီး. . ကျောင်းနေစ အရွယ်ရောက်တော့ ညောင်ဇင်ကို ပြောင်းလာကြတယ်။ အမေက အဖေနဲ့ အိမ်ထောင်ကျ၊ အဖွားလဲဆုံးရော အဖိုးက မော်ရှည်ကုန်းမှာ ကျန်ခဲ့တယ်။

ဘိုးဘွားပိုင်ခြံမှာ ပြန်နေသတဲ့။ ပြောသာပြောနေတာ ကျွန်တော်လဲ အမေ့ဇာတိမြေကို အဖိုးဆုံးတုန်းကမှ တစ်ခါပဲ ရောက်ဖူးတယ်။ အတော်သာယာတယ်ဗျ။ နာရေးကိစ္စနဲ့ သွားတာဆိုတော့ မောင်းမကန်ကမ်းခြေတို့ဘာတို့တော့ မရောက်ခဲ့ဘူးပေါ့ဗျာ။

ဒါပေမယ့် ထားဝယ်တို့ဌာနီရဲ့ရေမြေသဘာဝအလှကိုတော့ ကောင်းကောင်းခံစားခဲ့ရပါတယ်။ အဖိုးကို ရန်ကုန်မှာ ပြောင်းရွှေ့နေဖို့ ဘယ်လိုခေါ်ခေါ် ဘာကြောင့်ငြင်းခဲ့သလဲဆိုတာ ကျွန်တော်ကိုယ်တိုင် ထားဝယ်ဒေသကို ခြေချမိတော့မှာ သိတော့တယ်လေ။

ထားပါတော့. . . ပြောချင်တာက အဖိုးအကြောင်းပါ. . ၊ ရန်ကုန်ကအိမ်မှာ အဖွားအတွက် နှစ်လည်ဆွမ်းကပ်ဖို့လုပ်တော့ အဖိုးကို အမေကိုယ်တိုင် သွားခေါ်တယ်။ အပြီးနေဖို့ မဟုတ်ဘူး. .



BURMESE CLASSIC



လှူပြီးရင် ဘုရားလေးဘာလေးဖူးပြီး ပြန်ပို့ပေးမယ်လို့ အာမခံလို့ အဖိုးလိုက်လာတယ်။ အသွားအပြန် ခရီးစဉ်အတွက် လေယာဉ်နဲ့ပဲ စီစဉ်ပေးတယ်။ ကားနဲ့ဆို အသက်အရွယ် အိုမင်းပြီဖြစ်တဲ့အဖိုးကို ပင်ပန်းမှာစိုးလို့လေ။

အဲ့ဒါနဲ့ ထားဝယ်လေဆိပ်ကနေ သားအဖနှစ်ယောက် YA နဲ့ လာခဲ့ကြရောဗျာ။

ထားဝယ်ကွင်းက စတက်လာပြီး နာရီဝက်လောက်ကြာတော့. . အဖိုးက အမေ့ဆီက အိတ်တစ်အိတ်ပေးစမ်းလို့ တောင်းတယ်။ အမေကလဲ အဖိုးအန်ချင်လို့များလားဆိုပြီး လေယာဉ်ခရီးသည်တိုင်းအတွက် အသင့်စီစဉ်ပေးထားတဲ့ ဖယောင်းကတ်ထူစက္ကူအိတ်တလုံးကို အဖိုးထိုင်ခုံရှေ့က အိတ်ထဲကနေ ဆွဲထုတ်ပြီး ပေးလိုက်တယ်။ အဖိုးက အဲ့ဒီအိတ်လဲရကော ထိုင်ခုံမှာ ဆောင့်ကြောင့်တက်ထိုင်ပြီး လက်အုပ်ချီတယ်။ ပြီးတော့ နှုတ်ကနေ အသံထွက်ရွတ်လိုက်တယ်. . . ။

"ဘုရားရှင် ကိုယ်တော်မြတ်ကြီး အမျှုထားလို့ သံဃာတော်အရှင်သူမြတ်အပေါင်းတို့နှင့်တကွ နတ်လူသတ္တဝါအပေါင်းတို့ကို ကျုပ်တောင်းပန်တိုးလျှိုးပါတယ်၊ ညစ်ညမ်းသော်လည်း မလွှယ်နိုင်သော ဒုက္ခအိုးကို ပုတ်သိုးမှန်းသိလဲ ဖွင့်မိပါတယ်၊ အမြင့်ပေ တစ်သောင်းဆိုတာ အများသူငါ ခေါင်းပေါ်မှာဖြစ်တာကြောင့် ဒီငမိုက်သား လူသက်ကြားကြီးကို ခွင့်လွှတ်တော်မူကြပါကုန်လော. . ."

အဲ့ဒီလို ရွတ်ပြီးတာနဲ့ တပြိုင်တည်းမှာပဲ ပုဆိုးလေး အသာမ.လှန်ပြီး လက်ထဲကအိတ် လျှိုထည့်ကာ တဗီးဗီး တဘွတ်ဘွတ်မြည်အောင် လွှတ်ထုတ်ပါတော့တယ်။

www.burmeseclassic.com



အမေလဲ ရှတ်တရက်မို့လို့ ကြောင်အ,ပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတယ်။ လေယာဉ်ဆိုတာကလဲ ပရိသတ် သိတော်မူတဲ့အတိုင်းပဲဗျာ။ လိပ်ခေါင်းထဲ ဝင်ထိုင်နေရသလို ခပ်ကျဉ်းကျဉ်း ခပ်လုံးလုံးဆိုတော့၊ International AirBus ကြီးတွေလို မဟုတ်သော ကြောင့် အနံ့အသက်က လန့်ထွက်လာသလို အတော့်ကို ညှော်ကုန်တယ်။ လူတိုင်း နှာခေါင်းရှုံ့ပြီး ခေါင်းထောင်လည်ထောင်တွေ ဖြစ်ကုန်ကျ၊ မြည်တွန်တောက်တီးကြတာပေါ့။ အမေကလည်း အဖိုးကို အပြစ်ဆိုတယ်လေ. . .။

"အဖေ ဘယ်လိုလုပ်လိုက်တာလဲ!. .၊ ဒုက္ခပါပဲ. . အိမ်သာတက်ချင်ရင် ပြောမှပေါ့၊ အိမ်သာရှိတယ်လေ"

"နင် ဘာမှမသိပါဘူး မိချောရာ၊ ခဏပါ. . . ပြီးပါပြီ"

"ဘူ!. . ဘင်!. ."

"ဒုက္ခပါပဲ အဖေရယ်"

အဲ့ဒီအခိုက်မှာ လေယာဉ်မယ်လေးလဲ ရောက်လာပြီး. . .

"အဘ. . . အဲ့ဒီလို မကောင်းဘူးလေ အဘရဲ့၊ လာ. . လာ သမီး တွဲ့င်းလက်ပို့ပေးမယ်"

"ဒီမှာ ကလေးမ၊ ညည်းတို့လေယာဉ် အမြင့်ဘယ်လောက်မှာ ပျံနေသလဲ"

"ပေတစ်သောင်းပါ အဘ"

"အေး. . . အဲ့ဒီပေတစ်သောင်းအောက်က ဘုရားအမှူးထားပြီး သံဃာနဲ့ လူနတ်ဗြဟ္မာသတ္တဝါတွေကို တွေးမြင်ကြည့်စမ်း၊ ဒီအပုတ်အစပ်ကို လေယာဉ်ပေါ်ကနေ ဗုံးကျဲသလို ကျဲချလို့ သင့်မသင့်ဆိုတာ၊ လူမှန်ရင် အဲ့ဒီလို ဘယ်သူမှမလုပ်ကြဘူး"





"သမီးတို့လည်း မလုပ်ပါဘူး အဘရယ်. .၊ လေယာဉ်ပေါ် အိမ်သာတက်လို့ အဘထင်သလို လွင့်စဉ်မသွားပါဘူး. .၊ သီးခြားမိလ္လာကန် ရှိပါတယ်"

"အို. . . ဘာမှပြောမနေနဲ့တော့ ကျုပ်လည်းပြီးပြီ၊ ဒီအထုပ်လည်း မထားခဲ့ဘူး. . စိတ်ချ၊ ကိုယ့်အညစ်အကြေးကို ကိုယ့်ဘာသာ လွတ်လွတ်သန့်သန့် ရှင်းပေးမယ်၊ ကဲ. . ကလေးမလည်း ကိုယ်လုပ်စရာရှိတာ သွားလုပ်. . သွားတော့၊ ငါ အီးကုန်းရဦးမယ်. ."

ဆိုတော့ကာ လေယာဉ်မယ်လေးလည်း ဘယ်လိုမှ မစွမ်းသာတော့ဘဲ ရှက်ရှက်နဲ့ နောက်ပြန်ဆုတ်ရင်း ခရီးသည်တွေကို တောင်းပန်ရတယ်။

"လူကြီးမင်းများရှင်. . အခုဆိုရင် အနံ့စုပ်စက်ကြောင့် အနံ့အသက် သန့်ရှင်းသွားသလို အခက်အခဲကြုံရတဲ့ အဘလည်း သူ့ကိစ္စ ပြီးဆုံးသွားပါပြီရှင်၊ အားလုံးစိတ်အေးချမ်းသာစွာနဲ့ ခရီးဆက်နိုင်ကြပါပြီ. . ကျေးဇူးတင်ပါတယ်ရှင်"

ခရီးသည်တွေ စိတ်သက်သာရာ ရသွားပေမယ့် မျက်နှာပူပြီး စိတ်မသက်မသာဖြစ်နေတဲ့ အမေဟာ အဖိုးကိုပြောတယ်။

"အဖေရယ်. . . ဒီကိစ္စကို မနက်ကတည်းက ရှင်းခဲ့ရမှာ၊ မဟုတ်လဲ လေဆိပ်မှာ ရှင်းရောပေါ့"

"နင့်ကို ငါမွေးခဲ့တာပါ မိချောရာ ငါမသိနေမလား၊ ငါ အိမ်သာတက်မလို့ စဉ်းစားတော့ ဆင်းသံချောင်း ခေါက်နေပြီ၊ နင်တို့တွေ လေယာဉ်ဆိုတာ ကားတွေရထားတွေလို မမှီလဲ ပြေးလိုက်ပြီး ခုန်တက်လို့ ရရိုးလား၊ အဲ့ဒါကြောင့်. . ငါ နင့်ကို မမေးဘူးလား ထားဝယ်နဲ့ရန်ကုန် ဘယ်လောက်ကြာအောင် သွားရမလဲဆိုတော့

www.burmeseclassic.com



ပျံ့သန်းချိန်က တစ်နာရီနဲ့ ဆယ့်ငါးမိနစ်ပဲ ကြာမယ်ဆိုလို့ ငါလဲ ဒီလောက်တော့ အောင့်နိုင်တာပဲလို့ ထင်ထားတာ၊ အမှန်ပြောရရင် တက်သံချောင်းခေါက်ကတည်းက ထိပ်တိုးနေပြီ၊ ဒီလောက်အောင့်နိုင်တာပဲ တော်ရော့ဟယ်. . ”

အမေလဲ ဆက်မပြောတော့ဘဲ ပူနေတဲ့မျက်နှာကို လက်ကိုင်ပုဝါ အုပ်ပြီး နှုတ်ဆိတ်နေလိုက်တယ်။ ဒီနေရာမှာ အဖိုးပြောတဲ့ “တက်သံချောင်း” “ဆင်းသံချောင်း” ဆိုတာကို အနည်းငယ် ရှင်းပြချင်ပါတယ်။ အဖိုးတို့ ထားဝယ်လေဆိပ်မှာ အဲ့ဒီတုန်းက လေယာဉ်ကွင်းဆင်းချိန်နှင့် လေယာဉ်တက်ချိန်(ထွက်ခွာဖို့ နီးကပ်လာချိန်)ကို လေဆိပ်မှာ ရှိနေတဲ့ခရီးသည်တွေကို အလွယ်တကူ သိရှိခန့်မှန်းကာ ကြိုတင်ပြင်ဆင်မှုများလုပ်နိုင်ဖို့ သံချောင်းခေါက်ပြီး အသိပေးနှိုးဆော်လေ့ရှိပါတယ်။

မော်တော်ကားဘီးက Drum သံကွင်းကြီးကို မျှော်စင်မှာ ချိတ်ဆွဲထားပြီး အဆင်းကိုဘယ်နှစ်ချက်၊ အတက်ကိုဘယ်နှစ်ချက် ဆိုပြီး သံချောင်းနှင့်ရိုက်ကာ အချက်ပေးခြင်းဖြစ်ပါတယ်။

အဲ့ဒီလိုနဲ့ မင်္ဂလာဒုံလေယာဉ်ကွင်း ဆိုက်ရောက်လာပြီး ဧည့်ကြိုခန်းမထဲ ရောက်လာကြတယ်။ အဖေ့ကို အိမ်ကကားနဲ့ လာကြိုဖို့ ကြိုပြီးဖုန်းဆက်ထားပေမယ့် အဖေနောက်ကျနေလို့ အမေနဲ့ အဖိုးတို့ ဧည့်ကြိုခန်းမဆောင်ရှေ့ ထွက်ပြီးစောင့်ကြတယ်။ အဖိုးကလည်း သူ့ရဲ့မလွယ်ထုပ် တပွေ့ပွေ့နဲ့မို့လို့. . အမေက အောက်ချဖို့ ပြောတော့. . အဖိုးလဲ ခရီးဆောင်သေတ္တာဘေး ကပ်ချထားလိုက်တယ်။

ဖြစ်ချင်တော့ အချောင်သုတ်ဖို့ ချောင်းနေတဲ့ အလစ်သမား





က ကားမျှော်နေတဲ့ အဖိုးတို့သားအဖအလစ်မှာ အဖိုးရဲ့မလွယ်ထုပ်ကို အလွယ်လေး ဆွဲသုတ်သွားပါတော့တယ်။ ကံဆိုးလား ကံကောင်းလား မဆိုနိုင်ဘူး ပရိသတ်ရေ။ သူ့အထုပ်ကို အသာပွေ့ယူသွားတဲ့သူခိုးကို အဖိုးက မြင်ရောဗျာ. . . ။

“ဟာ. . လုပ်ပါအုံးဟ!. . ၊ ဟော့. . ဟော့. . အဲ့ဒါ ငါ့အထုပ် ငါ့အထုပ်. . ”

အဖိုးက အော်လဲအော် လိုက်လဲလိုက်ဆိုတော့ အနီးနားရှိတဲ့ လုံခြုံရေးတပ်ဖွဲ့တွေ သတိထားမိပြီး လိုက်ပါလေရောဗျာ။ အလစ်သမားလဲ ပြေးတာပေါ့။ ဒါပေမယ့် ကွင်းထဲမှာ လုံခြုံရေးတင်းကျပ်မှု ဒီလောက်ကောင်းတာ ဘယ်လွတ်မလဲ။ မလွတ်တာ ပြဿနာမရှိဘူး မိသွားတဲ့အတွက် အရေးယူ၊ ဥပဒေအတိုင်း ဆောင်ရွက်လိုက်ရုံပဲ. . ။

အခုဟာက အလစ်သမားခမျာ လွတ်မလားလို့ ကြိုးစားလို့ ပြေးရင်းက ခလုတ်တိုက်ပြီး မှောက်အလဲ ပွေ့ပိုက်ထားတဲ့အထုပ်က လွတ်ကျပြီး ဗွမ်းခနဲကွဲ အားလုံး ပလဲထွက်သွားလို့ အလစ်သမားလဲ အံ့အားသင့်ပြီး မပြေးနိုင်တော့ဘူး။ လုံခြုံရေးတွေလဲ မြင်ရတဲ့အခြေအနေကြောင့် ကိုယ့်နှာခေါင်းကိုယ်သာ အမိအရပိတ်ပြီး အလစ်သမား ငုတ်တုတ်ကြီးကိုဖမ်းဖို့ သတိမရဘူး။ အနားကို ရောက်လာတဲ့ အဖိုးက သူ့အထုပ်သူ အမောတကော ပြန်ကောက်နေတော့မှ လုံခြုံရေးတစ်ယောက်က. .

“ဒါ အဘဆီက လုသွားတဲ့ပစ္စည်းလား”

“အစစ်ပေါ့ ကောင်လေးရာ၊ ဒီကောင်မို့ မရှုံ့မရှာ ဆွဲပြေးတာ အံ့ပါရဲ့၊ ကဲ. . ကဲ. . မင်းတို့ကိုလည်း ကျေးဇူးတင်ပါတယ်။

www.burmeseclassic.com



ဟိုအကောင်ကိုတော့ အရေးမယူပါနဲ့တော့၊ ရွှေမှန်းမသိ ငွေမှန်းမသိတဲ့အကောင်၊ နားရင်းအုပ်ပြီးသာ ပြန်လွှတ်လိုက်ပါကွာ"

ပြောပြီး သူ့အထုပ်သူယူပြီး ပြန်သွားတဲ့အဖိုးကို ကြည့်ပြီး လုံခြုံရေးနဲ့ အလစ်သမားလဲ ငိုရခက်ရယ်ရခက် ဖြစ်ကုန်တယ်။ ဒါပေမယ့်လည်း ဒေါသကြီးတဲ့ လုံခြုံရေးတစ်ယောက်က အလစ်သုတ်သမားကို ရှက်လဲရှက် ဒေါသလဲထွက်ပြီး ပိတ်ကန်ပစ်တော့တယ်. . ။

အမေကတော့ ရှက်တာတစ်ခုတည်းနဲ့ ဘာမှမပြောနိုင်ဘဲ သူ့အဖေရဲ့အရေအဖတ်ထုပ်ကို ကျန်ကျောင်းအိတ်နဲ့ သေသေချာချာ ထုတ်ပိုးပေးပြီး ပြန်ဆွဲခေါ်လာခဲ့တယ်လေ။

အဲ့ဒီလိုအဖိုးရဲ့ မြေးအကြီးဖြစ်တဲ့ ကျွန်တော့်အစ်ကိုလည်း ကြည့်လိုက်အုံး။ ဘေးခြံကို ပြောင်းလာတဲ့မိသားစုထဲမှာ ကျွန်တော်တို့ ညီအစ်ကိုလိုပဲ သူတို့မှာ ညီအစ်မနှစ်ယောက် ပါလာတယ်။ အငယ်မ ခင်ကြည်ဖြူ ကျွန်တော့်ရဲ့အတန်းဖော်သူငယ်ချင်းပါ။ အကြီးမ မခင်မြတ်မူကတော့ သူတို့ရှယ်ယာဝင်ထားတဲ့ကုမ္ပဏီမှာ အလုပ်လုပ်ပါတယ်။

ကိုကြီးရဲရင့်က အဲ့ဒီအကြီးမကို မြင်မြင်ချင်းပဲ ကြိုက်သွားတယ်ဗျ။ အဲ့ဒီတော့ ဘာလုပ်တယ်မှတ်လဲ။ မခင်မြတ်မူနဲ့ အိမ်ထောင်ကျရင်. . သူ့ဖက်က အိမ်ထောင့်တာဝန်ကျေတဲ့ ယောကျ်ားတစ်ယောက် ဖြစ်အောင်ဆိုပြီး လေ့ကျင့်တယ်။ ကိုယ်တိုင်ဈေးဝယ်ပြီး ချက်ပြုတ်တတ်အောင် သင်တယ်။ အိမ်မှုကိစ္စ လုပ်တတ်အောင် လေ့လာတယ်။ ဝင်းသူဇာဆိုင်ကနေ အနှီးပိတ်တွေ ဝယ်လာပြီး အရုပ်တစ်ရုပ်နဲ့ ကလေးချီတတ်အောင် လေ့ကျင့်တယ်၊ အနှီးလျှော်





တယ်၊ ကလေးထိန်းရင်း သီချင်းဆိုတယ်။ သင်တန်းဆရာကတော့ အိမ်က ဒေါ်ထွေးလေ၊ ဒေါ်ထွေးကလည်း သူသိသမျှ တတ်သမျှအားလုံးကို ပညာကုန်သင်ပေးတာ။

ကျွန်တော်နားမလည်နိုင်တော့လို့ အစ်ကို့ကိုမေးတော့ 'ပွဲမဝင်ခင် အပြင်ကကျင့်'. . ဆိုတဲ့စကားလိုပဲ တကယ့်အိမ်ထောင်သည်ဘဝရောက်ရင် လိုလေသေးမရှိ ပြည့်စုံတဲ့ ယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင် လေ့ကျင့်တာတဲ့ဗျာ။ သူ အဲ့ဒီလိုမျိုး လနဲ့ချီပြီးတော့ လေ့ကျင့်တာ. . . ။

မခင်မြတ်မူကို စကားလိုက်ပြောတယ်။ ဟိုက လုံးဝကို လက်မခံဘူးလေ။ ဘာကြောင့်လဲဆိုတော့ ကိုကြီး အပြင်ထွက် ကလေးချော့နေတာ၊ ကလေးအနှီးတွေ လျှော်လှမ်းတာတို့၊ ကိုယ်တိုင်ဈေးသွားတာတို့ မြင်နေရတော့ အဲ့ဒီလူ လက်ရှိအိမ်ထောင်သည် မဟုတ်ရင်တောင် မုဆိုးဖိုပဲ ဖြစ်ရမယ်ဆိုပြီး လုံးဝကို ခါးခါးသီးသီး ငြင်းတော့တာပေါ့။ ကျွန်တော်က သနားလို့ ခင်ကြည်ဖြူကနေတဆင့် ရှင်းပြပေးတာတောင် ဟိုကမယုံချင်သေးလို့ အခုအချိန်အထိ ကြိုးစားနေတုန်းလေ. . . ။

ကိုယ့်ပရိသတ်တို့လည်း သိတော်မူတဲ့အတိုင်း မာယာများလွန်းတဲ့ လောကကြီးထဲ အသက်ရှင်နေတဲ့ဘဝမှာ နေရာတကာ စိုးရိမ်ကြောင့်ကြကြီးနေရင် ပုဆိုးခေါင်းမြီးခြုံပြီး ချောင်ကပ်ကွေးနေရုံအပြင် ရှိမှာမဟုတ်တော့ဘူး။ အစ်ကိုကတော့ မရဘူး. . ၊ အပေါ့အလေး သွားတာကအစ သတိကြီးကြီးထားပြီး သွားတတ်တဲ့သူ၊ ထမင်းစားနေရင်လဲ ဒီနေ့ ထမင်းအလုပ်နှစ်ဆယ် စားနိုင်ပြီး မနက်ဖြန် ထမင်းအလုပ် လျော့သွားသည်ဖြစ်စေ လိုသွားသည်ဖြစ်စေ. .

www.burmeseclassic.com



ဒါရောဂါပဲဆိုတဲ့သံသယနဲ့ ဆေးတွေသောက် ဆေးခန်းတွေပြ လုပ်တတ်တဲ့သူ။

အဲ့ဒီလူက စိတ်ပညာအဓိကနဲ့ ကျောင်းပြီးထားတော့. . .

"တင်းတောင်. . တင်းတောင်. . "

အပြင်က လူခေါ်ခေါင်းလောင်းသံကြောင့် ကျွန်တော့်အတွေးပျက်ပြီး တံခါးထဖွင့်ပေးလိုက်တော့ ကိုကြီး ပုဆိုးခြုံနဲ့ ဝင်လာပြီး တံခါးကို ကပျာကသီ ပိတ်လိုက်တယ်။

ပြီးမှ ပုဆိုးခြုံဖြေပြီး အသက်ကို အားပါးတရ ရှူသွင်းပစ်ရင်း လက်ထဲက ကျွတ်ကျွတ်အိတ်ကို ကျွန်တော့်လက်ထဲ ပစ်ပေးလိုက်တယ်။ ကျွန်တော်ကြည့်လိုက်တော့ နှာခေါင်းစည်းတွေ တစ်ထပ်ကြီးပဲ. . . ။







## အခန်း (၂)

"ဟဲ့! . . . မိမုန်း"

"ရှင်. . အမေ"

"နင်မပြီးသေးဘူးလား ခုချိန်ထိ"

"ပြီးပါပြီ အမေရဲ့. . ပြီးပြီ. . ပြီးပြီ. . "

ပြီးပြီဆိုပြီး ထိုင်ရာက ထလိုက်တဲ့အသံ. . ကြားရပေမယ့် အခန်းအပြင် ရောက်မလာသေးလို့ ဒေါ်လှသီ စိတ်မရှည်နိုင်တော့ဘဲ ထီး,ချိုင်းကြားညှပ်ကာ အိမ်ပေါ်က ဆင်းသွားပါတော့တယ်။

www.burmeseclassic.com



ဒီမနက် ရပ်ကွက်ထဲက ဦးဘတူအိမ်မှာ ဝါဆိုသင်္ကန်းကပ် အလှူရှိလို့ ဖိတ်ထားတဲ့အတွက် သွားအမိန့်ယောက် သွားကြဖို့ပါ။ မနက်ခြောက်နာရီထဲက မိမုန်း ရေချိုးအလှပြင်နေတာ ခုနစ်နာရီခွဲတဲ့အထိ မှန်တင်ခုံနားက မထနိုင်သေးလို့. . ဒေါ်လှသီ ပေါက်ကွဲနေတာပါ။

“ငါ အဲ့ဒါကြောင့် မိန်းကလေး မလိုချင်တာ၊ တကယ်တည်းတော်. . .”

“ဘာတွေဖြစ်နေတာတုန်း မလှသီရဲ့. . တစ်ယောက်တည်း”

“အိမ်က မိမုန်းလေ. . စိတ်ကိုမရှည်နိုင်ဘူး၊ ရှင်ကဘယ်လဲ”

“တို့ကိုဘတူတို့ အလှူလေ”

“လာ. . . သွားစို့”

ဆိုတော့ကာ လမ်းတစ်ဝက်ကဖြတ်ပြီး နှုတ်ဆက်တဲ့ ကိုကံလှနဲ့ ဒေါ်လှသီတို့ အတွဲရပြီး ကိုဘတူအိမ်ဖက် ဆက်လျှောက်ကြတယ်။ ကိုကံလှဆိုတာက ဒေါ်လှသီရဲ့ခင်ပွန်းသည်နဲ့ လုပ်ဖော်ကိုင်ဖက် အရင်းနှီးဆုံးမိတ်ဆွေတွေလေ။ ခင်ပွန်းသည် ကိုဖိုးပိန် ရှိစဉ်ကတည်းက ဝင်ထွက်သွားလာနေကြ၊ ခင်မင်နေကြပြီး အိမ်နီးချင်းတွေလဲဖြစ်တော့ ကိုဖိုးပိန်မရှိလည်း အခင်မပျက် အသွားအလာ မပျက်ခဲ့ကြဘူးပေါ့။

“ရှင့်တူမကို ကျုပ် ကြည့်လို့ကိုမရဘူး”

“ဟာ. . မလှသီက ကိုယ့်မှာ ဒါလေးတစ်ယောက်ပဲ ကျန်တော့တဲ့ဥစ္စာ”

“အို. . . ကျုပ်က မိန်းမဆို ကြည့်လို့ကိုမရတာ၊ သီလရှင်တောင် ဆွမ်းမလောင်းဘူး. . ကုန်ရော”





“ခင်ဗျား အဲ့ဒါမှားတာပေါ့ဗျာ”

“မှားချင်မှားပါစေတော့. . ကြည့်လို့ကိုမရတာ၊ မရတာလဲ မရိုသေစကား. . ကိုဖိုးပိန် ရှင့်မှာသားသုံးယောက် မွေးပြီးပြီ၊ တော်ပြီ ထပ်မမွေးတော့ဘူးဆိုတာကို မရဘူး မွေးဦးဆိုတာကြီးပဲ၊ ကျုပ်မှာ ကိုယ်ဝန်ရလာရင် မိန်းကလေးမွေးလာမှာစိုးလို့ ကျားစီးနတ်ကို ပူဇော်ရ၊ ရုက္ခစိုးနတ်ဆီ ပူဇော်ရ၊ သားဆုတောင်းရနဲ့၊ စားတာတောင် သောက်တာတောင် အသားနဲ့အသီးပဲ စားတယ်၊ သရက်သီးဆိုရင်တောင် ရင်ကွဲသီး မစားရဲဘူး၊ မိန်းကလေး မွေးမှာစိုးလို့. . .”

ကိုကံလှ ရယ်တယ်။ ငုံထားတဲ့ကွမ်းတံတွေးကို ပစ်ခနဲ လှည့်ထွေးပြီး ပါးစပ်ဟပြီးတော့တောင် ရယ်တယ်။ ဒါကို ဒေါ်လှသီက မျက်စောင်းလှည့်ထိုးပြီး. . .

“မရယ်နဲ့. . . တော်လည်း အမတွေချည်း မွေးထားတာ စိတ်မညစ်ဘူးလား”

“ညစ်စရာလား. . . အိမ်မှာ သမီးမိန်းကလေးရှိတာ လျှော်ရေးဖွပ်ရေး ချက်ရေးပြုတ်ရေး အားကိုးရတယ်၊ အိမ်သန့်ရှင်းတယ်၊ မအေ သက်သာတာပေါ့”

“ဖွီး. . . ကျုပ်အိမ်က မိမုန်းလား လုပ်မှာ၊ သူ့ကိုယ်သူသာ မှန်နဲ့သာ ခြယ်သနေတာ၊ အိမ်ထဲ လောက်တက်ရင်တောင် လှည့်ကြည့်မှာ မဟုတ်ဘူး”

“နင်တို့လင်မယား အလိုလိုက်ထားတာလေ”

“အဲ့ဒါ ကျုပ်မဟုတ်ဘူး၊ တော့လူ. . သွားလေသူကြီးလေ၊ သမီးလေး မွေးတယ်ဆိုတဲ့အသံ ကြားတာနဲ့ ဇည့်ခန်းထဲ ကျွမ်းနှစ်ပတ်ထိုးပြီး လူဖြစ်ရကျိုးနပ်ပြီကွလို့အော်တာ ရှင့်လူကြီး ကိုဖိုးပိန်၊

www.burmeseclassic.com



ရှင်သိရဲ့လား. . ၊ ကျုပ်ကတော့ မိန်းကလေးမွေးတဲ့အသံ ကြားတာနဲ့ မီးတွင်းထဲ သွေးတက်ပြီးတော့တောင် သေသွားချင်တယ်”

“တော်ပါ မလှသီရာ၊ နင် ဒီလောက်မုန်းနေတာ နို့တိုက်နေရင်း လည်ပင်းညှစ်သတ်လိုက်ပစ်ပါလား၊ ဘာလို့ ဒီအရွယ်အထိ မွေးလာရလဲ”

“ကျုပ်က လူမို့လို့ပါတော်၊ တိရစ္ဆာန်ဆို စားတောင်စားပစ်သေး. . .”

“ဒါဆိုလဲ ပြောမနေနဲ့၊ မိခင်တစ်ယောက်အနေနဲ့ လုပ်သင့်လုပ်ထိုက်တာ လုပ်ပေးလိုက်၊ မိန်းကလေးဆိုတာ အလှအပ မက်မောတဲ့အမျိုးပဲ၊ ငါ့သမီးတွေလဲ မက်တယ်၊ ဒါပေမယ့် မိဘက ထိန်းကျောင်းပဲ့ပြင်ပေးရတယ်ဟ၊ နင်တို့မှာက လင်လုပ်တဲ့လူက ချစ်လို့အလိုလိုက် အကြိုက်ဆောင်ပေးတယ်၊ မယားလုပ်တဲ့သူက အမြင်ကတ် ကြည့်မရလို့ ရှောင်ဖယ်ဖယ်နေတယ်၊ အဲ့ဒါ မိမုန်းမှာ အပြစ်မရှိဘူး. . နင်တို့လင်မယားအပြစ်၊ မူရင်းကောင်းမှ မိတ္တူကောင်းမှာ ဟဲ့. . .”

“ကောင်းတယ်လေ၊ ကျုပ်သားတွေ ဘယ်လောက်ကောင်းလဲ၊ အားလုံးအိမ်ထောင်ကျနေပေမယ့် မိဘကို လစဉ်ထောက်ပံ့တယ်၊ သူတို့အိမ်ထောင်ရေးကိုလည်း ပြည့်စုံအောင်ထားတယ်၊ အဲ့ဒါ မူရင်းကောင်းလို့ မိတ္တူကောင်းတာပေါ့တော့”

“ဒါဖြင့် နင့်သမီး မိမုန်းကရော”

“အဲ့ဒါ တစ်မိပေါက် တစ်ယောက်ထွန်းတာ”

ဦးကံလှ ဒီတစ်ခါတော့ မရယ်နိုင်ဘဲ ခေါင်းကုတ်တယ်။

ဒေါ်လှသီကလည်း ရွှေဘိုသူမှာမှ ချီပါဇာတိဆိုတော့ သူ





နိုင်အောင် ပြောဖို့က ခက်ကပြီမဟုတ်လား။

လှမ်းကြည့်လိုက်တော့ ဦးဘတူအိမ်နဲ့လည်း နီးလာတာကြောင့် စကားဖြတ်လိုက်တယ်။

“အေးဟာ နင်ဒီလောက်စိတ်ညစ်နေရင်လည်း ယောက်ျားသာ ပေးစားလိုက်တော့”

“အမလေး. . . ကျုပ်ကလည်း အသင့်ပါပဲနော်”

၅ ၅ ၂ ၅

www.burmeseclassic.com



ကိုကြီး ကိုရီးယားမှာ အလုပ်သွားလုပ်တုန်းက ပို့လိုက်တဲ့ အထည်တွေ ကြမ်းပြင်ပေါ် ပုံသာပုံသွားတယ်၊ သူမ စိတ်ကြိုက်ဖြစ် မလာလို့ ဟိုးတလောကမှ ကိုလတ်. . မလေးကအပြန် လက်ဆောင် ပါလာတဲ့အထည်တွေ ယူဝတ်တယ်။

ပြီးတော့. . ကိုယ်လုံးပေါ် မှန်ရှေ့မှာ ဟန်အမျိုးမျိုးနဲ့ လှည့် ပတ်ကြည့်လိုက်တယ်။ ပုံတော့ကြိုက်ပါရဲ့ အရောင်တွေက တောက် လွန်းလို့ စိတ်တိုင်းမကျနိုင်ဘဲ ပြန်ချွတ်တယ်။

နောက်ဆုံးတော့ ကိုငယ် စင်္ကာပူမှာ အလုပ်သွားမလုပ်ခင် က ဝယ်ပေးတဲ့ ဝင်းသူဇာ ချည်ထည်ဝမ်းဆက်ကိုပဲ ပြန်ကောက်ဖြစ် တယ်လေ။ မှန်ထဲမှာ ကြည့်လိုက်တော့ အတော့်ကို ကျေနပ်သွားမိ တယ်။

ကဲ. . . မိမုန်းကို အကျည်းတန်မလို့ ဘယ်သူပြောနိုင်သေး လဲ၊ ညိုရည်တဲ့ အသားရောင်ပေါ်မှာ စိမ်းဖျော့တဲ့ ပွင့်ရိုက်ချည်ထည်





ဝမ်းဆက်တင်လိုက်မှ တောက်ပတဲ့ လှသွေးလေးတွေ ကြွရွှပြီးတော့ ဖောင်းတက်လာတာ. . . အဟုတ်ဟုတ်. . ။

ဟင်း. . ကိုကျော်ဇေယျရယ်၊ ရှင် ကျွန်မကိုမြင်ရင် ပါးစပ် ကလေးဟပြီး အသက်ရှူဖို့တောင် မေ့သွားမယ်။ ဒါ မိမုန်းမှ ဟုတ်ရဲ့ လားလို့ မမေးနဲ့အမေး လောင်းတောင်လောင်းလိုက်ချင်သေး. . ။

မိမုန်းတစ်ယောက် စိတ်ကြိုက်ပြင်ဆင်မှုကိစ္စ အလုံးစုံပြီး သွားပြီမို့ ကိုယ့်အခန်းထဲကနေ ဖိနပ်စင်ရှိရာကို ကြွကြွရွရွ လှမ်းထွက် လိုက်တယ်။

မချမ်းသာပေမယ့် အစ်ကိုသုံးယောက်ရဲ့ကောင်းမှုနဲ့ အရံ နှစ်ဆယ်လောက်ရှိတဲ့ ဖိနပ်တွေထဲမှာလည်း ဒီဝတ်စုံနဲ့လိုက်ဖက်တဲ့ ဖိနပ်ကို ရွေးရအုံးမယ်. . မဟုတ်လား။

အမေကတော့ ထုံးစံအတိုင်း စိတ်မရှည်လို့ သွားနှင့်ပေမယ့် မိမုန်းကတော့ စိတ်ရှည်လက်ရှည်ပါပဲ။ တီဗွီထဲမှာ ကြည့်ကြည့်နေရ တဲ့ အနုပညာရှင်တစ်ယောက်ရဲ့တစ်နေ့တာမှာ မင်းသမီးမင်းသား တွေရဲ့ အဝတ်အစားရွေးချယ်တာ၊ ရှော့ပင်ထွက်တာတို့ကို အားကျ နေရတာ. . . ။

သူတို့လို လုပ်ချင်ကိုင်ချင်ပေမယ့် ကိုယ်က သူတို့မဟုတ် တော့ ကိုယ့်ဘဝနဲ့ကိုယ် လုပ်ခွင့်သာတဲ့နေ့မျိုးမှာ တီဗွီထဲ မြင်ထားတဲ့ အတိုင်း စိတ်ကူးယဉ်ပြီး လုပ်ရတာဆိုတော့. . ပျော်တယ်လေ။

အပေါ်မှာ အစိမ်းရောင်ဝမ်းဆက်နဲ့မို့လို့ မိမုန်းရဲ့ဖိနပ် ရွေး ချယ်မှုက မန္တလေးရွှေကတ္တီပါ အစိမ်းရောင်လေးပဲ မျက်စိကျသွား တယ်။

"ကဲ. . . ကိုကျော်ဇေယျ၊ ဒီနေ့ ရှင်တို့အိမ်ရဲ့အလှူမှာ မိမုန်း

www.burmeseclassic.com



က အလှဆုံးမင်းသမီးလေး၊ အဲ့ . အဲ့ . မြစိမ်းရောင်မင်းသမီးလေးဆိုတာ ရှင့်ရင်ထဲ မှတ်မှတ်သားသားကို ဖြစ်သွားစေရမယ်၊ ကျွန်မလာပြီ. . ."





## အခန်း (၃)

**လှမ်း**ကြည့်လိုက်တော့ ဦးကံလှဘေးမှာ ဒေါ်လှသီတစ်ယောက်တည်း မုန့်ထိုင်စားနေတာကိုမြင်မှပဲ ကျော်ဇေယျသက်ပြင်းချမိတယ်။ တော်ပါသေးရဲ့. . . မိမုန်းပါမလာလို့။ ဒီနေ့ကကုမ္ပဏီက သူငယ်ချင်းဝန်ထမ်းတွေလဲ ဖိတ်ထားတော့ မိမုန်းသာပါလာရင် ခက်မယ်။

ခက်မယ်ဆိုတာက ဒီလိုပါ။ သူဖိတ်ထားတဲ့ ကုမ္ပဏီဝန်ထမ်းတွေထဲမှာ သူကိုယ်တိုင်ကလည်း စိတ်ဝင်စားနေပြီး လက်ရှိအခြေ

www.burmeseclassic.com



အနေအရ ဘာလိုလိုအဆင့်အထိတောင်ရောက်နေတဲ့ ရုံးက လက်ထောက်အရာရှိ ခင်မြတ်မူလည်း ပါလာမယ်လေ။ ရှယ်မှ တကယ့်အလန်းစား။ ကုမ္ပဏီရှယ်ယာ တတိယအများဆုံးပိုင်တဲ့ သူဌေးသမီး၊ ရုံးမှာ ပြိုင်ဖက်အယောက်နှစ်ဆယ်လောက်ကို ကျော်ဖြတ်ပြီးမှ နီးစပ်ခွင့် ရထားတာလေးမို့လို့ သူ့အတွက် ဘယ်လိုမှ အစွန်းအထင်းခံလို့ မဖြစ်ဘူးမဟုတ်လား။

ပြဿနာက မိမုန်း၊ ငယ်ငယ်ကတည်းက ကစားဖော် ကစားဖက်လည်းဖြစ်. . ကျောင်းတက်ကျတော့လည်း အတူတူ၊ တစ်လမ်းတည်းသားချင်းရော မိဘနှစ်ပါး ရင်းနှီးကြလို့ မိမုန်းနဲ့သူ့ကြားမှာ အတားအဆီးကို မရှိတာ။

ပိုဆိုးတာက မိမုန်းက သူ့ထက်ငါးနှစ်လောက် ငယ်တာပါ။ မိမုန်းအစ်ကိုလတ် အောင်ထွန်းလင်းမှ သူနဲ့ အသက်တူရွယ်တူ အတန်းတူ၊ အောင်ထွန်းနဲ့ကလည်း သူငယ်ချင်းဆိုတော့ကာ ကစားကြမယ်ဆို မိမုန်းက အောင်ထွန်းကျောပေါ်က၊ အငယ်ဆုံးမို့လို့ ထမင်းချိုး ဟင်းချိုးထားပြီး ကစားလည်း အောင်ထွန်းညောင်းရင် ကိုယ်တလှည့် ကျောပိုးကစားကြတော့ အဲ့ဒီအရွယ်ကတည်းက မိမုန်း သူ့ကိုအားကိုးတွယ်တာနေပြီးသား. . .။

သူကလည်း တစ်ဦးတည်းသောသားမို့လို့ မွေးချင်းမောင်နှမအဖော်မရှိတော့ မိမုန်းလေးကို ချစ်တယ်ပဲ ပြောရမှာပဲ၊ တကယ်လည်း ချစ်တယ်လေ၊ မိမုန်းငယ်ငယ်က ဘဲရုပ်ဆိုးမလေးလိုပဲ မျက်လုံးပြူးပြူး. . ပါးစပ်ပြဲပြဲ. . နှာခေါင်းပိပိနဲ့ ညိုတုတ်တုတ်လေးမို့ ချစ်စရာပါ။ အဖေတို့အမေတို့ကလည်း ချစ်ကြတယ်။ သူဆိုရင် ကျောင်းကပြန်လာတိုင်း မိမုန်းလေးအတွက် မုန့်တစ်ခုခုတော့ပါတယ်။



မိမုန်း ကျောင်းနေစ အရွယ်တုန်းကလည်း သူပဲ ကျောင်းရောက်အောင် ကုန်းပိုးခေါ်ခဲ့တာ၊ အဲ့ဒီတုန်းက အောင်ထွန်း မေးဖူးတယ်။ ငါ့ညီမကြီးလာရင် မင်းနဲ့ ပေးစားမယ် ယူမလားဆိုတော့. . ယူမယ်ပေ့ါ၊ ချစ်တယ်လေ။

ငါးတန်းကျောင်းသားအရွယ်မို့လို့ ဘာတွေညာတွေ သိပ်စဉ်းစားမနေဘူး၊ ဒီကလေးမလေးကို အရုပ်တစ်ရုပ်လို ချစ်တာလား၊ နှမတစ်ယောက်လို ချစ်တာလား၊ လူကြီးတွေ ချစ်သလိုချစ်တာလား၊ ဘာမှမသိသေးတဲ့အရွယ်၊ ဘာမှမသေချာဘဲ ချစ်လို့ချစ်တယ်ပြောပြီး ခေါင်းညိတ်ပစ်တာလဲ၊ မိမုန်းကလဲ သူမှသူ. . .။

တစ်ခါတစ်လေများ ယိုးဒယား သကြားလုံးလှလှလေးတွေ ဝယ်လာပြီး သူ့အစ်ကိုတွေကို တစ်ယောက်မှမကျွေးဘဲ သူ့ကို ခိုးကျွေးတာ အံ့ရော. . ။ အဲ့ဒီလို ငယ်ဘဝသံယောဇဉ်တွေနဲ့ ရင်းနှီးကြကြီးပြင်းလာကြပြီး အရွယ်နဲ့ယှဉ်တဲ့ အသိတရားတွေ ရလာတော့မှ ရောဂါတွေ တက်လာကြတော့တာ. . ။

မိမုန်းက သူ့ကိုကြိုက်နေတယ်တဲ့၊ အဲ့ဒါ မိမုန်းက ဖွင့်ပြောတာ မဟုတ်ဘူး၊ သူ့ကို အောင်ထွန်းက ပြောသွားတာ၊ မှတ်မှတ်ရရ အောင်ထွန်း သူ့မင်္ဂလာဖိတ်စာလာပို့ရင်း မင်းရော ဘယ်တော့မိန်းမယူမလဲလို့ မေးတယ်၊ သူကလည်း ရည်းစားတောင် မရှိသေးတော့ နိုး. . ပေ့ါ. . ။

အဲ့ဒီမှာ အောင်ထွန်းက ငါ့ညီမမိမုန်းကတော့ မင်းကိုယူမယ်တဲ့ကွ။ အဲ့ဒီတော့ မင်းတို့ဘာသာ အဆင်ပြေအောင် ကြည့်စီစဉ်ကြတဲ့။ သူလည်း အဲ့ဒီနေ့ကစပြီး မိမုန်းကို အတော်သတိကြီးကြီးထားပြီး ရှောင်တော့တယ်၊ သူ မကြိုက်ဘူးလေ။

www.burmeseclassic.com



ဒီကလေးမကို ငယ်ဘဝသံယောဇဉ်နဲ့ ချစ်တာတော့ မှန်တယ်၊ ဒါပေမယ့် တစ်ခါဖူးမှ သမီးရည်းစားအဖြစ် စိတ်မကူးမိလေတော့ သူ လန့်ကိုလန့်သွားတယ်။ ငယ်ငယ်တုန်းက ဘဲရုပ်ဆိုးမလေး၊ အခုက ဘဲရုပ်ဆိုးမကြီး ဖြစ်နေပြီ။ ဂွါ. . . ဂွါ. . လို့ မအော်တာဘဲ ရှိတယ်။

မျက်လုံးက ပြူးတုန်း၊ နှာခေါင်းကလည်း ပိတုန်း၊ ပါးစပ်ကလဲ ပြဲတုန်းပဲ၊ အသားကလည်း မဲတုန်းပဲ။ ငယ်ငယ်တုန်းကနေ ခုချိန်ထိ ရုပ်ရောစိတ်ပါ ဘာတစ်ခုမှ ပြောင်းလဲမလာဘဲ သစ္စာမေတ္တာတရားကြီးကြီးနဲ့ သူ့မှသူ တွယ်ကပ်နေတော့မို့လို့ အမှန်အတိုင်း ဝန်ခံရရင်. . သူ မိမုန်းကို ဘာကြောက်လို့ကြောက်မှန်း မသိဘဲနဲ့ကို ကြောက်နေတော့တာ။

ကြောက်တာလဲမပြောနဲ့။ မိမုန်းက သူ့ကိုမြင်တာနဲ့ ဖက်ချင်ဖက် နမ်းချင်နမ်းပစ်တာ၊ ကလေးတုန်းကတော့ ပြဿနာမရှိဘူး၊ အဲ့ဒီတုန်းက မိမုန်း သူ့ကိုဖက်နမ်းရင် စိတ်ထဲကြည်နူးသလိုလိုတောင်ရှိတာ၊ အခုက မိမုန်းအသက်ပဲ ဆယ့်ရှစ်နှစ်ပြည့်ပြီးနေပြီ၊ သူဆို နှစ်ဆယ့်သုံး ကျော်ပြီ. . ။

ဒီအရွယ်နဲ့ဒီအရွယ်ကြီး ဖက်လားနမ်းလားဆိုတော့ အဖေတို့က. . ဟီးဟီးဟားဟားလို့ ရယ်နိုင်ပေမယ့် သူ မရယ်နိုင်ဘူး။ ပူးပူးဝါးဝါးဖြစ်ပြီး အော်လွှတ်လဲ မိမုန်း အပြုံးမပျက်ဘူး။

အဖေတို့အမေတို့ ရယ်နိုင်တယ်ဆိုတာက မိမုန်းကို သူတို့သမီးလိုကို ချစ်ကြတာ။ သမီးမိန်းကလေး လိုချင်လို့ ဘယ်လိုပဲ ကြိုးစားကြိုးစား ကံတရားက မျက်နှာသာမပေးတော့ ဒီသားလေးတစ်ယောက်နဲ့ဘဲ တင်းတိမ်ရင်း မိမုန်းလေးနဲ့ ရောင့်ရဲကြတဲ့သူတွေဆို



တော့ အိမ်မှာ မိမုန်းဘာလုပ်လုပ် အိုကေပဲ။

သူကတော့ မရဘူး၊ ဒီလိုနဲ့ပဲ ညားကြလေသတည်းဆိုတာမျိုးတော့ အဖြစ်ကို မခံနိုင်ဘူး။ အခု ကုမ္ပဏီမှာ အလုပ်ဝင်တော့မှ မြင်မြင်သမျှမိန်းမတွေ မိမုန်းထက် အသာတွေကြီးပဲ၊ ဇနီးမယားဖြစ်တဲ့အခါ ပွဲတက်လို့မှ မတင့်တယ်တဲ့ရုပ်ရည်နဲ့ မိမုန်းကို သူဘယ်လိုမှ စိတ်ကူးမယဉ်ရဲတာကြောင့် တတ်နိုင်သမျှ ဝေးဝေးရှောင်တယ်။

ကုမ္ပဏီရုံးမှာပဲ ညအိပ်တယ်၊ တစ်ပတ်တစ်ရက် တစ်ယနှစ်ရက်လောက်ပဲ အိမ်ပြန်တယ်၊ ပြန်ရင်လည်း ညဉ့်နက်မှပြန်ပြီး မနက်အစောကြီး ပြန်ထွက်ပဲ၊ အခုကတော့ အလှူကိစ္စရှိနေလို့ စီစဉ်ရကူညီရနဲ့ နှစ်ရက်လောက် ကြိုပြီးပြန်ရောက်နေတာပါ။ ဒီနှစ်ရက်အတွင်းမှာတောင် မိမုန်းလက်ကလွတ်အောင် မနည်းရှောင်နေရတာပါ။

ဒီနေ့မနက်တော့ အလှူရက်လဲဖြစ်၊ ဧည့်စုံလူစုံရှေ့ မိမုန်းနဲ့သာတွေ့ရရင် ဆိုတဲ့အတွေးက တစ္ဆေတစ်ကောင်လို ခြောက်လှန့်နေခဲ့တာ။ အခု ဒေါ်လှသီတစ်ယောက်တည်း တွေ့ပြီး မိမုန်းကို မတွေ့ရမှဘဲ ရင်အေးရပါတော့တယ်။

အဖေနဲ့အမေ ဒေါ်လှသီတို့ဝိုင်းမှာ ဧည့်ခံရင်း. . စကားကောင်းနေတုန်း ရှေ့ကို အိမ်ပေါ်အပြေးတက်လာပြီး. . .

"ကျော်ဖေယျရေ ကားနှစ်စီးဝင်လာပြီကွ၊ မင်းရဲ့ အိပ်မက်မေနဲ့ ရုံးအဖွဲ့ပဲ ဖြစ်ရမယ်"

အူတူတူဖြစ်နေတဲ့ သူ့စိတ်တွေ ဒုန်းခနဲ ဆောင့်တက်ပြီး. . တစ်ကိုယ်လုံး နွေးပူလာတယ်။

"အေး. . ဝါဆင်းကြည့်လိုက်မယ်၊ မင်း နှစ်ဝိုင်းစာလောက်

www.burmeseclassic.com



အဆင်သင့် လုပ်ထားပေး"

"အေးအေး. . . စိတ်ချ"

ရွှေကို့ကို မှာပြီးတာနဲ့ ကျော်ဇေယျ သူ့ကိုယ်သူ တစ်ချက် ပြန်ငုံ့ကြည့်ပြီး ပုဆိုးနဲ့အကျီကို ဟိုတွန့်ဒီဆွဲ နည်းနည်းပြင်ဆင်ပြီး အိမ်ရှေ့ဖက် ထွက်လာခဲ့လိုက်တယ်။

သူ ခြံအဝင်အဝကို လှမ်းအထွက်၊ ခြံရှေ့အဝင်အဝမှ ခါး လေးထောက်ပြီး ချိချိကြွကြွ မော်ဟာဟ မျက်နှာပေးလေးနဲ့ ရပ်ပြီးပြုံး လိုက်တဲ့ မိမုန်းကို တွေ့လိုက်ရပါတော့တယ်။

"ဗုဒ္ဓေါ!. . . မြတ်စွာဘုရား"

"အိုပ့်. . . ဒီမှာကြည့်ပါအုံး၊ မိမုန်းမလှဘူးလား"

"ဟမ်း. . . လှ. . လှပါတယ်၊ နင်. . နင်. . အပေါ်တက် လေ၊ အ. . အဒေါ်ရောက်နေတာတောင် ကြာနေပြီ"

"အို. . . ဖြည်းဖြည်းပေါ့. . အဟင်းဟင်း"

ပြောပြောဆိုဆို မိမုန်း ရွှရွှလေး တိုးကပ်လာပြီး. . အသေ ကောင်လို တောင့်နေတဲ့ သူ့ဘေးနားမှာ ဝင်ရပ်ကာ လက်မောင်းကို ဆွဲခိုလိုက်တယ်။ အဲ့ဒီအချိန်မှာပဲ ကုမ္ပဏီက ရုံးအဖွဲ့ညှိသည်ကား နှစ်စီး ငြိမ့်ခနဲငြိမ့်ခနဲ ရောက်ရှိရပ်တန့်ပါတော့တယ်။

(သေပြီ. . . သေပြီ. . . ငါ့နှယ်ကွာ. . .)

၅. ၅. ၅. ၅.





"မိမုန်း. . လွှတ်ဟာ၊ ဟိုမှာ ဧည့်သည်တွေလာနေပြီ"

"အို. . လာတော့ အတူတူ ကြိုလိုက်ရုံပေါ့. . . ဘာဖြစ်လဲ"

"ခက်လိုက်တာနော်. . . ငါ့နှယ်"

ကျော်ဇေယျ ရှုန်းရင်းဖယ်ရင်း စိုးရိမ်မကင်းတဲ့မျက်လုံးတွေ နဲ့ လှမ်းအကြည့် ကားထဲကထွက်လာတဲ့ ခင်မြတ်မူရဲ့အံ့သြမှင်သက် မိတဲ့မျက်ဝန်းတွေနဲ့ တန်းခနဲကို ဆုံတော့တယ်။

(ဒုက္ခတော့ ရောက်ပြီနဲ့တူတယ်. . .)

အဲ့ဒီအခိုက်မှာ. . ရှေ့ကားက ထွက်လာကြတဲ့ ခင်မောင်တိုး ခိုင်လေးတို့လည်း သူ့ကိုလက်ပြနှုတ်ဆက်ရင်း. . လျှောက်လာကြ တယ်။ အနားရောက်တော့ ခိုင်လေးက သူနဲ့မိမုန်းကို တစ်လှည့်စီ ကြည့်ပြီး. . .

"သူက ဘယ်သူလဲ ကျော်ဇေယျ"

ဒီမေးခွန်းကို သူ အတော်သဘောကျသွားတယ်၊ ခိုင်လေး

www.burmeseclassic.com



နောက်မှာ ခင်မြတ်မူလည်းရှိနေတော့ အသံနည်းနည်းမြင့်ပြီး. . .

“ဒါ. . ငါ့ညီမလေး. . ဟဲဟဲဟဲ၊ အလှူရှိလို့ အိမ်ကိုရောက်နေတာ”

“ဟင်. . . မင်းပြောတော့ တစ်ဦးတည်းသောသားဆို”

“ဟုတ်တယ်. . . ဒါ ဝမ်းကွဲညီမ”

ဆိုတော့ကာ မိမုန်းက မျက်နှာထိမျက်နှာထားနဲ့. . .

“ကိုကျော်ဇေယျနော်. . ဘာဝမ်းကွဲညီမလဲ၊ အလကား. . သူညာနေတာ၊ ကျွန်မက ကိုကျော်ဇေယျရဲ့တစ်ဦးတည်းသော ဇနီးလောင်းရှင့်. . သိကြရဲ့လား”

“ဟာ!. . .”

“ဟမ်!. . . ဒါ. . . ဒါကြီးနဲ့”

ခိုင်လေးတို့အုပ်စု မအောင့်အည်းနိုင်ဘဲ သံစုံထွက်လာလို့ မိမုန်း ကြားပြီး. . .

“ဘာပြောတယ်. . ဘာဖြစ်တယ်ရှင့်. . ဘာကြီးနဲ့”

အသံရော နှုတ်ခမ်းပါ ထော်လန်ပြီး ထွက်လာတဲ့မိမုန်းကို ကြည့်ပြီး ခိုင်လေးတို့ ကြောင်အနေတုန်း ခင်မောင် စောင်းငန်းစောင်းငန်းနဲ့ ရှေ့တိုးလာပြီး ခိုင်လေးကို မေးတယ်။ ခင်မောင်က နားလေးတော့ သူကြားနေတာနဲ့ မြင်တာက မရှင်းလင်းဘူးလေ။

ဒါကြောင့်. . .

“ဘာကြီးက ဘာဖြစ်တယ်ကွ ခိုင်လေး”

“ဘာကြီးနဲ့ ဘာမှမဖြစ်ဘူး၊ သူ့တူမနဲ့ ဖြစ်နေတာ”

ခိုင်လေး တမင်ရွဲ့ပြီး ပြောတာပါပဲ။ ဒါပေမယ့် ခင်မောင်က မျက်လုံးနဲ့နားကို တစ်ဖက်စီ စောင်းထားရင်း. . .





“အင်း. . . ဟုတ်ပြီ၊ သူ့တူမဆိုတာက ဘယ်သူလဲ”

“အရေးထဲကွာ. . . ဟိုမှာ မင်းဂျီးဒေါ်”

ခိုင်လေးက မိမုန်းကို မေးငေါ့ပြီးပြောလို့ မိမုန်း နှုတ်သီးပြင်နေတုန်း ကျော်ဇေယျက. . .

“ကဲ. . ကဲ. . အဲ့ဒီကိစ္စ နောက်မှရှင်း၊ လောလောဆယ် အပေါ်တက်ကြဦးကွာ၊ အေးအေးဆေးဆေးနားပြီး စားကြဦး”

“အဲ့သလို လုပ်ပါကွာ၊ ဂျီးဒေါ်တွေ တူမတွေ ဝင်ရှုပ်နေတာနဲ့ ဒီမှာ အူလိမ်နေပြီ၊ ငါ ဒီမနက် မင်းအိမ်မှာ အပီကြိတ်မယ်ဆိုပြီး ညကတည်းက အစာအိမ်ကို တံမြက်စည်း လှည်းထားတာ. . . အဟတ်ဟတ်. .”

“သိတယ်. . တစ်ပိဿာခင်မောင် ပါမယ်ဆိုတာ ကြိုတွက်ပြီးတော့ကို ချက်ထားတာ၊ ကဲ. . မိမုန်း ငါ့ဧည့်သည်တွေကို ခေါ်လေကွာ. . . လာကြ”

အမှန်တော့ ခိုင်လေးတို့ကို မိမုန်းနဲ့ ရောလွှတ်ပြီး ခင်မြတ်မူကို ဖြေရှင်းချက်ပေးဖို့ ချောင်းတာပါ။

ဒါပေမယ့်. . .

“မိမုန်းတဲ့လား. . . နာမည်လေးက ချစ်စရာကောင်းလိုက်တာ”

“အဟင်းဟင်း. . . အပြည့်အစုံက ခင်တစ်သက်မမုန်းတဲ့၊ အဲ့ဒါကို ချစ်စနိုးနဲ့ မိမုန်းလို့ ခေါ်ကြတာလေ”

“ဟုတ်လား. . . အပျံစားနာမည်လေးပဲနော်”

“လာ. . မမ၊ ကဲ. . ဒီကအစ်ကိုတို့လည်း အိမ်ထဲကို ကြွပါရှင့်”

www.burmeseclassic.com



အဲ့ဒီနောက်တော့ မိမုန်းက ခင်မြတ်မူရဲ့လက်ကိုဆွဲပြီး ရှေ့ကဝင်နှင့်လို့ ခင်မောင်တို့ နောက်ကနေ လိုက်ကြတယ်။ ခိုင်လေးပဲ နောက်ကျန်နေပြီး ကျော်ဇေယျကို တီးတိုးကပ်မေးတယ်။

"တကယ်ပဲ မင်းနဲ့လား ကျော်ဇေယျ"

"ဘယ်ကလာကွာ. . . ငါက ဒီပုံကြီးနဲ့ ဖြစ်နိုင်လား၊ မင်းပဲ စဉ်းစားပါဦး"

"ဟော့. . . သူက အပိုင်ကို ပြောနေတာလေကွာ"

"ရှင်းပြရရင် အရှည်ကြီးပဲ၊ သေချာတာတော့ သူ့ဘက်ကပဲ ဖိတ်စာရိုက်နေတာ၊ ငါ့ဘက်က ဘုန်းကြီးဝတ်ဖို့ အဆင်သင့်ပဲ"

"ဟမ်း. . . ဒါဆို ခင်မြတ်မူကို ပွဲသကူပစ်လိုက်တော့မယ် ပေါ့"

"ပစ်မလားကွ. . စကားအဖြစ်ပြောတာ၊ ကဲ. . လာကွာ အထဲဝင်မယ်၊ ငါ့ရဲ့အိပ်မက်လေးကို ငါဘယ်လိုရှင်းပြရမှန်းတောင် မသိတော့ဘူး. . . စိတ်ပျက်တယ်"

"အေးလေ. . . အဆင်ပြေအောင်တော့ ကြိုးစားပေါ့ကွာ၊ ငါတို့ကတော့ ကတွတ်ပေါက်မှာ ဗျိုင်းရောက်နေသလိုပဲ၊ လွတ်တာနဲ့ တွတ်မှာ. . ."

"တွတ်ကွာ. . . အခု မိမုန်း လွတ်နေပြီ"

"တော်!. . ."





# အခန်း (၄)

"အာမေကြီး. . . ဟိုဝိုင်းက နင့်သားရှုံးက ညှော်သည်တွေ မဟုတ်လား"

ဦးဘတူစကားကြောင့် ဒေါ်ချော လှည့်ကြည့်ပြီး. . .

"ဟယ်!. . . ဟုတ်ပါရဲ့၊ သားက ဘယ်ရောက်နေလို့တုန်း၊ ကြည့်ပါဦး. . . မိမုန်းက ညှော်ခံနေလို့ပဲ"

မိမုန်းဆိုတဲ့အသံကြားလို့. . ဒေါ်လှသီလည်း ဦးကံလှကို စကားဖြတ်ပြီး လှည့်ကြည့်တယ်။

www.burmeseclassic.com



(ဗုဒ္ဓေါ . . . မယ်မင်းကြီးမ အပုံစားနဲ့ သူ့ကိုယ်သူ အလှူရှင်ကျနေတာပဲ၊ အင်းလေ . . . ကိုဘတူတို့ကလည်း သင်းကို ပစားပေးထားတာဆိုတော့ . . . )

"ကိုရွှေကိုရေ . . . ဒီဘက်ကိုလည်း ဟင်းရည်လိုက်ပါဦး"

"အဒေါ် . . . ဒီမှာ အကြော်နဲ့ဘဲဥ နည်းနေလို့ တစ်ပွဲစီလောက် . ."

"မမ . . စားနော်၊ အစ်ကိုတို့လည်းစား၊ ဘာမှအားမနာနဲ့နော်"

မိမုန်းတစ်ယောက်ထဲ ဧည့်သည်တွေကို ပျာပျာသလဲ ဧည့်ခံနေလို့ ဦးဘတူတို့လင်မယားလည်း မနေနိုင်တော့ဘဲ ဝိုင်းကနေထလာကြတယ်။

"သမီး . . . နင့်အစ်ကိုရော"

"အောက်မှာကျန်ခဲ့တယ် အဖေကြီး"

"ဟာ . . ဒီကလေးနှယ်၊ ဒါ သူ့ရုံးက ဧည့်သည်တွေ မဟုတ်လား"

"ဟုတ်တယ်"

"သွား . . သွား . . ခေါ် လာခဲ့စမ်း မိမုန်း၊ ဒီကောင်လေးနှယ်ကွာ"

"ဟုတ်"

မိမုန်း ထွက်သွားမှ ဦးဘတူတို့ ဝင်ပြီးဧည့်ခံကြတယ်။

"ဝအောင်စားကြနော် ကလေးတို့"

"ဟုတ်ကဲ့ အန်ကယ်"

ခဏကြာတော့ မိမုန်းက ကျော်ဇေယျလက်မောင်းကို ချိတ်





တွဲပြီး ဧည့်ခန်းထဲဝင်လာတယ်။ နောက်က ခိုင်လေးလည်း ပါလာပြီး မိမုန်းရဲ့ရဲတင်းပွင့်လင်းမှုကို ကြည့်မြင်ရင်း ကျော်ဇေယျအတွက် စိတ်မကောင်းဖြစ်နေပုံပါ။

"သားရေ . . . ဒီမှာ မင်းဧည့်သည်တွေလေကွယ်"

"ဟုတ် . . . သားပဲ ထွက်ကြိုခဲ့တာပါ"

"အေး . . အေး . . ဒီမှာဧည့်ခံပြီး လိုတာအကုန်လုပ်ပေး"

"မေကြီး . . သမီးလည်း ဒီမှာ ကိုကျော်ဇေယျနဲ့အတူ ဧည့်ခံပေးမယ်နော်"

"အေးပါ . . မလုပ်နဲ့ပြောလည်း လုပ်မှာပဲ မဟုတ်လား . . ညည်းသဘော . . . အဟင်းဟင်းဟင်း၊ ကလေးတို့ စားကြနော်"

"ဟုတ် . . . ဒါပါနဲ့ဆိုသုံးပွဲ အန်တီ"

"အေး . . ကောင်းတယ်၊ အစားနဲ့လူနဲ့ တည့်တယ် . . စားသာစား"

သဘောကောင်းတဲ့အလှူရှင်နဲ့ အားမနာတတ်တဲ့ ခင်မောင်တို့အုပ်စု အပေးအယူမျှပြီး အဆင်ပြေနေကြပေမယ့် ကျော်ဇေယျအတွက် ဘယ်လိုမှကို အဆင်မပြေတော့တာပါ။ မိမုန်းကလည်း သူ့ကို လွှတ်ကိုမလွှတ်တော့လို့ မသိလျှင်ဘဲ မင်္ဂလာဆွမ်းကျွေး ဧည့်ခံနေသလို ဖြစ်နေတာကြောင့် ဒီနေရာမှ ကျော်ဇေယျ အားနာနေလို့ မဖြစ်တော့ဘူးဆိုတာသိပြီး မိမုန်းကို အတွင်းခန်းဖက် ခေါ် သွင်းလာခဲ့တယ်။

"ဘာလဲဟင် ကိုကျော်ဇေယျ . . . ဘာပြောမလို့လဲ"

"နင် ကိုယ့်အိမ်ကိုယ် ပြန်မလား၊ ငါနဲ့ လွှတ်လွှတ်နေမလား ကြိုက်တာရွေး"

www.burmeseclassic.com



"ရှင်!. . ."

ကျော်ဇေယျဆီက ဒီလိုစိမ်းပြတ်တဲ့စကားမျိုး ဘယ်တုန်းကမှ မကြားဖူးလို့ မိမုန်း ချက်ချင်းကို မျက်ရည်ဝဲလာတယ်။ ကျော်ဇေယျ ဂရုစိုက်မနေဘဲ ဆက်ပြောတယ်။

"အခုလာတဲ့ညှော်သည်တွေထဲမှာ ငါ့ချစ်သူပါလာတယ်၊ နင် ဒီလို တတွဲလန်းလန်း လုပ်နေရင် ဟိုက ဘယ်လိုမြင်မလဲ၊ ပြီးတော့ ခြံဝမှာ နင်ပြောတဲ့စကားက ဘာအဓိပ္ပါယ်လဲ၊ ငါက နင့်ကို ငါ့ညီမတစ်ယောက်လိုချစ်လို့ အလိုလိုက်ထားတာ၊ သိပ်ပြီးရောင့်တက်မလာနဲ့. . ."

ပြောပြီး ကျော်ဇေယျ ခြေလှမ်းကျဲကြီးနဲ့ ထွက်လာခဲ့တယ်။ မိမုန်း လိုက်ထွက်မလာဘဲ ငိုပြီးကျန်ခဲ့တယ်။

ကိုကျော်ဇေယျ သိပ်ရက်စက်လွန်းတယ်။ စိတ်ထဲမှာ အဲ့သလောက်လေး မြည်တမ်းပေမယ့် နှလုံးသားထဲမှာတော့ သံပူချွန်နဲ့ ထိုးခံရသလို နာနေတယ်။

အဖေကြီးနဲ့ တိုင်မယ်. . . ဟုတ်တယ်။

၅ ၅ ၅ ၅





အလျှုရှင်က အလျှုအိမ်မှာ မနေခဲ့ဘဲ အလျှုခံပုဂ္ဂိုလ်တွေနဲ့ လိုက်ပါလာခဲ့တယ်။ သူ့ကိုယ်သူ လျှုပစ်လိုက်တာမျိုးတော့ မဟုတ်ပါဘူး၊ အလျှုပွဲလယ်မှာ မိမုန်းကြောင့် ကိုယ်ကျိုးနည်းရတော့မည့် အဖြစ်ကြောင့် သူ အိမ်မှာဆက်နေချင်စိတ် မရှိတော့ဘဲ ခိုင်လေးတို့နဲ့ ကုမ္ပဏီကို ပြန်လိုက်လာခဲ့တာပါ။

ကျော်ဇေယျတစ်ယောက် သုန်မှုန်ပြီး ပါလာရင်း ခင်မြတ်မူ လိုက်ပါသွားတဲ့ ရှေ့ကကားကို နှမျောတသ ဖြစ်နေသလို မျက်လုံးမျိုးနဲ့ ကြည့်နေတဲ့အတွက် ခိုင်လေးက. . .

"လွမ်းမနေနဲ့ကွာ. . . အချစ်ဆိုတာ သိပ်ပွဲနည်းကျ လိုက်လို့မရဘူးကွ၊ အတိတ်ကံ စည်းသမျှနဲ့ ကြုံကြရတာ၊ မင်းတို့ ဖူးစာကံပါရင် ဘယ်သူဖျက်ဖျက် မပျက်ရဘူး"

"အခု ပျက်ပြီထင်တယ် ခိုင်လေး"

"ငါပြောတာ မင်းသဘောမပေါက်ဘူး ထင်တယ်"

www.burmeseclassic.com



"ပေါက်ပါတယ်"

"ပေါက်ရင် မင်းရဲ့ခရီးကို မင်းအဆုံးသတ်လေကွာ၊ ဒီမှာ ကြိုပြောထားမယ်၊ ဘယ်ဒိုင်ကမှ အနီကတ်မပြဘဲ မင်းသဘောနဲ့မင်း ထွက်သွားရင်တော့ ဒီကားပေါ်ရှိနေတဲ့ကောင်တွေအားလုံး အနိုင်ကိုး သွင်းမယ့်ကောင်တွေချည်းပဲ"

မျိုးမြင့်ထွန်းက ခြေထောက်မ,ပြီး. . .


"ရွှေဖိနပ်ပိုင်ရှင်နော်"

ခင်မောင်လည်း ဒါမျိုးကျတော့ နားကကြားတယ်။

"ရွှေဘောလုံးပိုင်ရှင် ခင်မောင်နော်. . . အဟက်ဟက်"

ကားနှစ်စီးလုံး ကုမ္ပဏီရုံးဝင်းထဲ ချိုးဝင်လာပြီဖြစ်တဲ့အတွက် ကျော်ဇေယျစိတ်ထဲ ပြင်ဆင်ထားလိုက်တယ်။ မိမုန်းနဲ့သူ့ရဲ့ပတ်သက် မှုကို ခင်မြတ်မူသဘောပေါက်အောင် ကြိုးစားမှဖြစ်တော့မယ်လို့။





အခန်း (၅)

ဒီနေ့တော့. . . ရဲရင့် မဖြစ်မနေ အပြင်ထွက်ရမှာမို့လို့ မျက်နှာမှာလည်း နှာခေါင်းစည်းတစ်ခု တပ်ထားပြီး. . အိတ်ထဲမှာ နှစ်ခုလောက် အပိုထည့်ယူလာခဲ့တယ်။ ကိစ္စကတော့ စက်ာပူကနေ အဖေ ဖုန်းနဲ့ပြောပြီး လုပ်ခိုင်းလိုက်တာပါ။ အဖေ့ကုမ္ပဏီရဲ့ဝန်ထမ်း တစ်ယောက် နာမကျန်းဖြစ်ပြီး ညကဆုံးပါးသွားလို့ ကာယကံရှင်ရဲ့ မိဘတွေဆီ အကြောင်းကြားပေးရမှာလေ. . .။

ဟိုမှာ သင်္ဂြိုဟ်ပေးမှာဖြစ်ပေမယ့် မြန်မာဓလေ့အတိုင်း ဒီမှာ

www.burmeseclassic.com



ရက်လည်တာတို့ ဆွမ်းသွပ်ရတာတို့ လုပ်ကြမှာဆိုတော့ အဲ့ဒီအတွက် လိုအပ်တဲ့စရိတ်၊ လူမှုရေးအကူအညီကအစ အဆင်ပြေအောင်လုပ်ပေးဖို့ အဖေ သေသေချာချာမှာထားတဲ့အတွက် ရဲရင့် နောက်တွန့်မနေဘဲ အိမ်ကကားနဲ့ပဲ ထွက်လာခဲ့ပါတယ်။

ကားမောင်းရင်း သူသတိထားမိလာတာကတော့ ဘယ်သူမှ သူ့လို နှာခေါင်းစည်းတွေဘာတွေ အုပ်ကာထားတာ မတွေ့ရပါဘူး၊ H1N1 ပြဿနာတုန်းကတောင် လူတွေ နှာခေါင်းစည်းနဲ့ သွားတာလာတာမျိုး ရှိသေးတယ်၊ ဒီလို ချူးကလီးယား ပြဿနာကျတော့မှ ပေါ့ပေါ့ဆဆ နေနိုင်ရကောင်းလားဆိုတဲ့အတွေးနဲ့ ဘာသာမချင့်မရဲ ဖြစ်လာတယ်။

ဩော်. . လူတွေ. . လူတွေ၊ ချေးပါကာနီးမှ ချေးခံတွင်း ပေါက်ရှာတဲ့ အကျင့်မပျောက်ဘဲနဲ့ တိုးတက်ကြီးပွားချင်နေလိုက်ကြတာ၊ ရပါလိမ့်မယ် အားကြီးကြီး. . .။

အဲ့သလိုနဲ့ လိပ်စာအရ သူသွားရမယ့် မြောက်ဒဂုံဖက်ဆီကို ပါရမီလမ်းအတိုင်း စုန်ပြီးမောင်းနှင်လာခဲ့တယ်။ ဘေးအန္တရာယ်ကင်းရှင်းရေးသည် အမိက. . ဆိုတဲ့ သတိပေးဆိုင်းဘုတ်ကလေးကို အာရုံထဲ ထည့်ထားတဲ့အတွက် လိပ်လိုဖြစ်နေတဲ့ သူ့ကားကို ဘယ်ကားမှ စိတ်မရှည်နိုင်တော့ပါဘူး။

"ချီးတဲ့မ. . . အိပ်ပျော်နေတာလားကွ"

"ကျော်ထား ဆရာရေ့၊ ရှေ့မှာ လိပ်သဘော်"

"မောင်းပါဟ. . . လဖွတ်ကောင်ရ"

"ကြောက်တတ်ရင် ငွေမကိုင်နဲ့ဟေ့"

ရဲရင့်ကတော့ ဘယ်ကားက ဘယ်လိုအော်အော် ကျော်





ကျော် တစ်နာရီ မိုင်(၃၀)ထက် မပိုတဲ့အရှိန်ကို တစ်ပြားသားမှ မလျှော့ဘဲ ရဲရဲရင့်ရင့် မောင်းနှင်လာခဲ့ပါတယ်။

ကုန်ပဒေသာ ရောက်မှပဲ သူ့ကားကို လမ်းဘေးချရပ်ပြီး မေးတယ်။

"မြောက်ဒဂုံ(၁၁)ရပ်ကွက်ဆိုတာ ဘယ်နားမှာလဲခင်ဗျ"

"(၁၁)ရပ်ကွက်က မြောက်ဒဂုံမှာ မရှိဘူး၊ အရှေ့ပိုင်းမြို့သစ်မှာပဲ ရှိတယ်"

"ခင်ဗျာ. . ဒီမှာ လိပ်စာက မြောက်ဒဂုံ(၁၁)ရပ်ကွက်ဆိုလို့"

"အဲ့ဒါ မှားတာပေါ့ဗျ၊ ဒဂုံမြို့သစ်မြောက်ပိုင်းမှာ အရှေ့ပိုင်းနဲ့ မြောက်ပိုင်းဆိုပြီး ရှိတယ်၊ (၁၁)က အရှေ့ပိုင်းမှာ ပါတယ်၊ ဒီလမ်းအတိုင်း တည့်တည့်ကြီးမောင်းသွား၊ ဗိုလ်မင်းခေါင်လမ်းရောက်ရင် ညာဘက်ချိုးလိုက်၊ ညာဖက်ခြမ်းက(၁၁)ရပ်ကွက်၊ ဘယ်ဘက်ခြမ်းက(၁၂)ရပ်ကွက်၊ ကဲ. . . ဘာသိချင်သေးလဲ"

"အာ. . ရ. . ရပါပြီခင်ဗျာ. . ကျေးဇူးပါပဲ"

"ဒါနဲ့ နေပါဦး၊ မောင်ရင်က ခွဲစိတ်ဆရာဝန်လား"

"ဗျာ!. . ."

"မျက်နှာမှာ အအုပ်အစည်းတွေနဲ့မို့လို့ မေးကြည့်တာပါ"

"ဟာ. . . မဟုတ်ပါဘူးခင်ဗျာ၊ ချူးကလီးယား ဓါတ်ပေါင်းဖိုတွေ ပေါက်ကွဲနေတော့. . ဓါတ်ရောင်ခြည်အဆိပ်သင့်မှု မဖြစ်အောင် ကာကွယ်ထားတာပါ"

"ဟေ!. . . ဘယ်နားမှာ ပေါက်တာလဲ"

"ဂျပန်မှာပါခင်ဗျာ"

အဖိုးကြီး မျက်စောင်းထိုးပြီး တစ်ဖက်လှည့်ကာ ဆက်

www.burmeseclassic.com



လျှောက်သွားတယ်။

နှုတ်ကလည်း မြည်တမ်းသွားပါသေးတယ်။

"သောက်ကြီးနဲ့သောက်ကျယ်ကောင်ကွာ. . . ချီးပဲ"

၅ ၅ ၅ ၅



"ရွှေမိုးကဖီး. . . ဂဠုန်ပဲ့လက်ဖက်ခြောက်အရသာ"

ဗီနိုင်းထုတ်ပြီး နဖူးစည်းတင်ထားတဲ့ဆိုင်းဘုတ်ကို မြင်ရုံနဲ့ ရဲရင့် သဘောကျသွားပြီး ကားကို ဆိုင်ရှေ့ဟာဒ်ပင်ရိပ်အောက်မှာ ရပ်လိုက်တယ်။ လက်ဖက်ရည်တစ်ခွက်လောက် သောက်ပြီးမှ အိမ်လိပ်စာလေး စုံစမ်းရင်း ဆက်သွားမယ်ပေါ့။

"ဆရာ ဘာသောက်မလဲ"

"ကျဆိမ့်ဗျာ"

"အောင်ကိုမြင့်ရေ. . . ဒီမှာ ကျဆိမ့်တစ်ခွက်"

"ဒီမယ်. . . ခင်ဗျားက စားပွဲထိုးလား"

"ဗျာ. . ဟို. . ဒါက ကျွန်တော့်ဆိုင်ပါ. . . ဟဲဟဲဟဲ၊ ဘာဖြစ်လို့လဲဆရာ. . ."

ခပ်ဝဝ ဗိုက်ရွှဲရွှဲနဲ့ ရယ်ကျဲကျဲ လုပ်ပြောတတ်ပြီး သဘောကောင်းတဲ့မျက်နှာမျိုးနဲ့လူကိုး. . ။ ရဲရင့် သေချာအကဲခတ်ပြီးမှ. . .

www.burmeseclassic.com



"ဒါဆို ခင်ဗျားက ဆိုင်ရှင်ပေါ့"

"ဟုတ်ပါတယ်"

"အေးဗျာ. . . ဒါလေး မေးကြည့်ချင်လို့ပါ"

ရဲရင့်က ဆိုင်နဖူးစည်း ဗီနိုင်းကို လက်ညှိုးထိုးပြရင်း. . . .

"ရန်ကုန်တစ်မြို့လုံး နဂါးပျံလက်ဖက်ခြောက်ပဲ သုံးကြတာ၊ ခင်ဗျားဆိုင်က ဂဠုန်ပျံဆိုတော့. . ဒါ နောက်ထပ် လက်ဖက်ခြောက် ကုမ္ပဏီအသစ်ပေါ့. . . အဲ့လိုလား"

"အဟဲဟဲဟဲ. . . အဲဒါ ကျွန်တော့်သူငယ်ချင်း စာရေးဆရာ လေဗျာ၊ အောင်မြင်ချင်ရင် သူများထက် ထူးခြားအောင်လုပ်ဆိုပြီး အကြံဉာဏ်ပေးသွားတာပါ။ အဟဲဟဲဟဲ. . . ဘာဖြစ်လို့လဲ ဆရာ၊ မကောင်းလို့လား"

"အား. . ကောင်းပါတယ်. . ကောင်းပါတယ်၊ ကျွန်တော် လည်း ဂဠုန်ပျံကြောင့် ဝင်ထိုင်ဖြစ်တာပါ"

"အဟဲဟဲဟဲ. . နောက်လည်း အားပေးပါဆရာ၊ ကျွန်တော့် နာမည် မောင်မျိုးပါ၊ ဒီနားတစ်ဝိုက်မှာတော့ ရွှေမိုးဆိုင် ဆိုတာထက် လူပျိုကြီးမောင်မျိုးဆိုင်ဆိုရင် လူတိုင်းသိကြပါတယ်"

အဲ့ဒီအခိုက်မှာပဲ ဒေါ်လှသီနဲ့မိမုန်းတို့သားအမိနှစ်ယောက် ဆိုင်ထဲဝင်လာကြလို့ ဆိုင်ရှင်မောင်မျိုးက. . .

"အောင်ကိုမြင့်ရေ. . . ငါတို့အဒေါ်လာတယ်ဟေ့၊ ချိုပေါ့ ရှယ်တစ်ခွက်"

"ရမယ်. . . ခဏလေး"

အောင်ကိုမြင့်ဆိုသူက ယူလာတဲ့ လက်ဖက်ရည်ပန်းကန်ကို ရဲရင့်ရှေ့မှာ ချပေးပြီး ဘေးကဝိုင်း သွားထိုင်နေတဲ့ဒေါ်လှသီတို့ကို





ငုံ့ကြည့်တယ်။

"သားအမိတွေ ရန်ဖြစ်လာကြပြန်ပြီထင်တယ်"

"သွားစမ်းပါ. . အောင်ကိုမြင့်ရယ်၊ ငါ ဒေါသအိုးမပွင့်ခင် လက်ဖက်ရည် ယူလာခဲ့"

"ဟာ. . ဒါဆို မီးရှိန်မြင့်နေပြီပဲ၊ ရမယ်. . ခဏလေးစောင့်"

ဆိုင်ရှင်မောင်မျိုးလည်း အဲ့ဒီဝိုင်းဖက် ရယ်ကျဲကျဲနဲ့ ရောက် သွားတာကြောင့် ရဲရင့်လည်း ဘာရယ်မဟုတ်ဘဲ လှည့်ကြည့်ဖြစ် တယ်။ အဒေါ်ကြီးဘေးနား ထိုင်နေတဲ့ ကောင်မလေးကတော့ ဆင် ခြေဖုံးရပ်ကွက် အပျိုမတို့ ပြင်ဆင်မှုသဘာဝအတိုင်း နည်းနည်း ရုပ်ဆိုးတယ်လို့ ပြောစရာမဖြစ်အောင် ပြင်လို့ဆင်လို့ လှလို့ပလို့ပါပဲ၊ ဒါပေမယ့် သေသေချာချာ ပြင်ထားပြီး သေသေချာချာ ငိုထားပုံရပါ တယ်။

ဆိုင်ရှင်မောင်မျိုးနဲ့က အတော်လေး ရင်းနှီးပုံရပြီး ခုံပုလေး တစ်လုံး ဆွဲထိုင်ကာ မေးလိုက်တယ်။

"ဘယ်လိုတွေ ဖြစ်လာကြတာလဲ၊ ဟိုတစ်ယောက်ကလည်း ငိုထားတာ မျက်လုံးကို အစ်နေတာပဲ"

"အလှူအိမ်ကိုလိုက်လာပြီး ပြဿနာလိုက်ရှာတာလေ. . ၊ ပြော. . မပြောချင်တော့ပါဘူး"

"အမေကလည်း. . . သမီးစတဲ့ပြဿနာလား၊ ကိုကျော်ဇေယျ ပြောတဲ့စကားလည်း အမေ နားထောင်ကြည့်ပါဦး"

"ဟဲ့. . အဲ့ဒါ. . နင့်. . ငါ. . တယ်လေ၊ တော်တော့ မိမုန်း ငါ့ပါးစပ်က အယုတ္တအနတ္တတွေ ထွက်လာတော့မယ်နော်. . . ဟင်း . . ဟင်း. ."

www.burmeseclassic.com



"အမေ ဘာမှမသိပါဘူး၊ ဟင့်. . . ဟင့်. . ရွတ်၊ ဟင်!. . . အဟိ. . အဟိ. . ခစ်ခစ်ခစ်"

မိမုန်း ငိုရင်းက ထရယ်လို့ မောင်မျိုးနဲ့ ဒေါ်လှသီတို့ တစ်ချက်ကြောင်အသွားပြီး မိမုန်း လှမ်းကြည့်တဲ့နေရာကို လှည့်ကြည့်ကြတယ်။ ဆိုတော့ကာ. . အဲ့ဒီနှစ်ယောက်လည်း မအောင့်နိုင်ဘဲ ခွီးခနဲ သီးခနဲနေအောင် ရယ်ကြပါတော့တယ်။

သူတို့ရယ်မှပဲ ရဲရင့်လည်း သူ့ဘာသာ သတိထားမိပြီး နှာခေါင်းစည်းကို ဆွဲဖြုတ်ပြီး လွှင့်ပစ်မိသွားတယ်။ အတော်လည်း ရှက်သွားပါတယ်။ အမှန်တော့. . ရဲရင့်လည်း တစ်ဖက်ဝိုင်းကို အာရုံရောက်ရင်း နှာခေါင်းစည်းမဖြုတ်ဘဲ လက်ဖက်ရည်သောက်နေတာ။ နှာခေါင်းစည်းဆိုပေမယ့် ပါးစပ်ပေါက်ပါ လုံအောင်အုပ်ထားတော့ အဲ့ဒီအအုပ်ကြီးအတိုင်း လက်ဖက်ရည်သောက်နေတော့. . မိမုန်းလည်း မြင်ပြီး ရယ်တာပေါ့။

"တော်တော်ထူးတဲ့လူ. . ပါးစပ်ပေါက်မှာ ရေစစ်ခံပြီး လက်ဖက်ရည် စစ်သောက်ရတယ်လို့"

"ဟဲ့!. . မိမုန်းရဲ့၊ ကြားသွားပါဦးမယ်"

အဲ့ဒီအချိန်မှာပဲ အောင်ကိုမြင့် ရောက်လာပြီး ဒေါ်လှသီအတွက် လက်ဖက်ရည် ချပေးလိုက်တယ်။

"ချိုပေ့ါရှယ် ရပါပြီဗျာ"

"အောင်ကိုမြင့်. . မုန့်တွေ ပေးလေကွာ၊ မိမုန်းက လက်ဖက်ရည် မကြိုက်ပေမယ့် မုန့်ကြိုက်တယ်ကွ"

"တော်. . တော်. . အခုပဲ. . အလှူအိမ်ကနေ စားပိုးနင့်အောင် စားလာတာ"





"ဟင်. . အမေပဲ စားတာလေ၊ သမီး ဘာမှကို မစားရသေးတာ"

တစ်ဖက်ဝိုင်းက သူတို့အာရုံနဲ့သူတို့ ပြန်လုံးနေမှပဲ ရဲရင့်လည်း ကိုယ့်ဘာသာ ပြန်ပြုံးမိတယ်. . . ငါ့နှယ်ကွာ။

အဲ့ဒီနောက်တော့ ရဲရင့် လက်ဖက်ရည်ကို ခပ်သွက်သွက်ပဲ သောက်ပြီး ပိုက်ဆံရှင်းရင်း ဆိုင်ရှင်မောင်မျိုးကို မေးလိုက်တယ်။ မောင်မျိုးက ရဲရင့်ပြတဲ့ လိပ်စာ,စာရွက်ကို ကြည့်ပြီး. . .

"(၁၁)ရပ်ကွက်ကတော့ ဒီရပ်ကွက်ပဲဗျ၊ ဟိုင်ဆင်ဒူးဝါးလမ်း ဆိုတော့. . ဟား. . အဲ့ဒါ ဒီအဒေါ်တို့လမ်းပဲ"

ဆိုတော့ကာ တစ်ဖက်ဝိုင်းက သားအမိနှစ်ယောက် ချာခနဲ လှည့်ကြည့်ကြတယ်။ ဒေါ်လှသီက. . .

"ဘာလဲဟဲ့ မောင်မျိုး"


"အိမ်နံပါတ်(----) ဦးဖိုးပိန်+ဒေါ်လှသီတဲ့၊ အဒေါ်သိလား"

"ဟဲ့. . အဲ့ဒါ ငါ့အိမ်လေ၊ ဦးဖိုးပိန်က ငါ့ယောက်ျားပေ့ါဟဲ့"


"ဟောဗျာ. . . ဒီမှာ အဒေါ်တို့ဧည့်သည်"

ရဲရင့် ဝမ်းသာအားရထရပ်ပြီး ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားတယ်၊ သူရောက်လာတဲ့ကိစ္စက အမင်္ဂလာသတင်းဆိုတော့ ဝမ်းသာအားရကြီး ပြောလို့မကောင်းဘူး မဟုတ်လား၊ အဲ့ဒါကြောင့်. . စကားအစရှာရင်း အဲ့ဒီဖက်ဝိုင်းမှာ ခုံလွတ်တစ်လုံး ဆွဲထိုင်လိုက်ပါတော့တယ်။

www.burmeseclassic.com





# အခန်း (၆)

ဖယ်ရီပေါ်ကဆင်းမှ ဘေးလွယ်အိတ်ထဲက Mask ကိုထုတ်ပြီး မျက်နှာမှာစည်းလိုက်လို့ ခင်ကြည်ဖြူ ကြောင်အပြီး မေးတယ်။

"ဟဲ့!. . . ဘာအရူးထတာလဲ"

ကျွန်တော်ရယ်လိုက်တယ်။ ဒါပေမယ့် အဟဲဟဲဆိုတဲ့အသံပဲ ထွက်ပြီး ရယ်တာကို ခင်ကြည်ဖြူ မမြင်ပါဘူး။ ဘာကြောင့်လဲဆို တော့ နှာခေါင်းစည်းက အရှေ့က အုပ်ကာနေတော့လေ. . .။

www.burmeseclassic.com



"ငါ့အစ်ကိုပေါ့ဟ. . . ဂျပန်မှာ ခါတ်ပေါင်းဖိုပေါက်တာ ရေဒီယိုသတ္တိကြွရောင်ခြည်နဲ့ ခါတ်မှုန်တွေ ရှူရှိုက်မိသွားလို့တဲ့. ."

"ဟာ. . အစီပွါယ်မရှိလိုက်တာ၊ တကယ်လွင့်လာအုံးတော့ အဲ့ဒီလောက်လေးကာကွယ်ရုံနဲ့ ရပါလိမ့်မယ် အားကြီးကြီး"

"သိတယ်. . . ငါလည်း ဘယ်လိုမှ ရှင်းပြလို့မရဘူး၊ အစ်ကို ဆိုတော့ လွန်ဆန်လို့လဲ မရဘူး၊ အဲ့ဒါကြောင့် အိမ်နားရောက်လာလို့ ဒါ ထုတ်စီးတာ"

"ရှက်စရာကြီးဟာ. . . အလို"

"ကောင်းပါတယ်"

"ဘာကောင်းတာလဲ"

"အနည်းဆုံး ငါ နင့်ကို နှာခေါင်းရှုံ့ပြရင် နင် မမြင်နိုင်ဘူး လေ. ."

"အောင်မယ်. . ကောင်စုတ်"

"သူ့ထက်ပိုကောင်းတာက အရမ်းချစ်တာပဲလို့ အသံတိတ် ရွတ်ပြရင်. . နင် မသိနိုင်ဘူးပေါ့"

"ဟွဲ!. . ."

"တာ့တာ. . . ငါ အိမ်ထဲဝင်တော့မယ်၊ နင်လဲ မြန်မြန်သွား တော့၊ သူများတွေမြင်ရင် ရည်းစားဖြစ်နေကြတယ် ထင်နေအုံးမယ်"

"ကြည့်စမ်း. . . မသာကောင်"

"မနက်ဖြန် အတန်းလစ်မလို့ လာပြောရင် ငါမလိုက်ဘူး နော်"

ခင်ကြည်ဖြူ နှုတ်သီးဟာခွင့် မရအောင်ကိုပြောပြီး ကျွန် တော့်ခြံလမ်းအတိုင်း လျှောက်ဝင်ကာ ရယ်လာခဲ့ပါတယ်။





ခင်ကြည်ဖြူတော့ ပူစပ်ပူလောင် ဖြစ်ကျန်ခဲ့မယ်ဆိုတာ ကျွန်တော်သိတယ်၊ လှည့်ကြည့်ရင် လက်ဝါးထောင်ပြတော့မယ်ဆို တာလဲ သိနေတဲ့အတွက် လှည့်မကြည့်ဘဲ ဧည့်ခန်းထဲ တန်းဝင်လာ ခဲ့ပါတယ်။

ဧည့်ခန်းထဲမှ ဒေါ်ထွေးတစ်ယောက်တည်း တံမြက်စည်း လှည်းရင်း Mask ကိုလည်း နားရွက်တစ်ဖက်မှာချိတ်ပြီး တွဲလွဲဆွဲ ထားလို့. . .

"ဒေါ်ထွေး. . . ကိုကြီးရော"

"မင်းကျောင်းသွားပြီး သိပ်မကြာဘူး သူထွက်သွားတာ ခုထိ ပြန်မရောက်သေးဘူး"

"ဟာ. . . တစ်ခါမှ ဒီလိုမသွားဖူးပါဘူး၊ ထမင်းတောင် ပြန် မစားဘူးပေါ့"

"အေးလေ"

"နှာခေါင်းစည်းက ဘာလို့ဖြုတ်ထားတာလဲ"

"ဟာ. . . အသက်ရှူကျပ်တယ်၊ ဒါကြီး စည်းထားပြီး ကွမ်း သွေး ယောင်ပြီးထွေးမိလို့ မျက်နှာသစ်ရတာလဲ ဘယ်နှစ်ခါမှန်း မသိ တော့ဘူး"

ကျွန်တော်ပြုံးရင်း Mask ကို ဆွဲဖြုတ်ပြီး ကိုကြီးဆီ ဖုန်းခေါ် လိုက်တယ်။

"ကိုကြီး"

"အေး. . . ပြော"

နှစ်ယောက်စလုံး လက်ကိုင်ဖုန်းနဲ့ ခေါ်ပြောနေတဲ့အတွက် ကျွန်တော်လည်း ဧည့်ခန်းထဲကထွက်ပြီး အပြင်မှာရပ်ပြောဖို့ လျှောက်

www.burmeseclassic.com



လာခဲ့တယ်။ အဲ့ဒီအချိန်မှာ ကိုကြီးကလည်း ခြံထဲ လမ်းလျှောက်ဝင်လာပြီး ဖုန်းပြောလာပါတယ်။

"မင်း အခု ဘယ်ကခေါ်နေတာလဲ၊ ငါအိမ်ပြန်ရောက်နေပြီ"

"ဟာ. . မဟုတ်တာ၊ အခု ကျွန်တော် ဧည့်ခန်းရှေ့ကထွက်ပြော. . ."

စကားမဆုံးခင် တစ်ယောက်ကိုတစ်ယောက် မြင်နေရတဲ့အတွက် ဖုန်းပိတ်လိုက်ကြတယ်။

"ကိုကြီးဘယ်သွားတာလဲ. . . ကားရော"

"ဟာ. . . မပြောချင်တော့ပါဘူးကွာ"

အဲ့ဒါနဲ့ပဲ ညီအစ်ကိုနှစ်ယောက် ခြံအဝင်လမ်းဘေးက မြက်ခင်းပေါ်မှာ ခြေပစ်လက်ပစ် ထိုင်လိုက်ကြတယ်။

ထိုင်ပြီးမှ. . .

"ညက အဖေဖုန်းဆက်တယ်၊ သူ့ဝန်ထမ်းတစ်ယောက် ဟိုမှာဆုံးလို့ နာရေးကိစ္စ သွားစီစဉ်ပေးပါဆိုလို့ သွားတာ"

"ဟာ. . . ဟိုမှာ ဆုံးတာလေ"

"ဟုတ်တယ်. . ဒီမှာ သူ့မိဘတွေရှိလို့ လိပ်စာနဲ့ သွားစုံစမ်းပြီး စီစဉ်ပေးရတာ"

"ဩော်. . . အဆင်ပြေလား"

"ပြေလွန်းလို့ ကားပါထားခဲ့ရတယ်"

"ဗျာ!. . . ကား. . . ကားက"

"အဲ့ဒီမှာ သားအမိနှစ်ယောက်တည်းရှိလို့ ဒီကိစ္စ အစ်ကိုကြီးသိမှဖြစ်မယ်ဆိုပြီး သူ့သားကြီးကို သွားခေါ်ခိုင်းတယ်၊ အိမ်လိပ်စာ





မသိမှာစိုးလို့ သူ့သမီး မိမုန်းဆိုတာကို ထည့်ပေးလိုက်တယ်၊ ငါလဲ ခေါ်ပေးလိုက်တယ်၊

သူ့သားအကြီးကောင် ရောက်လာပြီး အလတ်ကောင်ပါ ခေါ်ဆိုလို့ တစ်ခါခေါ်ရပြန်ရော၊ အလတ်ကောင် ရောက်ပြီးမှ ဒါမျိုးက သူ့ယောက္ခမအသိုင်းအဝန်းက နားလည်တယ်ဆိုလို့ တစ်ခါထွက်ခေါ်ရတယ်၊

အိမ်ပြန်ရောက်ရောက်ချင်း. . အကြီးကောင်က သူ့မိန်းမအသိတွေထဲမှာ ပြည်ပလုပ်ငန်းအေးဂျင့် ရှိတယ်ဆိုပြီး တစ်ခါလိုက်ခေါ်ပေးရတယ်၊

ပြန်ရောက်လို့မှ ရေတောင် မသောက်ရသေးဘူး၊ ရပ်ကွက်လူကြီးတွေနဲ့ တာဝန်ရှိတဲ့လူတွေ ခေါ်ခိုင်းတယ်ကွာ၊ လူတွေအားလုံးစုံသွားတော့ အိမ်ပေါ်မှာ ထိုင်စရာနေရာမရှိတော့လို့ အိမ်ဘေးက မြေကြီးမှာ ဆင်းထိုင်ကြတယ်၊

အဲ့ဒီမှာ တစ်ယောက်တစ်ပေါက် ပြောကြဆိုကြနဲ့ နောက်ဆုံး လုပ်ငန်းခွင်ထိခိုက် နစ်နာမှုလျော်ကြေးနဲ့ ထောက်ပံ့ကြေးက အနည်းဆုံး သိန်းတစ်ရာ ရသင့်တယ် လုပ်နေလို့ ငါလဲ ကားထားပြီး ပြန်လာခဲ့တယ်ကွာ"

"ဟာ. . . ကိုကြီး"

"ဘာလဲကွာ"

"ဒါ အစိပ္ပါယ်မရှိဘူးလေ"

"ငါသိတယ်. . . အခု အဖေ့ဆီ ဖုန်းဆက်ပြီး သက်ဆိုင်ရာအေးဂျင့်ကတဆင့် ခေါ်ရှင်းခိုင်းမယ်၊ လောလောဆယ် ဗိုက်ဆာနေပြီကွာ"

www.burmeseclassic.com



ရဲရင့် ထရပ်မယ်လုပ်တော့. . .

"ကိုကြီး. . . Mask မပါဘဲ လျှောက်သွားနေတာလား"

"တော်ပြီ. . . ဓါတ်ရောင်ခြည်သင့်လို့ သေတယ်ဆိုလဲ သေပါစေတော့. . . ချီးပဲ"

ကျွန်တော် ဘာမှမပြောဘဲ ကြိတ်ပြီးရယ်မိပါတော့တယ်။

၅ ၅ ၅ ၅





"**အ**မလေး!. . ငါ့သားလေး ရေခြားမြေခြားမှာ ကိုယ်ကျိုးနည်းရပါပေါ့လား. . . ဟီး. . အီး"

"အမေ. . . သက်ပျောက်ဆွမ်းကိစ္စ ဘယ်လိုလုပ်မှာလဲ"

"ဟေ. . . အဲ့ဒါ မချိုတို့သားအမိနဲ့ ပြောပြီးသားလေ၊ အားလုံး ရှယ်တွေကြီးလုပ်မှာလို့ ပြောထားတာပဲ"

"အဲ့ဒါသိတယ်. . ၊ တွက်ကြည့်လိုက်တော့ အကြမ်းဖျင်းကို ငါးသိန်းလောက် ကုန်မှာ"

"ကုန်ပစေ. . . ကုန်စမ်းပစေ၊ ငါ့သားအတွက် နောက်ဆုံးအလှူဟဲ့"

"သိတယ်. . ပိုက်ဆံ. . ပိုက်ဆံဘယ်လိုလုပ်မှာလဲ"

ဒေါ်လှသီ တစ်ချက်ငြိမ်သွားတယ်. . ။ အစ်ကိုကြီးအောင်မောင်းနဲ့ အမေဖြစ်သူ တီးတိုးပြောနေကြတဲ့နေရာကို အလတ်ကောင် အောင်ထွန်းတို့လင်မယားနဲ့ အငယ်မ မိမုန်းလဲ ရောက်လာတယ်၊

www.burmeseclassic.com



နာရေးကိစ္စဖြစ်ပြီဆိုတော့ ထုံးစံအတိုင်း မိသားစုအစုံအလင် ရောက်နေကြတဲ့အတွက် ထမင်းကို တစ်ပြည်ဝင်အိုးနဲ့ ချက်တာတောင် မလောက်လို့ လေးလုံးအိုးနဲ့တစ်အိုး ထပ်ဖြည့်ချက်ရတယ်။

အောင်မောင်းတို့မိသားစုက လေးယောက်၊ အောင်ထွန်းတို့မိသားစုက သုံးယောက်၊ အခု ဆုံးသွားတဲ့ အောင်တင်ရဲ့မိန်းမနဲ့ ကလေးနှစ်ယောက်၊ ဒေါ်လှသီတို့သားအမိပေါင်းရင် အားလုံးလူကြီးခုနစ်ယောက် ကလေးငါးယောက် မဟုတ်လား၊ အဲ့ဒီအထဲမှာ နာရေးအိမ်အတွက် အကူအညီလာပေးတဲ့ မချိုတို့သားအမိနဲ့ စားချိန်ကြုံလို့ဝင်စားတဲ့ဧည့်သည်ကပါ ရှိလေတော့ တစ်နပ် ဆန်တစ်ပြည်ခွဲချက်ရင် ထမင်းကြမ်းတောင် မကျန်ဘူး။

မနက်ညှ ဆန်သုံးပြည်၊ မီးသွေးဖိုး၊ ဟင်းဖိုးပါ ပေါင်းလိုက်တော့ တစ်ရက်နှစ်သောင်းခွဲဆိုတာ ထမင်းစားရုံလေးပဲ၊ မနက်ခင်းအဆာပြေဖိုး၊ ဒေါ်လှသီနဲ့သူ့သားတွေ လက်ဖက်ရည်ဖိုး၊ နာရေးသတင်းလာမေးတဲ့ဧည့်သည်အတွက် ဆေးလိပ်၊ ကွမ်း၊ လက်ဖက်ဆိုတာတွေရဲ့ ကုန်ကျစရိတ်ပါပေါင်းရင် တစ်ရက်သုံးသောင်းခွဲကပြေးလို့ကို မလွတ်တာ။

လောလောဆယ်က အကြီးကောင်ရော အလတ်ကောင်ပါပြည်ပကနေ အလုပ်အဆင်မပြေလို့ ပြန်ရောက်လာပြီး နောက်တစ်ကြိမ် ပြန်ထွက်ဖို့စောင့်ရင်း ရှိတာလေးထိုင်စားနေရတာဆိုတော့ နာရေးကုန်ကျစရိတ်တွေအတွက် ဘယ်သူမှ ငွေမထုတ်နိုင်ကြဘူး။

အမှန်တော့ ဒီနာရေးကိစ္စနဲ့ ကာယကံရှင်က ဆုံးသွားတဲ့ အောင်တင်ရဲ့မိန်းမ ရင်ရင်မြပါ။ သတင်းကြားကြားချင်းတုန်းက . . ဒီကိစ္စကို ရင်ရင်မြရဲ့အိမ်မှာပဲလုပ်ဖို့ ဒေါ်လှသီ စိတ်ကူးပါတယ်၊





ရင်ရင်မြက သူ့မိဘတွေအိမ်မှာပဲနေတာမို့ နာရေးကုန်ကျစရိတ်သူမထုတ်လဲ သူ့မိဘတွေ ထုတ်လိမ့်မပေါ့။

ဒါပေမယ့် အကြီးကောင် အောင်မောင်းလဲရောက်လာရော ဒါမျိုးက အလုပ်လုပ်ရင်း ဆုံးတာမို့လို့ လျော်ကြေးက တထောကြီးရမှာဆိုတာနဲ့ပဲ ဒေါ်လှသီ စိတ်ကူးပြောင်းသွားတယ်။ ငါ့သားငယ်လေးသေတာ ငါ့အိမ်မှာ နာရေးလက်မခံရင် ငါ အမေမဟုတ်တော့ဘူးဆိုတဲ့စကားနဲ့ ချက်ချင်းကို ကုလားဖျင်း ထိုးခိုင်းတော့တာပါ။

ရင်ရင်မြက အကြောင်းစုံကို နောက်ဆုံးမှ သိရသူလည်းဖြစ်၊ ဒီမှာလဲ ကုလားဖျင်းထိုးပြီး ဧည့်ခံနေပြီဆိုတော့ ယောက္ခမသဘောကျပဲ ထားလိုက်တော့တယ်။

ရင်ရင်မြကလည်း ပါးပါးလေးရယ်. . ၊ ဘယ်သူတွေ ဘယ်လောက်လောဘတက်နေပါစေ၊ သူ့ယောက်ျား ရဲ့ခံစားခွင့်ကို ဇနီးမယားဖြစ်တဲ့သူ လက်မှတ်မထိုးပေးရင် ဘယ်သူ ငါးပြားတစ်စေ့ရသွားမှာမို့လို့လဲ. . ။

အမိက,က ဟိုမှာသင်္ဂြိုဟ်ပြီးပြီဆိုပေမယ့် ကိုယ့်ထုံးတမ်းအစဉ်အလာအတိုင်း သက်ပျောက်သပိတ်၊ မြေကျသပိတ်၊ ရက်လည်သပိတ်သွပ်ဖို့ပဲ၊ အဲ့ဒါက ဘယ်နေရာမှာလုပ်လုပ် လုပ်ကြပစေ၊ ကျန်တာ သူ့ဘာသာ အေးဆေးဖြေရှင်းရုံပဲ။

ဒီနေ့တောင် သူ့မောင်ကို အေးဂျင့်ရုံးလွှတ်ပြီး စုံစမ်းထားခိုင်းပြီးပြီ. . အေးဆေးပဲ။

ယောက္ခမအိမ်ရောက်လာကတည်းက ကလေးနှစ်ယောက် ယောက္ခမရှေ့ ချထားခဲ့ပြီး မီးဖိုထဲမှာ မချိုတို့သားအမိနဲ့ ဒိုင်ခံကိုချက်ပြုတ်ပေးနေတာ. . . ။

www.burmeseclassic.com



"ကဲ. . . မိသားစုစုံတုန်း ငါပြောမယ်"

"ဟုတ်. . ပြောပါ အမေ"

"နေဦး. . . ရင်မြရော၊ ရင်မြပါ ခေါ်စမ်း"

"မရင်မြ. . . အမေခေါ်နေတယ်. . . ခဏဟဲ့"

"အေးအေး. . . လာပြီ"

မိမုန်း ထိုင်ရာမထ မီးဖိုခန်းဘက် လှမ်းခေါ်လိုက်လို့ ရင်ရင်မြ ကလေးအငယ်ကို ခါးထစ်ခွင်ပြီး ရောက်လာတယ်။

"လာထိုင်"

"ဟုတ်. . . အမေ"

ဆိုတော့ကာ ဒေါ်လှသီ ဆေးပေါ့လိပ်မီးညှိပြီး တစ်ဖွာနှစ်ဖွာ ဖွာလိုက်တယ်။ ပြီးမှ. . . .

"အခု နာရေးကိစ္စဖြစ်ပြီဆိုတော့ ညီအစ်ကိုမောင်နှမတွေ စုံကြတယ်၊ တခြားဟာ အသာထား. . ဒီလူအုပ်ရဲ့ စားစရိတ်တင် အတော်ထောင်းနေပြီ၊ လာအကြောင်းကြားတဲ့ ဟိုသူငယ်က လောလောဆယ် နှစ်သိန်းပဲ ပေးသွားတယ်၊ အဲ့ဒါလဲ ဟိုဟာဝယ် ဒီဟာ လုပ်စား၊ စရိတ်ထုတ်နဲ့ ငါ့လက်ထဲမှာ နှစ်သောင်းပဲကျန်တော့တယ်၊ မနက်ဖြန် အသက်ပျောက်ဆွမ်း၊ နောက်. . မြေကျသပိတ်၊ ပြီးတော့ ရက်ကြီးနေ့ ရက်လည်ဆွမ်းကျွေး၊ အဲ့ဒါတွေအတွက် ငွေလိုပြီ၊ ကဲ. . ဘယ်သူ ခဏစိုက်နိုင်သလဲ"

ဒေါ်လှသီ စကားဖြတ်ပြီး ဘာသံကြားမလဲလို့ နားထောင်ကြည့်တယ်။ ဘယ်သူ့ဆီက ဘာသံမှမကြားရမှ. . .

"ငါလဲသိပါတယ်၊ လောလောဆယ် နင်တို့တွေ အဆင်မပြေကြဘူးဆိုတာ၊ အဲ့ဒီတော့ ငါ အိမ်ဂရံပေါင်မယ်၊ လိုအပ်တဲ့ကုန်ကျစရိတ်ကို ထုတ်သုံးမယ်၊ အဲ့ဒီအကြွေးကို ကူငွေနဲ့ ရှင်းလို့မရရင် ငါ့သားငယ်ရဲ့လျော်ကြေးငွေထဲကနေ ယူရှင်းမယ်၊ အဲ့ဒါ ကျေနပ်ကြသလား"

"ဟာ. . မကျေနပ်စရာဘာရှိလဲ အမေရာ၊ အဲ့ဒီလိုပဲ လုပ်ရမှာပေါ့"

"ရင်မြရော ကျေနပ်သလား"

"အမေ ကောင်းသလို စီစဉ်ပါ"

"အေး. . ပြီးရော၊ ငါကတော့ ငါ့သားလေး ပင်ပန်းဆင်းရဲခဲ့သမျှ ဒါနောက်ဆုံး သူ့အတွက် ကုသိုလ်ဆိုပြီး အကောင်းဆုံးကို လုပ်ပေးမှာမို့လို့၊ နောက်တော့မှ ကုန်သလား ခမ်းသလားတော့ မလုပ်ကြနဲ့ဟေ့. . . ဒါပဲ၊ ကဲ. . . ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ကြတော့"

ရင်ရင်မြအပါအဝင် မိန်းကလေးတွေအားလုံး ထွက်သွားကြပေမယ့် ဒေါ်လှသီအနားမှာ အောင်မောင်းနဲ့အောင်ထွန်းတို့ ကျန်ခဲ့ကြတယ်။

အောင်ထွန်းက. . .

"ညီလေးအတွက် အမေဆန္ဒရှိသလို လုပ်ပါ၊ ဒီနေ့ သားသူငယ်ချင်းကို ဖုန်းဆက်ကြည့်တယ်၊ ဒီကောင့်ညီလဲ မလေးမှာ အလုပ်ခွင်သေဆုံးမှု ဖြစ်ဖူးတာဆိုတော့ ဘယ်လောက်ရလဲလို့ မေးတာ သိန်းတစ်ရာငါးဆယ်လောက် ရတယ်တဲ့၊ အကူအညီလိုရင်ပြောဒါမျိုးက လိုက်တတ်မှရတာဆိုလို့ သားလဲ သူ့အကူအညီလိုရင် ရအောင်လို့. . . အေးကွာလို့ ပြောထားတယ်"

ထိုအခါ အကြီးကောင် အောင်မောင်းက. . .

www.burmeseclassic.com



"မလိုပါဘူးကွာ. . အေးဂျင့်လောကမှာ ငါ့ယောက္ခမအမျိုးတွေ တစ်ပုံကြီးပါ။ ငါ အားလုံးကို တပ်လှန့်ထားပြီးပြီ၊ မင်းအကောင်က သူငယ်ချင်းဆိုပေမယ့် သူစိမ်းကွ၊ တော်ကြာ ဖြတ်အုပ်သွားလို့ အကုန်ငုတ်တုတ်မေ့ကုန်မယ်"

"သူစိမ်းလို့ ပြောကြကြေးဆို. . အစ်ကို့ယောက္ခမတွေလဲ ဘာသွေးစပ်လို့လဲ၊ မိန်းမနဲ့ပတ်သက်မှ တော်ရတာချည်းပဲ"

"ကျွတ်. . . မင်း အဲ့ဒါခက်တာပေါ့ကွာ"

"မခက်ပါဘူး အစ်ကိုရာ၊ မယုံကြကြေးဆို ဘယ်သူ့မှ ယုံစရာအကြောင်းမရှိဘူး"

"ဟော့ကောင်. . . မင်းပါးစပ်ပိတ်တော့"


"ကဲ. . . ကဲ. . . အကြီးရော အငယ်ပါ တော်ကြစမ်း၊ အဲ့ဒါထက် အိမ်ရှေ့ရပ်ထားတဲ့ကားကိုလည်း ဂရုစိုက်ကြဦး၊ ဖြုတ်လို့ရတာ အဖြုတ်ခံရလို့ အချောင်လျော်နေရဦးမယ်"

"ရတယ်. . . ဒီည ကျွန်တော်တို့ ယောက္ခမအိမ် ပြန်အိပ်မှာဆိုတော့ ကားကို ကျွန်တော်ယူသွားမယ်၊ မနက်ကျမှ ယောက္ခမကြီးတွေပါ တင်ပြီးခေါ်လာခဲ့မယ်"

အဲ့ဒီအခိုက်မှာပဲ ဦးဘတူတို့လင်မယား နာရေးသတင်းမေးရောက်လာတဲ့အတွက်. . ဒေါ်လှသီ ရင်ဘတ်ထုပြီး ငိုလိုက်ပါတော့တယ်။

"အမလေး!. . . သားလေးရဲ့. . . အဟဲ့ဟဲ့ဟဲ့. . . ဟီး"





# အခန်း (၇)

ပထမနှစ်ဝက်ဖြေပြီး ကျောင်းပြန်တက်ချိန်ဆိုတော့. . ဘယ်သူကြည့်ကြည့် ပေါ့ပေါ့ပါးပါးလေး ဖြစ်နေတာတွေ့ရတယ်။ ကျွန်တော်လဲ ဒီလိုပါပဲ။ မေဂျာချိန်ကုန်တာနဲ့ ကင်(န်)တင်းထဲရောက်လာတယ်။ ခဏကြာတော့ ခင်ကြည်ဖြူနဲ့ သူမအဖော် ဧချင်းဘွဲ့မှုတို့ ရောက်လာတယ်။ နှစ်စတုန်းက ဒီနာမည်လေးထူးဆန်းလို့ ဖူးကြည့်တော့ ကဗျာဘွဲ့မှူးဆိုတဲ့ အဆိုတော်နာမည်လေးကိုအားကျလို့ ဆယ်တန်းနှစ်ကတည်းက ပြောင်းလိုက်တာလို့ ဆိုပါတယ်။

www.burmeseclassic.com



"အမယ်. . . နင်က ဒီမှာ လာငြိမ့်နေတယ်"

"ခါတိုင်းရော ဘယ်မှာသွားငြိမ့်နေလို့လဲ"

"မသိဘူးလေ. . . နင့်ကိုယ်နင် ပြန်မေးကြည့်ပေါ့"

သူမတို့ ဝင်ထိုင်တုန်း ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် ပြန်မေးလိုက်တယ်။

"အင်း. . . ပြော"

"ဩော်. ."

"အဲ့သလိုလား. ."

"အေး. . . ဟုတ်ပြီ. . ဟုတ်ပြီ"

ကျွန်တော်တစ်ယောက်ထဲ အဲ့သလို အသံထွက်ပြီး မျက်လုံး မျက်ဆံနဲ့ အမူအရာတွေလုပ်နေလို့ ခင်ကြည်ဖြူ မျက်စောင်းထိုးပြန် ရော။

"ဘာဖြစ်တာလဲ"

"ဟော. . . နင်ပဲ ကိုယ့်ဘာသာ ပြန်မေးဆိုလို့ မေးတာလေ"

ချောင်းဘွဲ့မျုးကတော့ ရယ်တယ်။ ခင်ကြည်ဖြူက ဆက်မေး တယ်။

"မေးကြည့်တော့ ဘာပြောလဲ"

"ငါ့ကိုယ်က ငါ့ကိုပြောတယ်၊ ငါက ခင်ကြည်ဖြူနဲ့မှ မငြိမ့်ရ ရင် ဘယ်နေရာမှ မငြိမ့်ဘူးတဲ့"

"ဟယ်!. . . ကြည့်စမ်း အကောင်စုတ်"

"ဘာလဲဟ. . . နင်ပဲ မေးကြည့်ဆို"

"တော်ပြီ. . လက်ဖက်ရည်မှာပေး၊ ဒီနေ့ နင်တိုက်. . ဒါပဲ"

ကျွန်တော်လည်း ပိုးကြေးပန်းကြေးလို့ စိတ်ထဲမှတ်ပြီး သ





ဘောတူလိုက်တယ်။ အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော် သူမကို စရင်းနောက်ရင်းနဲ့ စိတ်ထဲမှာ နှစ်သက်လာမိတယ်။ လှလို့လားလို့ မေးရင်တော့ မင်းသမီးတစ်ယောက်လို မချောပေမယ့် ချစ်စရာ ကောင်းပါတယ်။ အတန်းထဲမှာ သူမကို ကြွေနေတဲ့သူတစ်ချို့လည်း ရှိပါတယ်၊ ဒါပေမယ့် သူမရဲ့ထက်မြက်လှတဲ့နှုတ်သီးကို ကြောက်ပြီး ဘယ်သူမှ အနားမကပ်ရဲကြပါဘူး။

ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းပြီး ကျောင်းတက်နိုင်တဲ့ (လက်ချိုးရေတွက်လို့ရတဲ့) ကျောင်းသူတွေထဲမှာမှ မြန်မာဆန်ဆန် လှတဲ့ ကောင်မလေးမျိုး ဆိုတော့ကာ. . .။

"ဟဲ့. . . နင် ဖူးစာဆိုတာကို ယုံလား"

သူမအမေးကြောင့် ကျွန်တော်အတွေးဖြတ်ပြီး လှမ်းကြည့် တယ်။ သူမတို့နှစ်ယောက်စလုံး ကိုယ့်လက်ဖက်ရည်ပန်းကန် သူများ လုမှာစိုးသလို ကိုင်ထားပြီး ကျွန်တော့်အဖြေကို စောင့်ကြည့်နေကြ တယ်။

"နေပါဦး. . . ဘာရည်ရွယ်ချက်နဲ့ မေးတာလဲ"

"ဖြေမှာသာဖြေစမ်းပါ"

တကယ်တော့ အဲ့ဒီစကားအဓိပ္ပါယ်ကို ကျွန်တော်သိပ်မယုံ ကြည်ပါဘူး။ "ဖူးစာကံ" ဆိုတဲ့စကားသာ တကယ်အဓိပ္ပါယ်ရှိပြီး တကယ်ယုံကြည်စရာ ကောင်းတယ်ဆိုရင် ရည်းစားစကား လိုက် ပြောတာတို့ စေ့စပ်တာတို့ လုပ်စရာတောင် မလိုပါဘူး၊ သူ့အလိုလို ညားကြလေသတည်းပါပဲ။

အခုတော့ ချစ်သူတော်တော်များများ၊ အိမ်ထောင်သည် အတော်များများဟာ တစ်နည်းနည်း ကြိုးပမ်းစွမ်းဆောင်မှုတွေနဲ့ပဲ

www.burmeseclassic.com



ညားကြလေသတည်း ကုန်ကြတာပါ။ ပြီးမှ ဖူးစာဆိုတဲ့စကားကို ရမယ်ရှာ ခေါင်းစဉ်တပ်ကြတာလို့ပဲ ကျွန်တော်ထင်တယ်လေ။

"ဟဲ့!. . . ယုံလားလို့"

"အေး. . . ငါစဉ်းစားနေတာက အဲ့ဒီ 'ဖူးစာ'ဆိုတဲ့စကားလုံးက ပါဠိဘာသာလား၊ မြန်မာဘာသာလား၊ သက္ကတဘာသာက ဆင်းသက်လာတာလား၊ ပေါရာဏ ဝေါဟာရ အဘိဓာန်ထဲမှာရော ဘယ်လိုဖွင့်ဆိုထားလဲ"

"လျှာက ရှည်ပြန်ပြီ. . . မသိဘူးဟေ့"

"ဟော. . . မသိတဲ့ဟာကြီးကို နင်တို့ ယုံဖို့မယုံဖို့ စဉ်းစားနေတာ မလွန်လွန်းဘူးလား"

"ခိုင်မြ"

"ဘာလဲ"

"လျှာမရှည်နဲ့ဟာ. . . မေးတာဖြေ"

"ငါတော့ မယုံဘူး"

"ဘာလို့ မယုံတာလဲ"

"ရည်းစားလည်းမထားဘဲ၊ ဘယ်သူမှလာမစပ်ဘဲ သူ့အလိုလို အိမ်ထောင်ကျနေတာ ဘယ်နှစ်ယောက်လောက်ရှိလဲ"

"ဘာ!. ."

"မဘာနဲ့. . . ငါမေးတာ ရှင်းရှင်းလေး"

"ဒါတော့ နင် စကားကပ်ပြောတာပဲ"

"ခက်တာပဲ. . . အမှန်ကို လက်မခံတတ်သရွေ့ အမှောင်ထဲက ဘယ်တော့မှ မထွက်နိုင်ဘူးလို့ ဒဿနဆရာတစ်ယောက်က ဆိုဖူးတယ်"





"တော်ပြီ. . . မပြောနဲ့တော့"

"ဒါပေမယ့် ပြောရမယ် ခင်ကြည်ဖြူ။ အမှန်တော့ "ဖူးစာ" ဆိုတာ လူတွေ အလွဲသုံးစားလုပ်နေတဲ့စကားပဲ၊ ကိုယ့်ဘာသာ လုပ်ချင်ရာလုပ် ဖြစ်ချင်ရာဖြစ်ပြီးမှ ခေါင်းစဉ်လှလှ ရွေးလိုက်ကြတာ၊ ငါတော့မယုံဘူး. . . လက်မခံဘူး"

"ငါယုံတယ်"

ထိုအသံက ဧချင်းဘွဲ့မှုရဲ့အသံပါ၊ ကျွန်တော်ရော ခင်ကြည်ဖြူပါ လှမ်းကြည့်တော့ သူမက. . .

"ငါ့အမေဆို တရုတ်အရမ်းမုန်းတာ၊ အခု သူနဲ့ ညားတာ တရုတ်လေ၊ အဲ့ဒါ ဖူးစာမဟုတ်လို့ ဘာလဲ"

ကျွန်တော် ပြန်ပြောဖို့ပြင်တော့ သူမက ဆက်ပြောတယ်။

"ပြီးတော့ ငါ့အဒေါ်ဟာ သူ့ကိုကြိုက်နေတဲ့ သဘော်သားဆိုတဲ့လူကြီးကို ခါးခါးသီးသီးပဲ ငြင်းပစ်တယ်၊ ဘယ်လိုကြိုးစားကြိုးစား လုံးဝကိုလက်မခံတာ၊ နာဂစ်မုန်တိုင်းကျပြီး နောက်တစ်နေ့ကျတော့ ညားသွားကြတယ်၊ အဲဒါ ဖူးစာမဟုတ်လို့ ဘာလဲ"

"မဟုတ်ဘူး"

"လုပ်ပြန်ပြီ"

"နင်တို့ ခေါင်းစဉ်လွဲနေတာ၊ မှတ်ထား. . . ဖူးစာကံလို့ ဆိုလိုက်တာနဲ့ ဘူးတာအမှန်ပဲ"

"ဟမ်!. . ."

"ဘူးတာမမှန်ရင် ဦးရာကြံတာ၊ ဦးရာကြံတာမှ မဟုတ်ရင် ရှုးရာက ပြန်လာတာ၊ အဲ့ဒီတော့ ဖူးစာကံရယ်၊ ဘူးတာအမှန်ရယ်၊ ဦးရာကြံရယ်၊ ရှူးရာပြန်ရယ်ဆိုပြီး. . စကားလေးမျိုး ရှိတယ်၊ ဘယ်

www.burmeseclassic.com



*စကားကနေ စပြီးဆင်းသက်လာလို့* နောက်ဆုံး ဖူးစာကံဆိုပြီး ဖြစ်လာသလဲလို့တော့ ငါမပြောပြတတ်ဘူး၊ သေချာတာကတော့ တစ်မိသားနဲ့ တစ်မိသား ပေါင်းဖက်တဲ့ကိစ္စမှာ အဲ့ဒီလေးမျိုးထဲကလွဲပြီး မရှိနိုင်ဘူးဟာ၊ မယုံရင် ငါ လက်တွေ့ကြိုးစားပြရမလား၊ နင်တို့နှစ်ယောက်စလုံးကို ငါ တစ်ပြိုင်တည်း လက်ထပ်နိုင်အောင် ငါလုပ်ပြမယ်"

"ဟဲ့!. . . မသာကောင်၊ သေချင်းဆိုး၊ ကာလနာ၊ မြွေပွေးကိုက်. . ."

အသံတွေတင်မကဘဲ ထုမယ့်နှက်မယ့်ဟန်တွေပါ ပါလာလို့ ကျွန်တော် ခုံကနေထပြီး အသာနောက်ကိုယို့ထားရတယ်။

"လူယုတ်မာ"

ကျွန်တော် အသာအယာ ဝင်ထိုင်ပြီးမှ. . .

"ငါလက်မခံဘူးဆိုတာကို သက်သေယူပြမှာလေဟာ"

"တောက်!. . ."

"အေး. . . တော်ပြီ၊ နင်တို့လည်း မဟုတ်သုတ်ခတွေ လာမမေးနဲ့"

အဲ့သလိုလည်း သူတို့က မနေနိုင်ပြန်ဘူး။

"ငါတို့ စကားအကောင်းပြောမယ်ဟာ"

ဖြစ်ရလေ. . . မှန်မှန်ကန်ကန် ပြောတဲ့စကားကျတော့ မကောင်းဘူးပေါ့။ အင်းလေ. . . ထားလိုက်ပါတော့. . .။

"ပြော. . ."

"နင်သတိထားမိလား၊ ငါတို့အတန်းရှေ့မှာ လာလာရပ်နေတဲ့ ဟိုရှည်ရှည်ကောင်လေ"





"ဟေ. . . ဘယ်အကောင်လဲ၊ ငါမြင်တာတော့ အကုန်ရှည်ရှည်တွေကြီးပဲ၊ တစ်ချို့ဆို ကျောင်းတစ်ပတ်ပြည့်လို့ ကင်(န်)တင်းမှာတောင် ခွေထားရတယ်"

"နင် ဖောက်လာပြန်ပြီ၊ ဟို. . အသားမည်းမည်း အရပ်ရှည်ရှည်နဲ့. . စီးကရက်ကို စက်ရုံမီးလောင်သလို သောက်ပြနေတဲ့အကောင်ကို ပြောတာ"

ကျွန်တော်သိပါတယ်။ IC က၊ ကျော်ထွန်းမြင့် ဆိုတာပါ၊ မိဘတွေဘယ်လောက်ချမ်းသာသလဲတော့ မသိဘူး၊ ခင်ကြည်ဖြူကို ကြိုက်တာမှ သွပ်ချာပါဒေါ်လည်အောင် ကြိုက်လွန်းလို့ ကျွန်တော်တို့ အတန်းက ယောကျ်ားလေးတွေ သူ့ကိုပြဿနာမရှာအောင် ကြိုတိုင်းကျွေးမွေးကာ ပေါင်းသင်းနေတဲ့သူပါ။ ကျွန်တော်လည်း ဆယ့်ငါးရက်လောက် စားသောက်ပြီး အားနာတာနဲ့ ဆက်မစားတော့ဘဲ ရှောင်နေခဲ့တာပါ။

"အင်း. . . အဲ့ဒါဘာဖြစ်လဲ ပြောပါဦး"

"အဲ့ဒီကောင် ငါ့ကို အသည်းအသန်လိုက်နေတယ်၊ အတန်းထဲက ကောင်တွေကလည်း အဲ့ဒီကောင်ဆီက ခွစားပြီး ငါ့ကို ဝိုင်းလှော်နေကြတယ်၊ ငါလေ ညည အိပ်မက်ထဲမှာ အဲ့ဒီကောင်ကိုမြင်ပြီး လန့်အော်မိတာ ဘယ်နှခါမှန်းတောင် မသိတော့ဘူး၊ ငါ့ဖူးစာကံက အဲ့ဒီကောင်နဲ့သာဆို ငါသေမှာပဲ၊ အဲ့ဒါကြောင့် ဖူးစာကံဆိုတာ နင်ယုံလားလို့ မေးတာပေါ့"

ကျွန်တော့်အတွက်တော့ ရေငတ်တုန်း ရေသန့်ဘူးကားကို တားမိတာပါပဲ။

"ကောင်းပြီ. . . နင့်ဆန္ဒက ကျော်ထွန်းမြင့်နဲ့ လွဲချင်တာ

www.burmeseclassic.com



မဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ငါ့ကို ရည်းစားထားလိုက်လေ"

"ဘာ!!. . ."

"နင့်အသံကြီးကလည်းဟာ"

"နင်မဟုတ်တာတွေ လျှောက်ပြောနေတာကိုး"

"ငါ့ကို ရည်းစားလုပ်ခိုင်းတာ ဒီကောင်စိတ်ပျက်ပြီး နောက်ဆုတ်သွားစေချင်လို့ ရည်ရွယ်တာ. . အငှား. . အငှား၊ နင်က ငါ့ကို တကယ်ကြိုက်ခဲ့ရင်တောင် ငါကနင့်ကို လက်ခံဖို့ ရက်ပေါင်း(၄၀)လောက် စဉ်းစားဦးမှာ. . ရှင်းလား၊ လာပြီးမာန်တက်မနေနဲ့"

ကျွန်တော် အဲ့ဒီလိုခပ်တည်တည် ဖိဟောက်ပစ်တော့မှ မျက်နှာသေလေးနဲ့ ငြိမ်ပြီးကြည့်နေတယ်။ ခဏကြာမှ. . .

"အေးဟာ. . . နင် အဲ့ဒီလို ကူညီရင်ကောင်းမယ်"

"ကောင်းပြီလေ. . . ဒါဆို ငါ့ကိုချစ်တယ်ပြော"

"ဟမ်!. . ."

"ငါတို့ ရည်းစားလုပ်ကြမှာ၊ ဒါလေးတောင် မပြောရဲဘဲ ဘယ်လိုလုပ် ကျော်ထွန်းမြင့်ကိုစွ ရှင်းမှာလဲ၊ အနည်းဆုံး ဒီကောင်ယုံကြည်အောင် ငါတို့က ချစ်ပြ ကြင်နာပြရမှာ၊ အောင်မာ. . ဒီမှာ ငါက ရှက်တတ်တယ်နော်"

"ရှက်ရင် အဲ့ဒီမှာသေလိုက်၊ သေတောင်မပြောဘူး၊ ဟဲ့!. . ချောင်းသာသွားမယ်၊ ကြာကြာထိုင်ရင် သူ့ပါးတွေ ကြေမွကုန်လိမ့်မယ်. . . ဟင်း"

"ဖြည်းဖြည်းနမ်းပေါ့ဟာ"





"ဟင်း. . မသာ. . နင်"

ဒီတစ်ကြိမ် တကယ်တွယ်မှာသိတဲ့အတွက် ကျွန်တော် ဦးအောင်ထပြေးပြီး ကောင်တာမှာ ပိုက်ဆံသွားရှင်းပါတော့တယ်။

ဘာပဲဖြစ်ဖြစ် ရင်ခုန်ရပါတယ် ခင်ကြည်ဖြူ။


အောင်မြင်စာပေ

www.burmeseclassic.com



တစ်နေ့တစ်နေ့ရယ်နဲ့
မေ့မရတဲ့ဒီလူ...
မြင်သူတွေ ဘဝင်စွဲအောင်
ဆွဲဆောင်ခဲ့သူ...
လှရက်ပေ့အမှု
ဖြူစင်ပေ့အလင်း
မယ့်သတင်းကောင်းချင်းသာလို့
သီချင်းကဗျာစာစီကုံးလည်း
မယ့်အလှကို မဖုံးနိုင်မ
တောင်ကတုန်းနဲ့ အိုးကြီးလုပ်
ကျုပ်ခများသို့မှီ၊ လှပြီးရင်းလှရက်ပုံ
အလှတွေအကုန်ထည့်လည်း
မဆန့်မပြီရယ်ကြောင့်
ဘယ်ဘဝ ကိုယ်ကျိုးနည်းပြီးတော့
"ဟယ်"...
လျှာအိုးကကွဲ...





## အခန်း (၈)

**သော**ကြာနေ့. . . ကုမ္ပဏီမှာ ရှယ်ယာရှင်များအစည်းအဝေးရှိတယ်။ သူမဖခင်လည်း အဲ့ဒီအစည်းအဝေး တက်ရမှာမို့လို့ လိုအပ်တဲ့အချက်အလက်နဲ့ စာရွက်စာတမ်းတွေ ကူညီလုပ်ကိုင်ပေးနေတုန်း အငယ်မ ခင်ကြည်ဖြူလေးက လေချွန်ပြီး ဝင်လာတယ်။ ကားဝယ်ပေးလိုက်ပြီးကတည်းက ကျောင်းပိတ်ရက်ကလေးတောင် အိမ်မှာမတွေ့ရတော့လို့. . .

"ဒက်ဒီ့သမီးလဲ နည်းနည်းပြောဦး၊ ကားဝယ်ပေးလိုက်တာ

www.burmeseclassic.com



တည်းက အငြိမ်ကို မနေ့တော့ဘူး”

“အေးပါကွယ်. . မနေ့ကတောင် ဒက်ဒီပြောပါတယ်၊ အခုက သင်တန်းက ပြန်လာတာထင်တယ်၊ သူ့ခမျာမှာလည်း ကျူရှင်ရော၊ သင်တန်းရော၊ ကျောင်းရော. . အပြေးအလွှား တက်နေရပါတယ် သမီးရယ်”

သူမ ဆက်မပြောတော့ပါဘူး၊ ခင်ကြည်ဖြူက အငယ်ဆုံးမို့ အချစ်ပိုတာရော၊ မာမီဆုံးပြီးကတည်းက ငယ်ငယ်ရွယ်ရွယ်နဲ့ မိတဆိုးမလေးဆိုပြီး အသနားပိုတာပါပေါင်းပြီး ဒက်ဒီ အလိုလိုက်ထားတာပါ။ ဆက်ပြောလည်း သားအဖချင်း ကတောက်ကဆ ဖြစ်ရုံအပြင် ပိုမရှိပါဘူး။

သူမကတော့ အငယ်မနဲ့ ခြောက်နှစ်တိတိ အသက်ကွာပြီး မာမီမရှိတော့ကတည်းက မာမို့ကိုယ်စား အိမ်မှုကိစ္စနဲ့ မိသားစုစီးပွားရေးအခြေအနေကိုပါ ထိန်းသိမ်းနေရတဲ့အတွက် ဒက်ဒီ့စိတ်ထဲမှာရော မျက်လုံးထဲမှာပါ သူမကို လူကြီးတစ်ယောက်လို မြင်တာထက် လျှော့ပြီးမမြင်တော့ပါဘူး။ အဲ့ဒါကြောင့် သူမမှာ သမီးတစ်ယောက်ရဲ့လုပ်ပိုင်ခွင့်၊ နွဲ့ဆိုး,ဆိုးပိုင်ခွင့်အားလုံးလိုလို စွန့်လွှတ်လိုက်ရပြီး ကန္တေြကြီး တစ်ခွဲသား. . (ဟင့်အင်း)တစ်တင်းလောက်နဲ့ ညှစ်ပျစ်ပြီး နေနေရတာပါ။ တစ်ခါတစ်လေ အငယ်မလိုပဲ စိတ်လွတ်ကိုယ်လွတ် ပျော်ချင်ပါးချင်ကာ နေပစ်လိုက်ချင်ပေမယ့် ကိုယ့်နေရာနဲ့ ကိုယ့်ရပ်တည်မှုကို ပြန်ငဲ့ကာ မြိုချနေရတယ်။

ခုနေခါ ကုမ္ပဏီလုပ်ငန်းတာဝန်တွေကပါ ထပ်ပြီးဖိထားတော့ သူမမှာ လှုပ်ခွင့်ရရင်တောင် လှုပ်လို့မရတော့ပါဘူး။

“လက်ရှိကုမ္ပဏီရဲ့အခြေအနေကိုရော သမီးဘယ်လိုမြင်သလဲ”

ဖခင်ရဲ့စကားကြောင့် သူမအတွေးပြန့်လွင့်မှုတွေ မနည်းပြန်အုပ်စီးရတယ်။

“ဒက်ဒီ ဘာမေးတာလဲဟင်”

“သြော်. . . ကုမ္ပဏီ လက်ရှိအခြေအနေနဲ့ ပတ်သက်ပြီး သမီးရဲ့အမြင်ကို ပြောတာပါ”

“အင်း. . အဲ့ဒါက ဘယ်လိုပြောရမလဲ၊ ကိုယ်က ပြည်တွင်းနည်းပညာ၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု. . သီးသန့်ထူထောင်ထားတဲ့ ကုမ္ပဏီဆိုတော့ ပထမဆယ်စုနှစ်အပိုင်းအခြားမှာ အရမ်းအောင်မြင်ခဲ့ပေမယ့် လက်ရှိဆယ်စုနှစ်အပိုင်းရဲ့ အစပိုင်းမှာကတည်းက စိန်ခေါ်မှုတွေအများကြီး ရင်ဆိုင်နေရတယ် ဒယ်ဒီ၊ ဘာကြောင့်လဲဆိုတော့ အခုထပ်ရောက်လာတဲ့ ကားကုမ္ပဏီနှစ်ခုက ပြည်ပနည်းပညာ. . ၊ ပြည်ပရင်းနှီးမြှုပ်နှံမှု သီးသန့်ဆိုတော့ ဈေးကွက်ထဲမှာ အရည်အသွေးရော ရောင်းအားပါ ကိုယ်က မနည်းလိုက်ရုန်းနေရတဲ့ အခြေအနေရောက်သွားတယ်၊

အဲ့ဒါကြောင့် ခုလို အရေးပေါ် အစည်းအဝေး ခေါ်လိုက်ရတာပဲလေ၊ အခြေအနေအရ စီမံကိန်းအသစ်တွေ ပြင်ဆင်ပြောင်းလဲဖို့ရော၊ လက်ရှိအခြေအနေရဲ့ရလာဒ်တွေကိုပါ ရှယ်ယာရှင်တွေ သဘောပေါက်နားလည်ဖို့ စွန့်စားရမယ့်ကိစ္စရပ်တွေအပေါ် မှာ အားပေးညီညွတ်နိုင်ကြဖို့ပါ”

“အား. . . မမရေ၊ လာပါဦး. . . အားဟား၊ ဟတ်ဟတ်ဟတ်. . ခစ်ခစ်ခစ်. . . မမရေ. . . မမ”

“ဟဲ့!. . ဘာလဲ”

www.burmeseclassic.com



အပေါ်ထပ်ကနေအော်ဟစ်ခေါ်နေတဲ့ ခင်ကြည်ဖြူကြောင့် သားအဖနှစ်ယောက် အာရုံပျက်ပြီး မော့ကြည့်ကြတယ်။

"ကဲ. . ကဲ. . ဒက်ဒီအတွက် ဒီလောက်ဆိုရပြီ၊ သွားလိုက်စမ်းပါဦး သမီးရာ၊ အဲ့ဒီတစ်ယောက်နဲ့တော့ ဒက်ဒီလဲ ဦးနှောက်ခြောက်ပါတယ်"

ဆိုတော့ကာ ခင်မြတ်မူလည်း ဖခင်အနီးကနေ ထထွက်လာပြီး အပေါ်တက်လာခဲ့တယ်။ အခန်းတံခါး ဖွင့်ကြည့်လိုက်တော့ အငယ်မရယ် ကွန်ပျူတာရယ် စားပွဲမှာ ရှိနေတာပါ။

"ဟဲ့!. . . ဘာလဲ အလန့်တကြားနဲ့"

"လာ. . . လာပါဦး မမရယ်၊ ဒီမှာကြည့်ပါဦး"

သူမ ပင့်သက်ရှိုက်ရင်း ရောက်သွားတယ်။

"ဘာလဲပြော"

"ဒီမှာ ဖတ်ကြည့်ပါဦး၊ ဒါ အင်တာနက်မှာ တင်ထားတဲ့ မြန်မာ ဟာသဝက်(ပ်)ဆိုက်တစ်ခုလေ၊ အရမ်းရယ်ရတယ်၊ အဟိဟိဟိ. . . နားထောင်၊ ကြည်ဖြူဖတ်ပြမယ်. . .၊

ရပ်ကွက်ထဲမှာ လင်မယားနှစ်ယောက် ရန်ဖြစ်ပြီး ဆဲကြဆိုကြလို့ ရပ်ကွက်ရုံးကို ရောက်သွားတယ်တဲ့၊ ရပ်ကွက်လူကြီးက မေးတယ်၊ နင်တို့လင်မယား စတွေ့ကြတုန်းက ဘယ်သူအရင် ချစ်စကားကြိုက်စကား စပြောတာလဲတဲ့၊ အဲ့ဒီတော့ ယောကျ်ားလုပ်သူက ကျွန်တော်ပါလို့ ပြောတယ်၊ ဒါဆို နင်က သူပြောတာကို လက်ခံတယ်ပေါ့လို့ မေးတော့ မိန်းမလုပ်သူက ခေါင်းညိတ်တယ်၊

အဲ့ဒီတော့ လူကြီးက ဆုံးဖြတ်ချက်ချတယ်၊ ဒီလိုရန်ဖြစ်နိုင်ဖို့ ချစ်စကားကြိုက်စကား စပြောတဲ့သူက ဒဏ်ငွေနှစ်ထောင်၊ လက်ခံတဲ့သူက တစ်ထောင်တဲ့. . . အဟိဟိဟိ၊ အဲ့ဒီရပ်ကွက်လူကြီးက ရန်ဖြစ်တဲ့လင်မယားတိုင်း အဲ့ဒီလို ဒဏ်တပ်ပြီး ဆုံးမလွှတ်နေတာ၊ တစ်နေ့တော့ လင်မယားနှစ်ယောက် ရန်ဖြစ်သတ်ပုတ်ကြလို့ ရုံးရောက်လာတယ်။ ရပ်ကွက်လူကြီးက သူ့ဥပဒေအတိုင်း ဆုံးမပြီး ဒဏ်တပ်မယ်လုပ်တော့ လင်မယားနှစ်ယောက်ထဲက ယောကျ်ားလုပ်သူက ပြောတယ်။

ဒီကိစ္စကို ဒီလိုတော့ ဖြေရှင်းပေးပါ၊ ကျွန်တော်တို့ လင်မယားရယ်လို့ ဖြစ်လာတဲ့ကိစ္စက ဘယ်သူ့ဘယ်သူမှ ကြိုက်လို့မဟုတ်ပါဘူး၊ လူကြီးတွေမြန်းပြီး ပေးစားတာပါ၊ စေ့စပ်ကြောင်းလမ်းတဲ့နေ့က ဥက္ကဋ္ဌကိုယ်တိုင် မင်္ဂလာစကားပြောပြီး ပေးစားလိုက်တာမို့လို့ ဥက္ကဋ္ဌဆီမှာ ကျွန်တော် အလျော်ပြန်တောင်းပါတယ်၊ ကျွန်တော့် လုပျိုဘဝ ပြန်ပေးပါ၊ မိန်းမကလည်း တောင်းတယ်၊ ကျွန်မအပျိုဘဝ ပြန်ပေးပါ၊ မပေးနိုင်ရင် ဒဏ်ငွေတစ်သောင်း ဆောင်ပါဆိုလို့ ဥက္ကဋ္ဌရာထူးက နှုတ်ထွက်သွားတယ်တဲ့. . . အဟတ်ဟတ်ဟတ်"

အမှန်တော့ ခင်ကြည်ဖြူ စပြီးဖတ်ပြနေကတည်းက ခင်မြတ်မူ စိတ်ပျက်ပြီး အခန်းထဲကနေ ပြန်ထွက်သွားခဲ့ပါပြီ။

"ရယ်ရတယ်နော်. . . မမ. . . ဟင်!. . ."




www.burmeseclassic.com

ဗိုးသိုးဖတ်သပ်လေး ဖြစ်နေတဲ့ရင်နဲ့
မိုးတိုးမတ်တတ်လေး ရပ်ပြီး
တိုးတိုးလှုပ်လှုပ်လေး ပြောချင်တယ်...
**...ချစ်တယ်...**
ဆိုတော့ကာ...
ကောင်မလေးက ကျွန်တော့်ကို...
ဂိုးဂိုးဂွပ်ဂွပ်နဲ့ ထိုးကြိတ်သွားတယ်...
(ရည်းစားစကား ပြောချင်ရင်...
တိုက်ကွန်ဒို သင်ဖူးလားလို့...အရင်မေးဗျို)
အား...ကျွတ်...ကျွတ်။







## အခန်း (၉)

ဒီနေ့တော့. . ရဲရင့်တစ်ယောက် တက္ကစီငှားပြီး နာရေးအိမ်ကို ရောက်သွားတယ်။ အခြေအနေအားလုံး အဖေ့ဆီ ဖုန်းဆက်ပြီးပြောပြတော့. . လောလောဆယ် ကာယကံရှင်တွေ စိတ်အနှောင့်အယှက်မဖြစ်အောင် ကူညီလိုက်ပါ၊ သုံးသင့်သုံးထိုက်တဲ့ငွေကြေးကို သုံးပါ၊ နစ်နာကြေးနဲ့ ခံစားခွင့်ကိစ္စကို နာရေးကိစ္စပြီးမှ အေးဂျင့်ကနေ ဖြေရှင်းပေးလိုက်ပါမယ်. . တဲ့။

သူလည်း ထွေထွေထူးထူး စဉ်းစားမနေဘဲ ဖခင်မှာထားတဲ့

www.burmeseclassic.com



အတိုင်း လုပ်ပေးဖို့ သွားတာပါ။ ဒီနေ့က ရက်ကြီးလို့ခေါ်တဲ့ ဆွမ်းကျွေးအလှူ ရှိနေတဲ့အတွက် ဧည့်သည်တွေကတော့ ဝင်လာမစဲတသဲသဲပါပဲ။ အိမ်ရှေ့မှာလည်း စားပွဲအကျအနခင်းပြီး ပန်းအလှအိုးနဲ့ ငွေဖလားကြီးနဲ့ နာရေးအကူငွေ ကောက်ခံနေတဲ့အတွက် သူလည်း ငါးသောင်းကူငွေထည့်လိုက်တယ်။

ကူငွေထည့်ရင်း. . သူထားခဲ့တဲ့ကားကို ဝေ့ပတ်ရှာကြည့်တယ်။ ကားဆိုလို့ သစ်ပင်အောက် ခေါင်းထိုးရပ်ထားတဲ့ ဆိုက်ကားတစ်စီးပဲတွေ့တော့ သူ နည်းနည်းစိုးရိမ်သွားမိတယ်။ သူ့ကားကို ပေါင်ပြီး အလှူလုပ်နေကြလားပေါ့။ အဲဒီအခိုက်မှာပဲ မိမုန်း အိမ်ပေါ်က ပြေးဆင်းလာပြီး. . .

"ကို. . ကိုရဲရင့် ဟုတ်ပါတယ်နော်"

"ဟုတ်တယ်လေ"

"ဟယ်. . အခုမှပဲလာတယ်၊ အမေလည်း တစ်ချိန်လုံးမျှော်နေတာ၊ လာ. . လာ. . အပေါ်တက်"

မိမုန်းနဲ့သူက စတွေ့တဲ့ပထမနေ့မှာပဲ တစ်နေကုန် ကားပေါ်က မဆင်းစတမ်း သွားလာရင်းနှီးခဲ့ကြတာဆိုတော့. . ဒုတိယနေ့မှာ သမုဒယအတွေ့လိုမျိုး ရင်းနှီးခဲ့ကြတယ်။

"စားနော်. . ဒီအုန်းနို့ခေါက်ဆွဲက ဒီရပ်ကွက်ရဲ့အကျော်အမော် မချိုတို့သားအမိလက်ရာလေ၊ သူတို့သားအမိက ဆီဒိုးနားဟိုတယ်မှာတောင် သွားပြီးချက်ပြုတ်ဖူးတဲ့သူတွေလေ အရမ်းမိုက်တာ၊ စားပြီးရင်း စားချင်ပဲ၊ မိမုန်းဆို ဒီမနက် လေးခါတောင် စားပြီးပြီ အဟီးဟီး. .၊ အခုတောင် ဗိုက်မချောင်သေးလို့"

"ဩော်. . . ကိုရဲရင့် ရောက်နေပါလား"





"ဟုတ်ကဲ့ခင်ဗျ"

မိမုန်းရဲ့အစ်ကိုကြီးမှန်းသိလို့ ယဉ်ကျေးစွာပဲ ပြန်နှုတ်ဆက်လိုက်တယ်။ ကိုအောင်မောင်းက ဝင်ထိုင်ရင်း. . .

"ခင်ဗျားကားကိုတော့ ဝပ်ရှော့မှာ ပို့ထားတယ်ဗျ"

"ဗျာ!. . . ဘာဖြစ်သွားလို့လဲ"

"အင်း. . . ဝပ်ရှော့ဆရာ ပြောတာတော့ အင်ဂျင် အဖမ်းခံရတယ်လို့ ပြောတာပဲ"

"ဟာ!. . . အင်ဂျင်တစ်လုံးထဲ ဘယ်လိုလုပ် အဖမ်းခံရတာလဲ"

"ဟိုလေဗျာ. . . အင်ဂျင်ဝိုင် နည်းနေလို့ အင်ဂျင်ကြပ်သွားတာကို ပြောတာ"

"ဩော်. . တော်ပါသေးရဲ့၊ အိုခေ. . အဲ့ဒါ ကျွန်တော့်ဘာသာပဲ စီစဉ်လိုက်ပါ့မယ်၊ အခု နာရေးကိစ္စရော အားလုံးအဆင်ချောရဲ့လား"

"ချောတာမှ ဆယ့်ငါးသိန်းလောက် ချောသွားပြီ ကိုယ့်ဆရာရေ၊ အမေကလည်း သူ့သားငယ်အတွက် ဘာလုပ်လုပ် ရှယ်ကြီးပဲ၊ လက်ဖက်ရည်တောင် ဒီရက်တွေ ရှယ်ပဲသောက်တယ်"

ရဲရင့် ငိုရမလိုရယ်ရမလို ဖြစ်နေခိုက်မှာပဲ ဒေါ်လှသီ ရောက်လာပြီး ထိုင်တယ်။

"အမလေး. . . ငါ့တူကို ခုမှပဲ မြင်ရတော့တယ်၊ ဒါနဲ့ စကားခစပ် မေးရမှာပဲ၊ မင်းတို့ကုမ္ပဏီက ငါ့သားအတွက် လျော်ကြေးကိစ္စ ဘယ်တော့ဆောင်ရွက်မှာတဲ့လဲကွယ်"

"အင်း. . . ညက ဖုန်းပြောတာတော့ နာရေးရက်လည်ပြီး

www.burmeseclassic.com



ရင် အေးဂျင့်ကနေတဆင့် ဖြေရှင်းပေးမယ်လို့ ဆိုပါတယ်"

"အေး. . . ကျေးဇူးပါကွယ်၊ မင်းတို့လည်း ကုသိုလ်ရမှာပါ၊ အဒေါ်လေ သားလေးအတွက် ရည်စူးပြီး ဆွမ်းစားကျောင်းဆောင် တစ်ဆောင် ဆောက်ဖို့တောင် ဒီမနက်ပဲ ဆရာတော်ကို လျှောက်ထားလိုက်ပြီ၊ အားလုံး သိန်းနှစ်ဆယ်ဖိုးလောက်ပေါ့၊ အခု ကုန်ကျထားတာနဲ့ပေါင်းရင် သိန်းသုံးဆယ်ကျော် လေးဆယ်နီးပါးပါပဲ၊ ဟိုကရမှာနဲ့ နှုတ်ကြည့်လိုက်ရင် သိန်းသုံးဆယ်လျော့လျော့လောက် ကျန်ဦးမှာလေ၊ အဲ့ဒါကိုတော့ ကျန်ခဲ့တဲ့ ငါ့မြေး ဖတဆိုးလေးတွေ နောင်ရေးအတွက် ဘဏ်တိုးရအောင် အပ်ထားရမှာပဲ. . . အဟင်းဟင်းဟင်း၊ ကဲ. . . စားနော် အားမနာနဲ့. . . အဟင်းဟင်း"

ဒါပေမယ့် ရဲရင့် ဆက်စားဖို့တောင် အားနာသွားပါတယ်။ တွက်ရေးနဲ့ စက်သူဌေးဖြစ်နေကြတဲ့မိသားစုတွေ၊ တွက်ကြည့်မှ စက်မရှိတော့ရင် ဘယ်လိုလုပ်မလဲ ဆိုတဲ့အတွေးကြောင့် ရဲရင့် မစားတော့ဘဲ ရပ်လိုက်တယ်။

"ဟင်. . . တော်ပြီလား ကိုရဲရင့်"

"ရပြီ. . . သိပ်ကောင်းတော့ မစားနိုင်ဘူး"

"ဒါဆို အချိုတည်းလိုက်ဦး. . . လာ. . . ဒီဖက်မှာ ခဏ"

ဒေါ်လှသီရော ကိုအောင်မောင်းပါ ထပ်ရောက်လာတဲ့ သူတို့ဧည့်သည်တွေကို ထပြီးဧည့်ခံကြတဲ့အတွက် အချိုပွဲဝိုင်းမှာ သူနဲ့ မိမုန်းပဲ ကျန်ခဲ့တယ်။

"မိမုန်းက ဒီအိမ်ရဲ့အငယ်ဆုံးပေါ့"

"ဟုတ်. ."

"အိမ်ထောင်နဲ့လား. . ."





"အို. . . အပျိုစစ်စစ်ပါနော်"

"ဟာ. . . ဆောရီးကွာ. . . မသိလို့ပါ"

"ကိုရဲရင့်ကရော"

"ကိုယ်လည်း လူပျိုပါပဲ"

"ဟယ်. . . တကယ်"

"အင်းလေ. . ."

မိမုန်း အပျော်နဲ့ပြုံးလိုက်တဲ့ မျက်နှာပေါ်မှာ ရှက်သွေးရောင်လေးတွေ တလျှမ်းလျှမ်း ထသွားတာ ရဲရင့်တွေ့ပြီး ရင်ထဲတောင် ဒိန်းခနဲ မြည်သွားတယ်။ အမှန်ပြောရရင် သူ့ဘဝမှာ မိန်းမပျိုတစ်ယောက်နဲ့ ခုလောက်ရင်းရင်းနှီးနှီး ဆက်ဆံခွင့်ရတာ ဒါ ပထမဦးဆုံးပဲ မဟုတ်လား။

ဘေးခြံကခင်မြတ်မူကို မြင်မြင်ချင်း အရှူးအမူး စွဲလန်းပြီး သူ့ရဲ့အချစ်စိတ်ကို စတင်မွေးဖွားပေးခဲ့သူလို့ ဆိုနိုင်ပေမယ့် တကယ့်လက်တွေ့မှာ ခင်မြတ်မူရဲ့ကိုယ်သင်းနံ့လေး ရှူရှိုက်ခွင့်ရဖို့တောင် အရမ်းကိုခက်ခဲတာလေ. . .။

ရည်းစားစကား လိုက်ပြောတုန်းကလည်း ပါးရိုက်မယ်ချည်း ကြိမ်းဝါးနေလို့ ဝေးဝေးကနေ ဒဿနတွေရေးရေးပြီး ဆွေးရတာကြာပေါ့။

ခုတော့ မိမုန်းဆိုတဲ့ချာတိတ်မလေးက ဖော်ရွေပြီး ခင်စရာလေး၊ ရုပ်မချောပေမယ့် စိတ်သဘောလေးဖြူတော့ လူကို ဆွဲဆောင်နိုင်မှုရှိတယ် ဆိုရမလား. . .။

ဒီလိုလေး ပြင်ဆင်ထားတော့လည်း မဆိုးပါဘူးလို့ သူ့စိတ်ကသတ်မှတ်ပြီး အဆင်ပြေလက်စနဲ့ အဆင်ပြေအောင် ဆက်ဆံ

www.burmeseclassic.com



ကြည့်ဖို့ ဆုံးဖြတ်မိတယ်။

မိမုန်းလည်းဒီလိုပဲ၊ ကျော်ဇေယျက ငယ်ချစ်လို့ ပြောနိုင်ပေမယ့် သူမဖက်က တစ်ဖက်သတ် ချစ်ခဲ့ရတာလေ။ ဟိုတစ်လောက အလှူမှာ ကျော်ဇေယျ ပြောလိုက်တဲ့ စကားတစ်ခွန်းက သူမရင်ကို ဘယ်နှစိတ်ကွဲမှန်း မသိအောင် ခွဲပစ်ခဲ့တာ။ ခံစားရတဲ့သူထက် ဘယ်သူပိုသိနိုင်မှာလဲ. . . ။

သေချာကြည့်ရင်. . ကိုရဲရင့်ကမှ ပိုပြီးတော့တောင် တည်ကြည်ခန့်ငြားသေး၊ ကိုယ်ပိုင်ကားနဲ့ သူဌေးသား၊ ဟင်း. . ကျော်ဇေယျဆိုတဲ့လူ အဆီဖူး ခါသွားအောင် တွဲပြလိုက်ဦးမယ်. . . ပေါ့။

"ဪ. . . အခုမှ သတိရတယ်၊ ကိုယ့်ကားကို ထားခဲ့တဲ့ ဝပ်ရှော့ကို မိမုန်းသိလား"

"အင်း. . သိတယ်၊ အဲ့ဒီနေ့က အလှူအတွက် ပစ္စည်းဝယ်ဖို့ သွားကြတော့လေ. . မိမုန်းလည်းပါတယ်၊ (၃၅)လမ်းက ဂျပန်ကားဝပ်ရှော့ဆိုင်မှာ ထားခဲ့တာ"

"ဘယ်. . ဘယ်နားမှာလဲ၊ ကိုယ့်ကိုလိုက်ပို့ပေးပါလား"

"ခဏနော်. . . အမေ့ကို ပြောလိုက်မယ်"

မိမုန်း ထွက်သွားပြီး သိပ်မကြာဘူး ပြန်ရောက်လာတယ်။

"သွားစို့ ကိုရဲရင့်"

"အိုခေ. . ."

ရဲရင့် ပျော်သွားတယ်။ အသက်သုံးဆယ်ကျော်မှ စန်းထတဲ့ ဒီအခွင့်အရေးကိုတော့ လုံးဝလက်လွှတ်လို့ မဖြစ်တော့ဘူးဆိုတဲ့ အတွေးနဲ့ပါ. . . ။

အဲ့ဒီအချိန်မှာပဲ ဦးဘတူတို့လင်မယားနဲ့ ကျော်ဇေယျတို့



နာရေးအိမ်ကို ရောက်လာကြတယ်။ မိမုန်းလည်း လက်တုန့်ပြန်ချင်တာနဲ့ အတော်ပဲမို့လို့ ဘယ်သူ့မှဂရုစိုက်မနေဘဲ ရဲရင့်လက်မောင်းကို ကယုကယ ခိုတွဲပြီး ချိချိမော့မော့လေး ထွက်သွားပါတော့တယ်။

၅ ၅ ၅ ၅

www.burmeseclassic.com



မိမုန်းလုပ်ပုံက မိသားစုကို မျက်နှာပူစရာ ဖြစ်ပေမယ့် ဒေါ်လှသီကတော့ ကြိတ်ပြီးကျေနပ်နေတယ်။ ဒီဟာမလေး အဲ့ဒီလိုနဲ့ အဆင်ပြေသွားရင် ကောင်းသားပေါ့။

"ထိုင်ကြ ကိုဘတူ. . မောင်ကျော်ဇေယျ ထိုင်လေကွ"

"ဟုတ်. ."

"ဟဲ့. . . ဒီမှာ ဟင်းရည်လိုက်ပေး၊ ဘဲဥနဲ့အကျွတ်ကြော်ပွဲတွေ ထပ်ဖြည့်စမ်း"

မိမုန်းတို့အခြေအနေကို မြင်ထားတဲ့ ဦးဘတူတို့လင်မယားလည်း ကျေနပ်မဆည်နိုင်အောင်ဖြစ်ပြီး ဒေါ်လှသီကို မေးကြတယ်။

"ခုနက မိမုန်းနဲ့တစ်ယောက်က ဘယ်သူများလဲ မလှသီ"

"သြော်. . . အငယ်ကောင့်ကျူမွှေကြီက ပိုင်ရှင်ရဲ့သားလေ၊ လူကောင်းလေးပါ. . . ဟင်းဟင်းဟင်း"

"ရင်းနှီးတာ ကြာပြီလား"





"အခု နာရေးဖြစ်မှလေ"

"ဟင်. . . မလှသီရယ်၊ ကြည့်လည်း လုပ်ပါဦး"

"အိုး. . ကျွန်မ သူ့အဖေနဲ့ အကြောင်းပါတော့ ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ်၊ အခု မိမုန်းက ဆယ့်ကိုးနှစ်ထဲ ရောက်နေပြီ. . . မပူဘူး"

အမေအရင်းက မပူပေမယ့် ဦးဘတူတို့လင်မယားက ရင်ဘတ်ဖိနေတယ်။ သူတို့မလဲ သမီးမိန်းကလေး မရလို့ ဒါလေးနဲ့ အာသာဖြေနေရတာ မဟုတ်လား။ တောက်တက်တောက်တက်နဲ့ လမ်းလျှောက်တတ်ကတည်းက ခေါ်ခေါ်ပြီး ချစ်နေရတာဆိုတော့ စိတ်ပူတယ်လေ။ အဲ့ဒါကြောင့် အလှူအိမ်ကပြန်မှ သားတော်မောင်ကို တာဝန်ပေးတယ်။

"သားရေ. . . မင်းနှမ ရေတိမ်နစ်နေပါဦးမယ်ကွာ၊ ဟိုဖက်က အခြေအနေကို နည်းနည်းစုံစမ်းကြည့်ပါဦး"

"အိုး. . အဖေရာ၊ အိုးကမပူ စလောင်းကပူမနေပါနဲ့"

"ဟဲ့. . သားရဲ့၊ မင်း တာဝန်မဲ့တဲ့စကား မပြောနဲ့၊ မင်း ဒီအလုပ်ကိုရတာ ကိုဖိုးပိန်ကျေးဇူးကြောင့်လေ၊ အခု သူမရှိတော့ပေမယ့် သူ့ကျေးဇူးကိုထောက်ပြီး ကြည့်ရှုသင့်တယ် မဟုတ်ဘူးလား"

"ခက်တာပဲ အမေရာ၊ အခု ပြတ်လက်စ ပြတ်ချင်တယ်. . သွားရှုပ်လို့ အိမ်ပေါ်ပြန်ရောက်လာရင် သားအနေခက်တယ်ဗျ"

"အေး. . . မင်းသဘောမကျဘူးဆိုတာ အမေသိတယ်၊ မင်းစိတ်မပါတဲ့ အိမ်ထောင်ရေးကိုလည်း အမေတို့ အတင်းမစီစဉ်ဘူး၊ ဒါပေမယ့်. . ခုကိစ္စကတော့ သူငယ်ချင်းအောင်ထွန်းမျက်နှာလည်းရှိ၊ ကျေးဇူးလည်းရှိတော့ မင်းစုံစမ်းကြည့်ကွာ. . .၊ လိုအပ်

www.burmeseclassic.com



ရင် အမေတို့ သူ့အမေနဲ့တိုင်ပင်ပြီး စီစဉ်မယ်"

"ပြီးရော. . သားကတော့ မိမုန်းကို လုံးဝပဲနော်. . ."

ဦးဘတူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သက်ပြင်းချကြတယ်။







# အခန်း (၁၀)

ကျွန်တော်ရှိရာ ကင်(န်)တင်းကို ခပ်စိုက်စိုက်လေး လျှောက်လာတဲ့ ခင်ကြည်ဖြူကို လှမ်းကြည့်ပြီး ရင်ခုန်သွားမိတယ်။ ကြည့်ရင်းနဲ့ လှလှလာတယ်လို့ပဲ ပြောရမလား မသိဘူးဗျ. .၊ လမ်းလျှောက်လာတာတောင် ခါတိုင်းလို ဘုံစောက်စောက် ဘောက်ဆတ်ဆတ်မဟုတ်ဘဲ မော်ဒယ်ကောင်မလေးတွေ ကက်ဝေါ့လျှောက်သလိုမျိုး စတိုင်ကျကျ ရွရွကလေး. . .။

အနားရောက်တော့ ကျွန်တော် ပဋိသန္ဓာရစကား မဆိုဘဲ

www.burmeseclassic.com



ခပ်ငေးငေးလေး မော့ကြည့်နေမိလို့ သူမ မျက်စောင်းလှလှလေးနဲ့ ခုံဆွဲပြီး ထိုင်လိုက်တယ်။ ဒီတော့မှ ကျွန်တော် ပြောပါတယ်။

"နင်အရမ်းလှလာတယ် သိလား"

"သွားပါ. . . ငါ နင့်ကို သတ်ချင်တယ်. . . ဟင်း"

"ပုဒ္ဓေါ. . ."

"ဟိုနေ့က ချောင်းဘွဲ့မှုန်းရွှေ့မှာ နင် မဆင်မခြင် ပြောတာကို ပြောတာ"

"ဟာ. . ဒါများ၊ ချောင်းက ဘော်ဒါတွေပဲဟာ. . ဘာဖြစ်လဲ"

"ရှက်တာပေါ့ဟဲ့"

"အခုရော"

"သွား. . . မသိဘူး၊ ကော်ဖီမှာပေး"

"ဟင်. . . လက်ဖက်ရည် မဟုတ်တော့ဘူးလား"

"နင်နဲ့ငါ ချစ်သူစဖြစ်မယ့်နေ့ကစပြီး ကော်ဖီသောက်ဖို့ ဆုံးဖြတ်ထားတယ်၊ ပြတ်သွားတဲ့နေ့မှ လက်ဖက်ရည် ပြန်သောက်မယ်"

"အလိုလေး. . . စတောင် မစရသေးဘူး၊ ဖြတ်ဖို့ အစီစဉ်ပါ ဆွဲထားပါလား"

"ဟဲ့. . . ငါတို့က ကိစ္စရှိလို့ ခဏဖြစ်ကြတာလေ၊ နင်ပဲ ပြောတာလေ"

"အေးပါ. . . အေးပါ၊ ငါကတော့ နင်နဲ့ ပြတ်မှပဲ ကော်ဖီ ပြောင်းသောက်တော့မယ်"

"ဟင်. . . တစ်မျိုးပါလား"

"အဲ့ဒါ ကက်ကင်းရိုက်တာလေ. . . ပြတ်မှာစိုးလို့"





"ဘာ!. . ."

"ဖြည့်ဖြည်းအော်လည်း ရပါတယ်ဟာ. . . ငါ့နှယ်"

"ဟော့. . . ကော်ဖီခါးခါးတစ်ခွက်"

အဲ့သလိုနဲ့ ကျွန်တော့်ဘဝထဲကို ခင်ကြည်ဖြူဆိုတဲ့ ကောင်မလှလှလေး. . ကော်ဖီခါးခါးတစ်ခွက်နဲ့ စတင်ဝင်ရောက်ခဲ့ပါတယ်။

ဟန်ဆောင်ချစ်တာတို့ ဟန်ဆောင်လက်ထပ်တာတို့ ဆိုတဲ့ ကိစ္စတွေဟာ တအားကိုရိုးအီတဲ့ ဇာတ်လမ်းအမျိုးအစားဖြစ်ပေမယ့် ကျွန်တော်နဲ့ ခင်ကြည်ဖြူရဲ့ကြားမှာတော့ သိပ်ကိုဆန်းပြားပါတယ်။

ဘယ်လိုဆန်းသလဲလို့ မေးရင်. . . ဒီလိုပါ။

အဲ့ဒီနေ့မှာပဲ ကျွန်တော်တို့ အတန်းလစ်ပြီး ကန်တော်ကြီးကို သွားကြတယ်။ အကြောင်းအရင်းက အချစ်သင်တန်း တက်ကြဖို့ပါ။ ဒီလိုဖြစ်လာတာကလည်း သူမကြောင့်ပါ၊ ကျော်ထွန်းမြင့်ရွှေ့မှာ တွဲပြရုံလောက်က သိပ်မထူးခြားဘူးဆိုတာ သူမ သိတယ်၊ တက္ကသိုလ်နယ်မြေမှာ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် တွဲလျှောက်တာလောက်ကတော့ သာမန်ပါပဲ၊ သူငယ်ချင်းတွေလည်း တွဲတာပဲ၊ အတန်းဖော်အချင်းချင်း ကင်(န်)တင်း အတူထိုင်တာလဲ ဘာမှမထူးဆန်းပါဘူး။

အဲ့ဒါကြောင့် တကယ့်ချစ်သူတွေရဲ့အမူအကျင့်ကို လေ့လာဖို့ဆိုပြီး ကန်တော်ကြီးနဲ့ တံတားဖြူ အင်းယားကန်ဘောင်နေရာတို့ကို လေ့လာရေးခရီးအဖြစ် ထွက်လာကြတာပါ။

ကန်တော်ကြီးထဲက ကျွန်လေးတစ်ကျွန်းရောက်တော့ စုံတွဲတစ်တွဲကို သူမ အရင်တွေ့ပြီး ပြတယ်။

"ဟဲ့!. . . ဟိုအတွဲက ကြွေနေရတယ်ဟ၊ အသာစောင့်ကြည့်

www.burmeseclassic.com



မလား"

"ဟာ. . . ဟိုအတွဲကမှ အိုကေတာ"

သူမ လှည့်ကြည့်ကာမှ ဖက်နမ်းနေတာတွေ့လို့ သူမ ကျွန်တော့်ကို ထုရိုက်ပါတော့သည်။

"ချစ်သူဘဝမှာ ဒါ သာမန်ပဲလေဟာ"

"တော်စမ်းပါ. . . နင့်မျက်နှာကြီးကို မနမ်းချင်ပါဘူး"

"နင် မျက်စိမှိတ်ထားရင် ဖြစ်တာပဲ"

"မသာကောင်. . . မစနဲ့နော်၊ လာ. . . ဟိုအတွဲပဲ ကြည့်"

ဆိုတော့ကာ လွန်စွာမှ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှတဲ့ အဲ့ဒီအတွဲဆီ စိတ်မပါတပါနဲ့ဘဲ အကြည့်ပို့လွှတ်ထားရတယ်။

ခင်ကြည်ဖြူက လေသံနဲ့. . .

"တွေ့လား. . . သူတို့နှစ်ယောက် ထိုင်နေတာ အနည်းဆုံး တစ်ပေလောက် ကွာတယ်"

"ဒါပေမယ့် မုန့်ခွံ့ကျွေးတာ မြင်တယ်မဟုတ်လား၊ ဟော. . ဟော. . တစ်ရှူးလေးနဲ့တောင် သုတ်ပေးနေတာ၊ အမယ်. . ဒီဖက်လူက နည်းနည်းကပ်လိုက်ပြီဟ"

"နည်းနည်းလေးပါဟ. . ဘာမှမတို့မထိပါဘူး၊ ဘာတွေပြောနေကြလဲ မသိဘူးနော်"

"အင်း. . . ရှက်ပြီး အသံသိပ်တိုးနေပုံထောက်ရင် ကလေးဘယ်နှယောက် မွေးမလဲလို့ တိုင်ပင်နေပုံပဲ"

"ဟဲ့!. . ."

"ရှူး. . . တိုးတိုး၊ အတွဲချောင်းနေတာ နင့်အသံကြီးက"

"နင် မဟုတ်တာ လျှောက်ပြောနေတာကို"





အဲ့ဒီအချိန်မှာပဲ ခပ်ခွာခွာအတွဲက ခွဲမရအောင် ပူးကပ်သွားပြီး နမ်းကြလို့. . .

"ဟော့တော်. . ."

ခင်ကြည်ဖြူ လန့်ဖျပ်မြည်တလိုက်တဲ့အသံက အတော်ကျယ်သွားလို့ သိပ်မဝေးတဲ့စုံတွဲလည်း လန့်ပြီးလှည့်ကြည့်ကြတယ်။

"ဟင်!. ."

"ဟာ!. . . ခိုင်. . ခိုင်မြ"

"ကိုကြီး. ."

"အာ. . . ဒုက္ခပဲ၊ မင်း. . မင်း. . ဒီကိုဘာလာလုပ်တာလဲ"

"ဟို. . သင်တန်း၊ အဲ. . လေ့လာရေး၊ ဟာ. . မဟုတ်သေးပါဘူး"

"ကဲ. . ကဲ. . တော်ပြီ၊ ပေါက်တဲ့နဖူး မထူးပါဘူး၊ မျက်နှာပူပူနဲ့ပဲ မိတ်ဆက်ပေးရတော့မယ်၊ ဒါ ငါ့ချစ်သူလေး ခင်တစ်သက်မမုန်းတဲ့၊ ချစ်စနိုးနဲ့ မိမုန်းလို့ ခေါ်တယ်၊ ကဲ. . . မင်းလဲ မိတ်ဆက်ပေးလေကွာ"

"ဟာ. . ကိုကြီးသိတာပဲ၊ ဒါ ခင်ကြည်ဖြူလေ၊ မခင်မြတ်မူရဲ့ညီမပဲဟာ"

"အေး. . အေးပါ။ အားလုံး ခင်တွေပါတော့ ခင်တို့အမျိုးတွေပဲ. . ဟဲဟဲဟဲ၊ ဟို. . ဆုံတုန်း တစ်ခုခုစားကြမလား. . ဘဲကင်လေ. ."

"ဟင်အင်း. . . ပြန်တော့မယ်"

ခင်ကြည်ဖြူ ရှက်တိုးနေတဲ့မျက်နှာနဲ့ ဆုတ်ကန်နေလို့ ကျွန်တော် တိုးတိုးကြိတ်ကြိတ် စည်းရုံးလည်း မရပါဘူး။

www.burmeseclassic.com



"ကဲ. . . ကျွန်တော်တို့ ပြန်တော့မယ်"

"ဟာ. . . ဆိုင်သွားမယ်လေ"

"ကိုကြီးပဲ လစ်တော့"

လူချင်းခွဲထွက်လာတော့မှ ခင်ကြည်ဖြူက. . .

"ဟွန်း. . . အပြောင်းအလဲကလည်း မြန်လိုက်တာ"

"ဘာကိုလဲ"

"နင့်အစ်ကိုလေ. . . ငါ့အစ်မကို အသေအလဲတွေ ဖြစ်နေပြီးတော့များ. . ."

"နင့်အစ်မကတော့. . အရှင်အထောင်လေး ပြန်ဂရုစိုက်လို့လား၊ ပါးရိုက်မယ်ကြီးပဲ လုပ်နေတော့ သူပြေးတာပေါ့"

"သွားစမ်းပါဟာ. . . ယောကျ်ားတွေ တစ်ချို့ကွယ် တမယ်မေ့မှန်း သိပ်သိသာတယ်၊ တကယ်ချစ်တဲ့လူက ဘယ်လိုပဲဖြစ်ဖြစ် မပြောင်းလဲဘူးတဲ့. . . သိလား"

"တော်တော် ကိုယ်ချင်းမစာတာပဲဟ၊ သစ္စာ. . သစ္စာဆိုပြီး ပစ်တာပဲခံပြီး သေတာတောင် ပက်လက်မလန်နိုင်တဲ့ဘဝနဲ့ နေခိုင်းတာတော့ လွန်လွန်းတာပေါ့၊ နင်ကော နင်ကြိုက်တဲ့လူမှ မရရင် တစ်သက်လုံး ဒီအတိုင်းနေမလား"

"သိပ်နေတာပေါ့. . . ကိုယ်လိုချင်တာမှမရရင် လုံးဝပဲ"

"ဒါဆို နင် ဘယ်သူ့ကိုလိုချင်လဲ"

"မတွေ့သေးလို့ပေါ့. . . နင်ရော တွေ့ပြီလား"

"တွေ့ပြီ"

"ဘယ်သူလဲ"

"နင်ပဲ"






"ဘာ!!. . ."

"နားတော့ ကန်းပါပြီဟာ"

www.burmeseclassic.com





## အခန်း (၁၁)

မိုး လင်းကမိုးချုပ် အိမ်အလုပ်ကလွဲရင် ရုံးအလုပ်တွေ ချည်း အချိန်ကုန်နေတော့ တစ်ခါတစ်လေ စိတ်ဖိစီးမှုကို လျှော့ချ ပစ်ချင်တယ်။ သူမအထက်က မန်နေဂျင်းမမတို့များ အရမ်းကိုပေါ့ ပါးနေလိုက်တာ။ တကယ်ဆို ကိုယ့်ထက်တာဝန်ကြီးပြီး ပိုပင်ပန်းတဲ့ မမလိုလူက ရေဇက်တဲ့ဘူးပင်လို ရှုပ်ပြီးတော့တောင် ခြောက်ကပ် နေရမှာ။ အခုများ ရေကြည်လွှာမှာတင့်တဲ့ ကြာပန်းပွင့်လေးလို အယဉ်ပေါ် အယဉ်ဆင့်လို့ ဘယ်ချိန်ကြည့်ကြည့် လန်းဆန်းတက်

www.burmeseclassic.com



ကြွနေတာ ဘာကြောင့်များပေါ့။ သန္တာတို့ ချိုမီတို့ကတော့ ထား တော့. . သူတို့မှာ နံပါတ်ကလေးတွေ ကိုယ်စီနဲ့လေ။

ညီမတို့ကတော့ အညစ်ကိုမခံတာ၊ ညစ်လာရင် ကိုယ့်ရဲ့ရွှေ နန်းသခင်ကိုခေါ်ပြီး လျှောက်စား၊ လျှောက်သွား၊ လျှောက်ပတ်ပစ် တာပဲ၊ ကဲ. . . မပေါ့ပါးဘဲ နေမလား။ နှစ်ကိုယ်တူ ချစ်သမျှ ခံစား မှုတွေ ဖလှယ်ကြ အပြန်အလှန် နှစ်သိမ့်ကြနဲ့ ကောင်းနေမှာပေါ့။

ဧကရီတို့အုပ်စုကတော့ တစ်မျိုး၊ စိတ်ဖိစီးမှု ဖြစ်လာရင် အရောင်းမြှင့်တင်ရေးက ဝန်ထမ်းကောင်မလေးတွေနဲ့ ချိန်းပြီး. . အုပ်စုလိုက် KTV ကို သွားကြသတဲ့။ ဟိုမှာ စားကြသောက်ကြ အော်ကြပျော်ကြနဲ့ ပြန်လာပြီး ရေမိုးချိုး စားသောက်ပြီးတာနဲ့အိပ်၊ မနက်ထရင် လန်းနေတာဆိုပဲ။ ကိုယ့်မှာသာ. . .။

"မခင်မြတ်မူ"

"ဟင်. . ."

လှည့်ကြည့်လိုက်တော့ ချိုမီလေ၊ ကညနရုံးက ပြန်လာပြီး ဘယ်တွေ လျှောက်ပတ်နေတာလဲ မသိဘူး။ မနက်ကတည်းက ထွက်လိုက်တာ အခုမှ ပြန်ရောက်လာတယ်။ ရုံးတောင် ဆင်းတော့ မယ်။

"ရော့. . . မမအတွက် ဘဲကင်၊ အရမ်းကောင်းတာနော် မမ"

"လျှောက်လစ်လို့ ဝလို့ ငါ့ကို ဘဲကင်တစ်စိတ်နဲ့ လာဖားနေ တာ မဟုတ်လား"

"အဟင်းဟင်း. . . မခင်မြတ်မူကလည်း သိသားနဲ့"

"ညည်းတို့ဟာ တဆိတ်မလွန်လွန်းဘူးလားကွယ်၊ တွေ့ပဲ





တွေ့နိုင်လွန်းတယ်"

"ဩော်. . . မခင်မြတ်မူရယ်၊ ညီမတို့ တစ်နေ့တာအလုပ် ကလည်း ဘယ်လောက်ပင်ပန်းတယ်မှတ်လဲ၊ အပေါ်ယံကြည့်ရင် ကားကုမ္ပဏီ အသစ်ထုတ်လုပ်ထားတဲ့ကားလေးတွေ ရောင်းပေးရုံပဲ၊ ခေါင်းလျှော်ရည်ကုမ္ပဏီကမှ ခေါင်းလျှော်ရည်ထုတ် လည်ရောင်းရ သေးတယ်၊ ညီမတို့က ထိုင်ရောင်းရုံပဲဆိုပေမယ့် တစ်စီးလောက် ရောင်းထွက်ဖို့ အဆင့်ဆင့် အလုပ်တွေ ဘယ်လောက်ရှုပ်ယှက်ခတ် ပြီး ဘယ်လောက်စိတ်ညစ်ရတယ်ဆိုတာ မခင်မြတ်မူလည်း သိနေ တာပဲဟာ၊ ဒီကြားထဲ ကိုယ့်တာဝန်ပိုင်းက တစ်ခုခု လွဲချော်သွားရင် သေပြီပဲ၊ အဲ့ဒါကြောင့် စိတ်ကိုပေါ့ပါးနေအောင် ထားနေရတာ၊ လာ. . ကိုကိုရေ. . ဒိုးကြစို့ပဲ. . အခစ်ခစ်ခစ်၊ မခင်မြတ်မူလည်း တစ်ယောက်လောက် ထားကြည့်ပါလား၊ လုံးဝပေါ့ပါးသွားစေရမယ်"

"တော်ပါတော့. . ပေါ့ပါးချင်လို့ လျှောက်သွားလျှောက်တွဲ ရင်း မပေါ့မပါးကြီး ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

"ဟာ. . . အစ်မကလဲ၊ အဲ့ဒါတော့. . ."

"ဆင်ခြေမပေးနဲ့ ချိုမီ၊ ဒီခေတ်ယောကျာ်းလေးတွေ အရမ်း ကြောက်စရာကောင်းတယ်၊ ဟိုတစ်နေ့က ငါ ဂျာနယ်တစ်စောင် ဖတ်လိုက်ရတာ အတော်လန့်သွားတယ်၊ တရုတ်ပြည်ဖက်က လာတဲ့ ကော်ဖီမစ်တို့ သကြားလုံးတို့မှာ လိင်စိတ်ကြွဆေးတွေ ပါတယ်တဲ့၊ ဘယ်လိုဟာမျိုးလဲဆိုတာ ကိုယ်လဲမသိဘူး၊ ကိုယ့်ချစ်သူက တိုက် တော့ ကျွေးတော့လဲ ယုံပြီး စားမိသောက်မိပါပြီတဲ့. . မခက်ကုန်ဘူး လား၊ ဒီခေတ်ယောကျာ်းလေးတွေလည်း လက်တည့်စမ်းချင်တဲ့လူ တွေက ၉၉. ၉%(ကိုးဆယ့်ကိုးဒသမကိုး ရာခိုင်နှုန်း)ရှိတယ်. . .

www.burmeseclassic.com



သဘောပေါက်လား၊ ငါ အဲ့ဒီသတင်းဖတ်ပြီးကတည်းက ကိုယ့်အိမ်မှာဖျော်သောက်တဲ့ ကော်ဖီပဲသောက်တော့တယ်၊ ဘယ်သူ ဘာကျွေးကျွေး စားကိုမစားတော့ဘူး"

"ဒါဆို ဒီဘဲကင်ရော"

"ဟဲ့. . . ငါပြောတဲ့အထဲမှာ ဘဲကင်မပါဘူး"

ချိုမီ ပခုံးတွန့်ပြပြီးမှ. . .

"ဒီနေ့ ဘယ်သူတွေနဲ့ သွားတယ်မှတ်လို့လဲ"

"ဘယ်သူလဲ"

"ကျော်ဇေယျတို့အဖွဲ့နဲ့လေ"

"အဲ့ဒါ ဘာဖြစ်လဲ"

"ညီမလည်း ဒီနေ့မှသိတာ၊ ကျော်ဇေယျ ရင်ဖွင့်တယ် သိလား၊ မခင်မြတ်မူ သူ့ကို အထင်လွဲနေတဲ့ကိစ္စ ကူညီပါဦးတဲ့"

"ဘာမှလာမကူညီနဲ့၊ ငါ့မျက်လုံးနဲ့ငါ့နားနဲ့ ကြားတာ လွဲစရာကို မရှိဘူး"

"မဟုတ်ဘူး မခင်မြတ်မူရဲ့၊ အဲ့ဒီတစ်ယောက်က သူ့မိဘတွေ မွေးစားထားသလို ခင်မင်ပြီး သူတို့အိမ်မှာ အနေများတဲ့ရပ်ကွက်ထဲကတစ်ယောက်တဲ့. . သူနဲ့ဘာမှမပတ်သက်ဘူးတဲ့၊ ဟိုဘက်က ၊တ်သက်ချင်တာကိုလည်း သူငြင်းဆန်တာ အမြင်ပဲတဲ့၊ အခုအဲ့ဒီတစ်ယောက်က ရည်းစားရသွားပြီ၊ ယူတောင်ယူကြတော့မှာတဲ့"

"ဟုတ်လို့လားဟယ်"

"ဩော်. . . အဟုတ်၊ အဲ့ဒီမိန်းကလေးရဲ့အစ်ကို နာရေးကိစ္စနဲ့ပတ်သက်ပြီး ဆုံကြရာကနေ ကြိုက်သွားပြီး ဖြစ်နေကြတာတဲ့"

"ဘုရားရေ. . . မြန်လိုက်တာ၊ ကျော်ဇေယျအလှူမှာ တွေ့





ခဲ့တာနဲ့ တွက်ကြည့်ရင် အခုမှ တစ်လကျော်ကျော်ပဲ ရှိသေးတယ်၊ အပြောင်းအလဲက မြန်လှချည်လား"

"အဲ့ဒါပြောတာပေါ့. . မခင်မြတ်မူပဲ တုံကင်းကြီးလို နေနေတာ၊ ကျော်ဇေယျ သနားပါတယ် မခင်မြတ်မူရယ်. . ပြန်လက်ခံလိုက်ပါ"

"ဘာ. . . ပြန်လက်ခံရအောင် သူနဲ့ငါက ရည်းစားတွေမို့လို့လား"

"မဟုတ်ဘူးလေ. . သူ့အချစ်ကို လက်ခံလိုက်ပါလို့ ပြောတာ"

"ဟာ. . . မသိဘူး၊ ရှုံးဆင်းမယ်. . . လေးနာရီခွဲပြီ"

"အင်း. . . ဒါဆို ကျော်ဇေယျကို စောင့်နေလို့ ပြောလိုက်တော့မယ်နော်"

"ဟဲ့. . . ချိုမီ၊ ဟဲ့. . ဟာ. . ခက်တာပဲ"

ပြောပြီး အခန်းထဲကနေ လှစ်ခနဲ ပြေးထွက်သွားတဲ့ချိုမီကို လှမ်းတားလို့မရတဲ့အတွက် သူမ စိတ်ကယောင်ခြောက်ချားနဲ့ ထိုင်ရမလို ထရမလို ဖြစ်သွားတယ်။ သူမရဲ့စိတ်ရင်းအတိုင်း ပြောရရင်တော့ ရိုးအီပြီး ငြီးငွေ့အထီးကျန်လွန်းတဲ့ သူမအတွက် အဆင်ပြေတဲ့ တီးတိုးဖော်တစ်ယောက်လောက် လိုအပ်နေမိတာ အမှန်ပါပဲ။

အဲ့ဒါကြောင့် ကျော်ဇေယျနဲ့ နီးစပ်အောင် ဖန်တီးလာမှုကို အခြေအနေအရပ်ရပ်ပေါ်မှာ စောင့်ကြည့်သုံးသပ်ရင်း ဒီအခြေအနေအထိ ဖြစ်လာတာပါ။ သူမအမြင်လဲ သုံးသပ်ကြည့်ရသလောက် အဲ့ဒီတစ်ယောက်ကတော့ မဆိုးပါဘူး။

ဒါပေမယ့် သူ့အိမ်ကအလှူမှာ မြင်လိုက်ရတဲ့ မြင်ကွင်းက

www.burmeseclassic.com



တော့ ကြက်သီးထစရာပါပဲ။ အပြင်မှာ ဟိုတစ်ယောက်က လိုက်ပူး လိုက်ကပ်နေတယ်ပဲထား၊ သူမအလစ်မှာ လက်ဆွဲပြီး အိပ်ခန်းထဲ ခေါ်သွင်းသွားတဲ့လုပ်ရပ်က ဘာတွေလဲ။

အခန်းထဲက ပြန်ထွက်လာတော့လဲ နှစ်ယောက်စလုံး နီအစ်နေတဲ့မျက်နှာတွေနဲ့. . ။ ပြီးတော့ ဟိုတစ်ယောက်က ကျော်ဇေယျရဲ့ မိဘတွေကို ငိုယိုပြီး တိုင်နေတာကရော. . . ။

အို. . . စိတ်ရှုပ်လိုက်တာ။





# အခန်း (၁၂)



"ဘာ!. . ဘာပြောတယ် ရင်မြ"

ဒေါ်လှသီ စိတ်လွှတ်ကိုယ်လွှတ် အော်လိုက်မိတဲ့အသံက ရှေ့မှာထိုင်နေတဲ့ ရင်ရင်မြကော အကြီးကောင် အောင်မောင်းပါ လန့်ပြီးတုန်သွားစေတယ်။

"ငါ့ကို သေချာရှင်းအောင် ပြောကြပါဦး"

"ကိုအောင်မောင်းပဲ ရှင်းပြပေးလိုက်ပါ"

ပြောပြီး ရင်ရင်မြက သူ့သားအငယ်ဆုံးလေးကို ကောက်ချီ

www.burmeseclassic.com



ပြီး မီးဖိုခန်းဖက် ထွက်သွားတယ်။ ဒီနေ့ သူ့ယောကျ်ားသေဆုံးမှုအတွက် နစ်နာကြေးနဲ့ လျော်ကြေးငွေကိစ္စ အေးဂျင့်ကခေါ်လို့ သူမနှင့်အတူ ခဲအိုဖြစ်သူ အောင်မောင်းနဲ့ သွားကြတာပါ။

ကိစ္စအားလုံးရဲ့အဖြစ်အပျက်ကတော့. . .

"ဒီလိုပါ အမေ. . ညီလေးအောင်တင်က အဲ့ဒီမှာ အူမကြီးကင်ဆာနဲ့ ဆေးခွင့်ယူပြီး ဆေးရုံတက် ကုသနေတာ သေဆုံးချိန်အထိဆို သုံးလကျော် ကြာပြီတဲ့၊ ဒါက ဆေးရုံအထောက်အထားလက်မှတ်တွေပါ၊ အဲ့ဒီကာလတလျှောက်လုံး လစဉ်မိသားစုဆီ ပြန်ပို့တဲ့လစာငွေရော ဆေးကုသစရိတ်ပါ စုစုပေါင်း တွက်ကြည့်ရင် သိန်းကိုးဆယ်ကျော်သွားတယ်. . ၊

သင်္ဂြိုဟ်စရိတ်နဲ့ ဒီမှာ နာရေးထောက်ပံ့ကြေးပေါင်းရင်. . သိန်းတစ်ရာတိတိ ရှိပြီးဖြစ်တဲ့အတွက် ကုမ္ပဏီက ကာယကံရှင်ရဲ့ ထပ်မံ,ခံစားခွင့်ကို ထုတ်မပေးနိုင်တော့တဲ့အကြောင်းကို ပြောပါတယ်၊ ဒါက အလုပ်သမားဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဥပဒေရပ်နဲ့ တိုက်စစ်ကိုက်ညီမှုရှိကြောင်း တရားရေး ရှေ့နေရဲ့အကြောင်းကြားစာပါ၊ ကျေနပ်မှုမရှိရင် တရားစွဲဆိုနိုင်ကြောင်းလည်း ဖော်ပြထားတယ်. . ."

"တော်ပြီ. . တော်ပြီ. . . မပြောနဲ့တော့ အောင်မောင်း အမလေး. . မောတယ်၊ အား. . အ. . အ. . သက်. . ရှူ. . ကြပ်. . ကြပ်. . ဂစ်. . . အစ်"

"အမေ. . . အမေ. . . ဟာ. . . လာကြပါဦးဟ၊ အမေ ဘာဖြစ်တာလဲ မသိဘူး"

"အမေ. ."



"ဟယ်. . . ဒုက္ခပဲ၊ ဆေးရုံ. . ဆေးရုံပို့ဖို့ လုပ်မှ ဖြစ်မယ်လေ"

"ကား. . . ကား. . . ခေါ်. ."

"အမေ. . . အမေ. . . သတိထားပါဦး"

ꩤ ꩤ ꩤ ꩤ

www.burmeseclassic.com



**စော**စောကမှ အပြင်ကပြန်ရောက်လာပြီး အထုပ်အပိုးတွေနဲ့ အပေါ်ထပ်တက်သွားတဲ့ကိုကြီးကို ပြန်ဆင်းလာနိုးနိုး ကျွန်တော်စောင့်ရင်း နာရီကိုလှမ်းကြည့်လိုက်တယ်။ တစ်နာရီ ထိုးတော့မှာမို့လို့ ကျွန်တော် မြောက်ခနဲခုန်ထပြီး အပေါ်ထပ်ကို တက်လာခဲ့ပါတော့တယ်။

ဒီနေ့ ခင်ကြည်ဖြူနဲ့သွားကြဖို့ နေ့လည်တစ်နာရီတိတိ လမ်းထိပ်ကအအေးဆိုင်မှာ ချိန်းဆိုထားတာပါ။ ကိစ္စကတော့. . ဒီစနေတနင်္ဂနွေမှာ ကျော်ထွန်းမြင့်တို့ လှည်းတန်းသွား ကျူရှင်အကြတဲ့အတွက် ကျွန်တော်နဲ့ခင်ကြည်ဖြူတို့ တွဲပြီး လူလုံးထွက်ပြကြမှာပါ။

ကျွန်တော် ကိုကြီးအခန်းထဲအဝင် အထဲကမြင်ကွင်းကြောင့်လန့်ပြီး ပါးစပ်အဟောင်းသားဖြစ်သွားတယ်။ ကိုကြီးလည်း သူ့ခုတင်ပေါ် အပုံလိုက်ရှိနေတဲ့ အမျိုးသမီးအဝတ်အထည်တွေနဲ့ အမျိုးသမီး





အသုံးအဆောင်တွေကို အချိန်မီပြန်သိမ်းဖို့ ကြိုးစားရင်း ဝရုန်းသုန်းကား ဖြစ်ကုန်တာလေ။ နောက်ဆုံးတော့ စောင်နဲ့ဆွဲအုပ်ပြီး. . .

"မင်း ဘာလုပ်တာလဲကွ၊ အသံလည်း မပေးဘဲနဲ့"

"ကိုကြီးကရော ဘာတွေလုပ်နေတာလဲ၊ အောက်မှာလဲ ဘရာစီယာတွေ၊ ဟိုအထုပ်က ဘာထုပ်လဲ"

ကျွန်တော်ပြောရင်း သွားကောက်လို့ ကိုကြီးလိုက်ကြည့်ပြီး အတင်းလိုက်ကောက်တယ်။

"ဒါ. . . ဘာမှမဟုတ်ပါဘူးကွာ"

"မုန့်. . မုန့်ထုပ်လား"

"အေး. . ."

"အတော်ပဲ. . . ကျွန်တော့်ကို တစ်ခုကျွေးဗျာ"

"မလုပ်ပါနဲ့ကွာ. . . ပေါင်မုန့်တွေကွ၊ တစ်ခုဖောက်ပြီး အကုန်စားမှ၊ မဟုတ်ရင် ပုရွက်ဆိတ် တက်ကုန်မယ်"

"ရေခဲသေတ္တာထဲ ထည့်ထားလိုက်လေဗျာ၊ ပေးပါ. . . ဗိုက်ဆာလို့"

ပြောရင်း ကျွန်တော် ဆတ်ခနဲ ရမ်းဆွဲတော့. . ကိုကြီးလဲလန့်ပြီး အတင်းပြန်လုတယ်။

"ဟာ. . . ကိုကြီး၊ တစ်ခုထဲပါဗျ"

"မကျွေးဘူးကွာ"

"မရဘူးကွာ. . . စားမှာပဲ"

ကျန်တာသာ ကိုကြီးကို လေးစားကြောက်ရွံ့တာမျိုး ရှိချင်ရှိမယ်၊ အစားအသောက်နဲ့ကတော့ ကျွန်တော်မကြောက်ပါဘူး။ ကိုကြီးကလဲ အစားနဲ့ပတ်သက်လာရင် ကျွန်တော့်ကို ဦးစားပေးပါ

www.burmeseclassic.com



တယ်၊ ဒီတစ်ခါ ဘာကြောင့်များ. . .

"ဖြုတ်!. . ."

"အဲ!. . ."

ညီအစ်ကိုနှစ်ယောက် လုရင်း ပလတ်စတစ် ပါကင်အိတ်ပြဲကျပြီး အထဲကမုန့်ထုပ်တွေ ဖွားခနဲ ထွက်ကျလာတယ်။

"အဟုတ်ဟုတ်. . . ရပြီကွ"

ဒီလောက်တောင် တွန့်တိုနေတဲ့ပေါင်မုန့်က ဘာတံဆိပ်မို့လို့လဲလို့ ကျွန်တော်ကြည့်ပြီးမှ လန့်ပြီးလွှတ်ချလိုက်တယ်။

"ဟာ. . ကိုကြီးဟာ ပေါင်မုန့်မဟုတ်ဘူးဗျ၊ အဲ့ဒါ အမျိုးသမီးလစဉ်သုံးတွေ. . ."

"ငါသိသားပဲ. . . မင်းပဲ စားချင်လို့ လိုက်လုနေပြီးတော့"

"ဟာဗျာ. . . ကိုကြီးဘာတွေလုပ်နေတာလဲ"

ဆိုတော့ကာ ခေါင်းကုတ်ပြီး ရှက်ကန်သလို ကျွတ်ကျဲသလို ရယ်ဟဟနဲ့ ပြောတယ်။

"အဟဲဟဲ. . . အမှန်တော့ ငါ ရည်းစားရနေပြီကွ၊ မင်းလဲသိသားပဲ"

"အင်းလေ. . . အဲ့ဒါနဲ့ ဒါတွေနဲ့. . ."

"ပြန်စဉ်းစားကြည့်ရင် ဒါမျိုးက မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာ ဖြစ်ကုန်တာကွ၊ တကယ်လို့များ ကောင်မလေး ငါ့နောက်လိုက်လာပြီ ဆိုပါစို့ကွာ၊ ဒီအိမ်မှာက မင်းနဲ့ငါရဲ့အသုံးအဆောင်တွေပဲရှိတာ၊ ဒေါ်ထွေးက အလုပ်ပဲလာလုပ်ပြီး ဒီမှာမနေဘူးလေ၊ အဲ့ဒါကြောင့် သူကလေးများလိုက်လာရင် ရုတ်တရက် အခက်အခဲရှိမှာစိုးလို့ ကြိုတ်စုဆောင်းထားရတာ. . . ဟဲဟဲဟဲ"



ကျွန်တော် သက်ပြင်းချတယ်။ ဒါဟာ ဘုရားစူး ကျွန်တော့်အစ်ကိုပါလို့ ကျိန်ပြောစရာတောင်မလိုပါဘူး။ နေရာတကာ ကြောင့်ကြီးကြောင့်ကျ ကြောင့်အစ်မကြောင့် ဂွလုပ်တတ်လွန်းတဲ့ မွေးရာပါဗီဇကတော့ အံ့ဖွယ်တစ်ပါးပါပဲ။

"ကိုကြီးဟာက မုန့်ဆီကြော်က ဘယ်နေမှန်းမသိ"

"ဒါပေမယ့် ဘာမဆို ကြိုတင်စီမံမှုမရှိရင် အဆင်မပြေဘူးကွ၊ ကဲ. . . မင်း ဘာကိစ္စ ငါ့အခန်းထဲ ဝင်လာတာလဲ"

"ကားခဏသုံးမလို့"

"အဲ့ဒါများ. . . သော့က ကားမှာတန်းလန်း"

"ဟုတ်လား. . . ဒါဆို ကျွန်တော်လစ်လိုက်ဦးမယ်"

ပြောပြီးလှည့်အထွက် ဖုန်းမြည်သံကြောင့် ကျွန်တော့်ဖုန်းကိုထုတ်ကြည့်တယ်။ မဟုတ်ပါဘူး. . . ကိုကြီးဖုန်းပါ။ ကိုကြီး ဖုန်းပြောပြီး ကျန်ခဲ့တယ်။

ကျွန်တော်လည်း အောက်ဆင်းလာပြီး အခန်းထဲက ပိုက်ဆံအိတ်နဲ့ ဘေးလွယ်အိတ်ကိုယူပြီး လေကလေး တချွန်ချွန်နဲ့ ကားရပ်ထားရာကို လျှောက်လာပါတယ်။ အဲ့ဒီအချိန်မှာပဲ ကိုကြီး နောက်ကနေပြေးလိုက်လာပြီး ကျွန်တော့်ကို တွန်းဖယ်ရင်း ကားထဲဝင်ထိုင်လိုက်တယ်။

"ဟာ!. . . ကိုကြီး၊ ကားက ကျွန်တော်သုံးမှာလေ"

"ငါအရေးကြီးတယ်. . ငါ့ယောက္ခမလောင်းကြီး အရေးပေါ် ဆေးရုံတင်လိုက်ရတယ်တဲ့ကွ"

၅ ၅ ၅ ၅

www.burmeseclassic.com



**အာ**ရေးပေါ်ခန်းထဲက ဆရာဝန်ကြီး ထွက်လာတယ်ဆိုရင်ပဲ အားလုံးထိုင်နေရာက ဝုန်းခနဲထပြေးပြီး မေးကြတယ်။

"ဆရာ. . . ကျွန်တော်တို့အမေ အခြေအနေ"

"လောလောဆယ်တော့ စိုးရိမ်ရတဲ့အခြေအနေပါပဲ၊ ပရက်ရှာတွေ အရမ်းတက်နေတယ်၊ လူနာသတိရနေပြီ၊ အခုတော့ ဝင်တွေ့လို့ မရသေးဘူး၊ ECG ဆွဲကြည့်ရမယ်၊ နှလုံးအားနည်းတာရောသိလား၊ ကြည့်ရတာ အစားအသောက်မှားတယ်နဲ့ တူတယ်၊ ဒီနေ့သူ သွေးတက်စာ ဘာတွေစားသလဲ"

ရဲရင့်ကလွဲလို့ ဒေါ်လှသီရဲ့သားသမီးတွေ ကျိုးကြည့်ကြောင်ကြည့်နဲ့ စဉ်းစားကြတယ်။ ခဏကြာမှ အောင်မောင်းက. . .

"သွေးတိုးနိုင်လောက်တဲ့ အစားအစာတော့ မရှိပါဘူးဆရာ"

"မဟုတ်သေးဘူး၊ အခုဟာက ဆေးထိုးတာတောင် ပရက်ရှာမကျဘူး"





အဲ့ဒီအခိုက်မှာပဲ ရဲရင့်က. . .

"ဆရာ. . ကျွန်တော့်ကို လူနာနဲ့ ခဏလေးပဲ တွေ့ခွင့်ပေးပါ၊ လူနာစိတ်ချမ်းသာနိုင်တဲ့ စကားလေးတစ်ခွန်း ပြောပြီးရင် ပြန်ထွက်လာပါ့မယ်"

"ကောင်းပြီလေ. . . သွားလိုက်ပါ"

အဲ့ဒီနောက် ရဲရင့် ဝင်သွားပြီး ဒေါ်လှသီရဲ့လက်ကလေးကို ဆုပ်နယ်ရင်း ခပ်တိုးတိုးပဲ ပြောလိုက်တယ်။

"အဒေါ်စိတ်ပူနေတယ်ဆိုတာ ကျွန်တော်သိတယ်. . ၊ အိမ်ပေါင်ထားတာ ပြန်ရွေးဖို့နဲ့ ဆွမ်းစားကျောင်း ဆောက်လက်စတန်းလန်းကိုလည်း အဒေါ့်ဆန္ဒအတိုင်း ပြီးအောင် ကျွန်တော်ဆက်လုပ်ပေးမယ်၊ အဒေါ်နေကောင်းပြီး ဆေးရုံကဆင်းနိုင်ရင် ရပြီ"

"မင်း. . မင်းတကယ်ပြောနေတာလားဟင်"

"စိတ်ချပါ. . ကျွန်တော်နဲ့မိမုန်းလည်း မေတ္တာမျှနေကြပြီဆိုတော့ မကြာခင် အဒေါ်က ကျွန်တော့်ယောက္ခမ ဖြစ်တော့မှာ၊ ကိုယ့်ယောက္ခမ စိတ်ချမ်းသာအောင် လုပ်ရမှာပေါ့"

"ဝမ်းသာလိုက်တာ သားရယ်၊ အမလေး. . အခုမှပဲ အဒေါ်အသက်ရှူနိုင်တော့တယ်"

"စိတ်ချ. . ကျွန်တော် တာဝန်ယူတယ်၊ ကဲ. . ကျွန်တော်သွားမယ်နော်"

"အေး. . အေး. . သား"

ရဲရင့်ပြန်ထွက်လာပြီး သိပ်မကြာပါဘူး. . ။ သူနာပြုတစ်ယောက် ရေးကြီးသုတ်ပြာနဲ့ထွက်လာလို့ အောင်မောင်းတို့ လန့်ဖျပ်ပြီးမေးတော့. . .

www.burmeseclassic.com



"ဘာမှစိတ်မပူနဲ့. . . ရှင်တို့လူနာ ပရက်ရှာကျသွားပြီ၊ အခု ဆရာဝန်ကြီးကို သတင်းပို့မလို့"

ဒီတော့မှပဲ အားလုံး ရင်ဘတ်ဖိပြီး ထိုင်နိုင်ကြတယ်။ ခဏ ကြာတော့ ဆရာဝန်ကြီး တစ်ခေါက်ပြန်ရောက်လာပြီး စမ်းသပ်ကြည့် ပြီးမှ ထွက်လာရင်း ရဲရင့်ကို မေးတယ်။

"ဟေ့. . ဟိုတစ်ယောက်က ဘာများသွားပြောလိုက်လို့. . လူနာဒီလောက်အိုကေသွားတာလဲ"

"ဒီလိုပါပဲ ဆရာ. . အဟဲဟဲဟဲ"

အောင်မောင်းက. . .

"ခင်ဗျားဘာပြောလိုက်လို့လဲ ကိုရဲရင့်"

"စိတ်မပူနဲ့. . . အကြွေးအားလုံး ကျွန်တော်ဆပ်မယ်လို့"


"ဩော်. ."

ဒီတော့မှ အားလုံးပြုံးနိုင်ကြတယ်။ အမှန်တော့ အောင် မောင်းတို့လည်း တင်တဲ့အကြွေးအတွက် သွေးတက်နေကြတာပါပဲ။

ဒါပေမယ့် သူတို့က ဒေါ်လှသီထက် နှလုံးအားကောင်းသေး တဲ့သူတွေ ဆိုတော့ကာ. . .။







# အခန်း (၁၃)

ဘယ်လိုပဲဖြစ်ဖြစ်. . တစ်နာရီတိတိမှာ ချစ်သူ စောင့်နေတဲ့ အအေးဆိုင်ကိုရောက်ဖို့ ကျွန်တော်ခြေကုန်သုတ်ရ တယ်။ ကွတ်တိ ရောက်သွားလို့သာပေါ့။

"ဟဲ့!. . . ကားယူလာမယ်ဆို"

"ဟူး. . . မောလိုက်တာဟာ၊ ငါ့အစ်ကို ယူသွားတယ်"

"နင်ပဲအမျိုးမျိုး. . ၊ ဒီလိုမှန်းသိရင် ငါဘာသာယူလာရင် ကောင်းသား"

www.burmeseclassic.com



"ဆောရီးဟာ. . . ငါ့အစ်ကိုလည်း အရေးပေါ်ကိစ္စကြောင့် ငါ့ဆီက ပြန်ယူသွားတာ၊ မဟုတ်ရင်. . ."

"တော်ပြီ. . . ကားငှားလိုက်တော့"

ချစ်သူ့ရွှေမျက်နှာတော် ညိုနေမှန်းသိလို့ ကျွန်တော်လည်း စောဒက တက်မနေတော့ဘဲ Taxi တစ်စီး လှမ်းတားလိုက်တယ်။

"လှည်းတန်းလမ်းဆုံဗျာ"

"ရတယ်. . . သုံးထောင့်ငါးရာ"

ငါးရာလောက်များနေပေမယ့် ဈေးဆစ်မနေတော့ဘဲ အအေးဆိုင်ကနေ ချီချီကွကွလေး လှမ်းထွက်လာတဲ့ ခင်ကြည်ဖြူကို တံခါးဖွင့်ပေးရင်း အသင့်နေရာယူလိုက်ပါတယ်။

ကျွန်တော်တို့နှစ်ယောက်စလုံး နောက်ခန်းမှာ ထိုင်စီးကြတာပါ။ ကားမောင်းထွက်လာပြီး ပြတင်းပေါက်ကနေ လေကလေးသိုးသိုးသွက်သွက် ဝင်လာတော့ သူမမျက်နှာလေး ပြန်ပြီးသာယာလာတယ်။

"ငါကြို့ပြောထားမယ်နော်. . . အလုပ်သဘောကလွဲပြီး အခွင့်အရေးယူရင် အသေပဲ"

"ဖွီး. . . လူကြားထဲလျှောက်သွားပြီး အခွင့်အရေးယူရအောင် ငါကအရူးလား"

"သိရင်ပြီးရော. . ဟဲ့. . နင့်အစ်ကိုနဲ့ပတ်သက်တဲ့ ကောင်မလေးက ဘယ်ကလဲ"

"မသိဘူးလေ. . . ဘာလုပ်မလို့လဲ"

"ဟင်း. . . ညီအကိုလေးနှစ်ယောက်ထဲရှိတာ၊ ဒါလေးတောင်မသိဘူးလား"





"နင်ရော နင့်အစ်မ ရည်းစားရှိတာ သိလို့လား"

"အံမာ. . . ငါ့အစ်မလား ရည်းစားထားမှာ"

"ဘာ. . . နင် ဒါလေးတောင် မသိဘူးလား"

"နင်ရောသိလို့လား"

"မယုံရင် မေးကြည့်လိုက်လေ"

ခင်ကြည်ဖြူ ငြိမ်သွားတယ်။ ကျွန်တော်လည်း မသိပါဘူး။ ခပ်တည်တည်နဲ့ ဖြီးလွှတ်လိုက်တာပါ။ ထပ်မေးရင် ထပ်ဖြီးဖို့ အသင့်ပါပဲ၊ ဒါပေမယ့် မမေးတော့ပါဘူး၊ ကျွန်တော်လည်း မပြောတော့ဘူးလို့ နေနေတာ. .။ သူမက. . .

"နင်ပြောတာ ဖြစ်တော့ဖြစ်နိုင်တယ်ဟ၊ အခုတလော ငါ့အစ်မ ကြည့်ရတာ နည်းနည်းလန်းနေတယ်၊ ဒါနဲ့ နင် သူတွဲတာမြင်လို့လား"

"ကျွတ်. . . အားနာလို့ မျက်စိတောင် မှိတ်ထားရတယ်"

"ဟဲ့. . . သူ့လူက ချောလားဟင်"

"အင်း. . . မဆိုးပါဘူး၊ သေချာကြည့်ရင် ငါ့ကိုတော့ ဘယ်မီမလဲ"

"ဟင်း. . ."

"ဘာပဲပြောပြော. . နင် ငါနဲ့တွဲတာ သိက္ခာမကျပါဘူး. .၊ ကျောင်းမှာ ငါနဲ့တွဲချင်လွန်းလို့ အီစီကလီ လုပ်ပြနေတာတွေ တစ်ပုံကြီးပဲ၊ အဲ့ဒီထဲမှာမှ ငါက နင့်ကို ခေါင်းခေါက်ရွေးလိုက်တာ နင်ကံကောင်းတာပေါ့"

"ဘာ!. . . သောက်ကောင်. . . နင်ကများ"

"အာ. . . ဘွား. . ဘွား. . အာဘွား. . အာဘွား၊ ငါ စကား

www.burmeseclassic.com



မှားသွားတယ်၊ တကယ့်အဖြစ်ကတော့ မှန်တယ်လေဟာ၊ နင်
သိတာပဲ”

သူမ မဲ့ရွဲ့ပြုပြီး မျက်နှာလွှဲထားတယ်၊ အမှန်တကယ်လည်း ဟုတ်နေတော့ ဒီတစ်ချက်တော့ သူမ မငြင်းသာဘူးလေ။ ခေါ်ခေါက်ရွှေးတယ်ဆိုတာကလွဲရင် ပြောတာပါ. . .။

ကျွန်တော်တို့ကားလေး ရောက်တဲ့အချိန်မှာ ကျော်ထွ
မြင့်တို့ တက်တဲ့ကျူရှင်က လွှတ်နေပြီ။ အဲ့ဒါနဲ့ပဲ နှစ်ယောက်သ
ကားလမ်းကို ဖြတ်ကူးပြေးကြတယ်။ လှည်တန်းမီးပွိုင့်က ကားလ
ရှုပ်တဲ့အတွက် ကျွန်တော် သူမလက်ကိုဆွဲပြီး သတိကြီးကြီးနဲ့ ဖြ
ကူးလာခဲ့တယ်။

“ဒါ အခွင့်အရေးယူတာ မဟုတ်ဘူးနော်. . အန္တရာယ်
“သိတယ်. . . လျှာမရှည်နဲ့”
“ဒါပေမယ့် နင့်လက်ကလေးက နွေးပြီးအိနေတာပဲ”
“မသာကောင်. . . နင်နော်”
“ဟာ. . နွေးလို့ နွေးတယ်ပြောတာ၊ ဒါဆို ဒီလိုပြော
လား၊ ဟင်း. . မသာလက်ကြီး ကျနေတာပဲ အေးစက်တောင့်
နေလိုက်တာလို့”
“နင် မစနဲ့ဟာ၊ ဟိုမှာ ကျော်ထွန်းမြင့်”
သူမ သတိပေးလို့ ကျွန်တော်ကြည့်လိုက်တော့ ပ
ဖောင်းစောင်းမှာ ရပ်ပြီး. . ပေစောင်းစောင်းနဲ့ ကျွန်တော်တို့
ယောက်ကို ကြည့်နေတဲ့ ကျော်ထွန်းမြင့်ကို တွေ့လိုက်ရတယ်
“ကဲ. . . အလုပ်စပြီနော်”
သူမက ဘာမှပြန်မပြောခင်မှာဘဲ သူမ ပခုံးသားနုနု



သိမ်းပိုက်ဆုတ်ယူပြီး အပျော်အပြုံးမျက်နှာနဲ့ ဆက်လျှောက်ကြတယ်။ ကြက်ဆီထမင်းဆိုင်ထဲ ချိုးဝင်ရင်း ကျွန်တော် အသာလှည့်ကြည့်လိုက်တော့ ကျော်ထွန်းမြင့် နောက်ကပါလာတာကို တွေ့လိုက်တယ်။

“နင့်လူတော့ လိုက်လာပြီနော်”
“ဘယ်က ငါ့လူလဲ”
“ကျော်ထွန်းမြင့်ကို ပြောတာ၊ တင်းပြီး နောက်ကပါလာပြီ”
ကျွန်တော်တို့ စားပွဲလွတ်မှာ ဝင်ထိုင်ပြီး စားစရာမှာနေတုန်း ကျော်ထွန်းမြင့် ရောက်လာတယ်။
“ငါလဲ ထိုင်မယ်နော် ခိုင်မြ”
“ဩော်. . ကျော်ထွန်းမြင့်. . ထိုင်လေ၊ မင်း ခုမှ ဆင်းလာတာလား”
“အေးကွာ. . . ဗိုက်ဆာတာနဲ့”
အဲ့ဒီနောက် သူလည်း စားပွဲတစ်ပွဲ မှာပြီးမှ. . .
“မင်းတို့က ဘယ်ကိုလာတာလဲ”
“ဒီမှာလေကွာ. . ကြက်ဆီထမင်း စားချင်တယ်ဆိုလို့ လိုက်ခဲ့တာ၊ မယူခင်တောင် ဒီလောက်နိုင်စားနေတာ၊ ယူပြီးရင် ငါပုဆိုးခင်ဝတ်ဖို့အချိန်တောင် ရမှာမဟုတ်ဘူး”
“အမလေး. . . အပိုတွေ”
“မပိုနဲ့လေ. . . မင်းပဲ တော်ကြာ ဘာလိုချင်တယ်၊ တော်ကြာ ဘာစားမယ်၊ တော်ကြာ ဘယ်သွားမယ်နဲ့”
“ဘာဖြစ်လဲ. . . ချစ်ရင် အလိုလိုက်ပေါ့”
“အေးပါကွာ. . . ချစ်တော့လည်း ဘာမှမတတ်နိုင်ဘူးပေါ့

www.burmeseclassic.com



ချစ်တာကိုး. . ."

"ဒါစားပြီးရင် ရုပ်ရှင်ကြည့်မှာနော်"

"အေးပါ အချစ်လေးရာ၊ အစားကို အရင်စားစမ်းပါဦး"

"ကဲ!. . . ပြီးပြီလား"

ကျော်ထွန်းမြင့်အမေးကြောင့် ကျွန်တော်တို့ ကြောင်အပြီး ကြည့်ကြတယ်။

"ဘာလဲ ကျော်ထွန်းမြင့်"

"ဩော်. . . မင်းတို့ ငါ့ကို ရုပ်ရှင်ရိုက်ပြနေတာ ပြီးပြီလား လို့"

"ဘာကို ရုပ်ရှင်ရိုက်ရမှာလဲ"

"ရှုးချင်ယောင်ဆောင်မနေပါနဲ့ကွာ. . မင်းလည်း သရုပ် ဆောင်ခ တစ်ပြားမှ ရတာမဟုတ်ဘဲနဲ့၊ ဒီမှာ. . ငါ့ကို ချေင်းဘွဲ့မှ အကုန်ပြောပြီးပြီ"

"ဘာ!. . ."

သူမမျက်နှာလေး တင်းခနဲဖြစ်သွားတယ်။ ချေင်း သစ္စာ ဖောက်တယ်ပေါ့။ ဒါကိုလည်း ကျော်ထွန်းမြင့် သတိထားမိပြီး. . .

"ချေင်းပြောပြလို့ ချေင်းကို ပြဿနာသွားမရှာပါနဲ့ ခင် ကြည်ဖြူ၊ အမှန်တော့ ချေင်းနဲ့ငါက တစ်ဝမ်းကွဲမောင်နှမတွေပဲ သူ့အစ်ကို အရှုးလုပ်ခံရမှာကိုတော့ သူ ဘယ်လိုလားပါ့မလဲ၊ နင်နဲ့ သူငယ်ချင်းပေမယ့် ငါနဲ့က မောင်နှမ မဟုတ်လား၊ ကဲ. . . ငါ ဘက်ဝိုင်း ပြောင်းပေးပါ့မယ်၊ ဘာပဲဖြစ်ဖြစ် နင်နဲ့သူ ဇာတ်တိုက်ပြီး ငါ့ကို ဖယ်ဖို့ ကြိုးစားတာကို သိရရင်ပဲ ကျေနပ်ပါပြီ၊ ကျန်တာတော့ ကျောင်းဖွင့်မှပဲ ဆက်ရန်ပေါ့နော်. ."





ကျော်ထွန်းမြင့် တစ်ခြားဝိုင်း ရွှေ့သွားမှပဲ ကျွန်တော်တို့နှစ် ယောက်လဲ ပင့်သက်ခိုးရှိုက်ကြတယ်။ ပြီးတော့ ဘာဆက်လုပ်ကြမလဲ ဆိုတဲ့အဓိပ္ပါယ်နဲ့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြတယ်၊ ဘာပဲ ဆက်လုပ်လုပ်မလုပ်လုပ် ကျွန်တော့်အတွက်ကတော့ ပြည့်စုံ ပါတယ်။ ခင်ကြည်ဖြူကတော့ မပြည့်မစုံမျက်နှာနဲ့ မှာထားတာတွေ မဖြစ်ညစ်ကျယ်စားပြီး ထပြန်တယ်၊ ကျွန်တော်လည်း နှမျောပေမယ့် ဆက်မစားဘဲ ကျသင့်ငွေရှင်းပြီး ထလိုက်လာခဲ့ရတယ်။

"ဘာလုပ်ကြမလဲ ခိုင်မြ၊ ငါတော့ ရှက်လို့ သေချင်တော့တာ ပဲ"

"ဟေ. . . ဘာရှက်စရာရှိလဲ"

"ရှက်တာပေါ့ဟ. . . သူ့ရှေ့မှာ ငါတို့ပြောတာတွေ အင် ကြီးမှန်းသိတော့ ဟားစရာကြီးပေါ့"

"သူ မဟားဘဲ ဟိုဖက်ရွှေ့ပြီး စားနေတာပါဟာ"

"နင် စကားမကပ်နဲ့ဟာ. . . စိတ်ညစ်ရတဲ့အထဲ"

"စိတ်မညစ်ရတဲ့နည်းတော့ ရှိတယ်"

"ဘာလဲဟင်"

"နင် ငါ့ကို တကယ်ပြန်ချစ်လိုက်စမ်းပါ"

"ဘာ!!. . ."

"ဟာ. . . နားကန်းတော့မှာပဲ"




www.burmeseclassic.com

ချစ်တုန်းတော့ အမူမူနဲ့
ကြည့်ဖြူလို့မဆုံး...
မုန်းလာတော့ အင်တင်တင်
နင် , ငါ , ဟဲ့...သုံး...
ဤလောက လူ့ကျင့်ထုံး
မရင့်တဲ့ပုံနန်း
မသေလည်းရှုံး သေလည်းရှုံး
သူတော်တို့ပြုံး...









# အခန်း (၁၄)

**အ**ရောင်းပြခန်းထဲ ကားတွေဖုန်သုတ်ရင်း ကျော်ဇေယျတစ်ယောက် ပျောက်နေတာကို ခိုင်လေး သတိထားမိပြီး. . ခင်မောင်ကို လှမ်းမေးတယ်။

"ကိုခင်မောင်. . . ကျော်ဇေယျ ရှိလား"

"ဟ. . . သိတာပေါ့ကွ၊ ငါက ဒေါ်ပုံမှာ နေတာပဲဟာ"

"ခင်ဗျားက ဘာတွေပြောနေတာလဲ"

ခင်မောင် ကားသုတ်တဲ့အဝတ်နဲ့ သူ့မျက်နှာက ချွေးတွေကို

www.burmeseclassic.com



သုတ်ပြီး နားတစ်ဖက် မျက်လုံးတစ်ဖက် စောင်းငန်းစောင်းငန်းနဲ့ ခိုင်လေးနား ရောက်လာကာ. . .

"မင်းဘာပြောလိုက်လို့လဲ"

"ကျော်ဇေယျ ရှိလားလို့ မေးတာ"

"ဩော်. . . အပေးပေး၊ ငါက သာကေတ သိလား ကြားလို့ကွ. ."

"တကယ်ပါပဲ. . ခင်ဗျားက ထီးဆို. . ဘီးကြားတဲ့လူ၊ ဟိုကောင့်ကို ဒီမနက် မတွေ့လို့ မေးနေတာ"

"တော်သေးတာပေါ့ကွာ. . . ဘီးကယ်လို့၊ မင်းအကောင် ဟိုဖက်အဆောင်ဘေးမှာ မျောက်ချေးတွင်းထဲ ကျတဲ့မျက်နှာနဲ့ ထိုင်နေတယ်၊ မန်နေးဂျင်းလာရင် ထွက်စာတင်မယ်ဆိုလား ဘာလားကွာ၊ ငါလည်း အာရုံနောက်လို့ ဆက်မမေးတော့ဘူး"

"ဒီကောင် အရူးပဲကွာ"

ခိုင်လေး လက်ထဲကအဝတ်ကို ကားဘောနက်ဖုံးပေါ် ပစ်ချထားခဲ့ပြီး ခင်မောင် မေးထိုးပြတဲ့နေရာဘက်ကို လျှောက်လာခဲ့တယ်၊ တကယ်လဲ ခင်မောင်ပြောတဲ့အတိုင်းပါပဲ။

"နေပါဦး. . . မင်းက ဘာဖြစ်နေရတာလဲ"

"ကိုယ့်အလုပ်ကိုယ် သွားလုပ်စမ်းပါကွာ၊ ငါတစ်ယောက်တည်း နေပါရစေ"

အဲ့ဒီအခိုက်မှာပဲ ကျော်ဇေယျလက်ထဲက စာအိတ်ရှည်ကို ခိုင်လေး ဆတ်ခနဲ ဆွဲယူလိုက်တယ်။

"ဟာ!. . . ဟေ့. ."

အလုပ်ထွက်ခွင့် လျှောက်လွှာမှန်း သိလို့. . ခိုင်လေး ဆွဲ





ဆုတ်ပစ်လိုက်တယ်။

"ဟေ့ကောင်. . . မင်းဘာလုပ်တာလဲ"

"အရူးလာဖမ်းတာလေ သောက်ရူးရဲ့၊ မင်းက ဘာကိစ္စ ထွက်ချင်တာလဲ"

"ကျွတ်. . . ငါ့ကိစ္စပါကွာ၊ မင်းသွားတော့ကွာ"

"ဘာလဲ. . . ခင်မြတ်မူကိစ္စ အဆင်မပြေတာနဲ့ပဲ ရှက်ပြီး အလုပ်ထွက်တာလား၊ ရုပ်ရှင်လာမရိုက်နဲ့ကွာ၊ ခင်မြတ်မူ မကြိုက်လဲ မင်းကို ကြိုက်နေတဲ့ကောင်မလေးတွေ အများကြီးပဲ၊ မင်းနေရာမှာ ငါသာဆို ရွှဲ့ပြီး ဆယ့်ငါးယောက်လောက် တစ်ပြိုင်တည်း တွဲပြလိုက်မယ်. . . ရှင်းလား"

အဲ့ဒီစကားကို ခင်မြတ်မူ ကြားသွားတယ်။

ဒီမနက် ဒါရိုက်တာအဖွဲ့ လာမှာမို့လို့ အရောင်းပြခန်းထဲ သန့်ရှင်းရေးအဆင့် ဆင်းပြီးသတ်မှတ်ရင်း ရောက်လာလို့ ကြားသွားတာပါ။

"အေးကွာ. . . မင်းလောက် ငါ့စိတ်တွေ မပြတ်သားတာ ဝန်ခံပါတယ်၊ ငါ ခင်မြတ်မူကို ချစ်တယ်၊ အဲ့ဒီအပြင် ငါ့နှလုံးသားမှာ အစားထိုးစရာ ဖြည့်စွက်စရာနေရာ အပိုမရှိဘူး ခိုင်လေး၊ ငါ သူ့စိတ်နဲ့ မပျော်လို့ ဒီကထွက်တယ်ဆိုတာလဲ မှန်ပါတယ်၊ ဒါပေမယ့် ဘဝပျက်လောက်အောင် နေပစ်ဖို့တော့ ငါမညံ့ဖျင်းဘူးကွာ၊ ဒီက ထွက်ပြီးရင် ဒီနိုင်ငံကပါ ထွက်သွားဖို့အထိ ဆုံးဖြတ်ထားတယ်၊ ရေနံနိုင်ငံတစ်ခုခုမှာ အလုပ်သွားလုပ်မယ်"

"ဒါဆို မင်း တကယ် အဲ့ဒီအတိုင်း မပြင်ဘူးပေါ့"

"မပြင်ဘူးကွာ"

www.burmeseclassic.com



"ခင်မြတ်မူက မင်းအချစ်ကို လက်ခံလိုက်ပြီဆိုရင်ရောကွာ"

"အဲ့ဒါဆို ဒီရုံးမှာ အိမ်မြှောင်ဘဝနဲ့ပဲ နေရနေရ. . ."

ခင်မြတ်မူ လှစ်ခနဲပြုံးပြီး ပြန်လှည့်သွားတာကို ခင်မောင်မြင်လိုက်တဲ့အတွက် ခင်မြတ်မူ ခန်းမထဲက ထွက်သွားတာနဲ့ တစ်ပြိုင်နက်တည်း ကျော်ဇေယျတို့ရှိရာနေရာကို ကဆုန်စိုင်းပြီး ရောက်သွားတယ်။

"ဟေ့ကောင်တွေ. . . မင်းတို့ပြောနေတာကို ခင်မြတ်မူ ဒီဘက်ဘေးမှာ ရပ်ပြီးနားထောင်နေတယ်ကွ"

"ဟမ်!. . ."

"အခု ဘာကိုသဘောကျတယ် မသိဘူး၊ ပြုံးပြီး ပြန်တက်သွားပြီ"

"အတောင်ဖြန့်ပြီးတော့လား"

"ဟုတ်တယ်. . . တစ်ပတ်လောက် ဝဲပြီးတော့တောင် မင်းခေါင်းပေါ် ချီးပါသွားသေးတယ်၊ မယုံရင် စမ်းပြီးနမ်းကြည့်"

ပြီးတော့ ရယ်ကြတယ်။ ကျော်ဇေယျကတော့ မရယ်နိုင်သေးဘဲ မျက်ခုံးတွေရှုံ့ပြီး တွေးနေတယ်။





**နေ့**လည်ခင်း ဒါရိုက်တာအဖွဲ့ပြန်သွားမှ ချိုမီနဲ့ခိုင်လေးတို့ရောက်လာပြီး ကျော်ဇေယျကို ဝင်ခေါ်တယ်။

"ငါတို့နဲ့လိုက်ခဲ့ကွာ ကျော်ဇေယျ"

"ဘာလဲ"

"မေးမနေနဲ့. . . မန္တလေးကိုပို့ရမယ့် ကားနှစ်စီး Ontest ထွက်ဖို့ရှိတယ်၊ ငါတစ်စီးမောင်းမယ်၊ မင်းတစ်စီးမောင်း"

"အဖွဲ့ခေါင်းဆောင်က. . ."

"ဟိုးရှေ့ကကားပေါ်မှာ ရောက်နေပြီ၊ ငါတို့အဖွဲ့က နောက်ကား"

"မန်နေဂျင်းလာတာ တွေ့လား ချိုမီ"

"ဒါရိုက်တာအဖွဲ့နဲ့ ပါသွားပြီလေ၊ ငါတို့ကို ကားစမ်းထားဖို့ပဲ မှာခဲ့တယ်"

ကျော်ဇေယျ ခေါင်းငိုက်စိုက်ချပြီး ထွက်သွားလို့ ခိုင်လေးတို့

www.burmeseclassic.com



ပြုံးကြတယ်။

ကျော်ဇေယျ ကားရှေ့ခန်းထဲ ဝင်ထိုင်ပြီးမှ ပြန်ခုန်ထွက်တော့မလိုမျိုး လန့်သွားတယ်။ အဖွဲ့ခေါင်းဆောင်က ခင်မြတ်မူလေ။

"လူစုံရင် ထွက်မယ်၊ နောက်ကို အချက်ပြလိုက်ပါ"

ရုပ်တည်ကြီးနဲ့ အေးစက်စက်ပြောလိုက်တဲ့ စကားကြောင့် ကျော်ဇေယျ ရှုံ့တွန့်တွန့်လှည့်ကြည့်ပြီး ဟွန်းအတိုနှစ်ချက် ပုတ်လိုက်တယ်။ ခိုင်လေးကလည်း အဆင်သင့်ဖြစ်ကြောင်း ဟွန်းတိုတစ်ချက် ပြန်ပေးတဲ့အတွက်. . ကျော်ဇေယျ ကားစက်နှိုးပြီး စထွက်ပါတော့တယ်။

"ခရီးစဉ် ပြောပါ"

ကျော်ဇေယျလည်း အေးစက်စက် ပြန်မေးလို့ ခင်မြတ်မူက ခပ်တောင့်တောင့် ပြန်ဖြေတယ်။

"ပြည်လမ်းအတိုင်းမောင်း၊ ထောက်ကြံ့ရောက်ရင် ညာကွေ့၊ မန္တလေးလမ်းအတိုင်းမောင်း၊ အင်းတိုင် တာဆုံ ခရီးဆုံး"

ကျော်ဇေယျ ဂီယာတစ်ဆင့်ပြီးတစ်ဆင့် ပြောင်းရင်း သတ်မှတ်ကီလိုမီတာထက် မြန်နှုန်းမြှင့်ပြီး မောင်းလာလို့. . .

"အရှိန်နည်းနည်းပြန်လျှော့ပါ"

"မလျှော့နိုင်ဘူးကွာ. . . သေလည်း အေးတာပဲ"

"ကျော်ဇေယျ"

"ဘာလဲ!. ."

"နင်ဘာလုပ်နေတာလဲ"

"ကားမောင်းနေတာလေ"

"ငါ. . ငါကြောက်တယ်နော်၊ နင်ပြန်လျှော့စမ်း"





"ငါရှုံးသွားပြီ ခင်မြတ်မူ၊ နင့်ကို ချစ်တဲ့စိတ်နဲ့ ရှုံးနေတာ၊ နင်ပြောလဲ အပိုပဲ"

ပြောရင်းက နောက်ထပ်အမြန်ဆုံးတစ်ဆင့် မြှင့်ပစ်လိုက်တဲ့အတွက် ခင်မြတ်မူ အကြီးအကျယ် တုန်လှုပ်သွားပြီး. . .

"နင်အဓိပ္ပါယ်မရှိတာတွေ မလုပ်ပါနဲ့၊ အမှန်တော့ နင်အသုံးမကျတာပါ၊ မနေ့ကတည်းက နင့်ကို ငါအဖြေပေးတော့မလို့ပဲ၊ နင်ဘာလို့ နောက်တစ်ခွန်း ထပ်မပြောဘဲ ပြန်သွားတာလဲ"

"ဒါဆို အခုပေး"

"အေးဟာ. . . ပေးပါတယ်၊ ငါ နင့်ကို ချစ်တယ်. . . လျှော့ပါတော့"

ကျော်ဇေယျ ဂီယာတစ်ဆင့်ချင်း ပြန်ချရင်း ကားကို လမ်းဘေးကပ်ပြီး ရပ်လိုက်တယ်၊ ရပ်ခွင့်မရှိတဲ့နေရာမှာ ရပ်မိလို့ ခင်မြတ်မူ သတိပေးမယ်လုပ်တော့ မမှီတော့ပါဘူး။ အနီးဝန်းကျင်မှာ ရှိနေတဲ့ ယာဉ်ထိန်းရဲဝန်ထမ်းတစ်ဦး အပြေးအလွှား ရောက်လာပေမယ့် ကားထဲက အခြေအနေကြောင့် ငုံ့ကြည့်ပြီးမှ ခေါင်းပြန်မော့ထားပြီး. . .


"နမ်းတာ ခဏနားပြီး လိုင်စင်လေး ပေးပါဗျို့"

www.burmeseclassic.com

လူတစ်ယောက်က ညည်းတွားတယ်…
အချစ်နဲ့အချိုမှုန့်က…
အတော့်ကို ဒုက္ခပေးနေပြီ…တဲ့…၊
ဘာလို့လဲဗျာ…လို့မေးတော့
အဆိပ်မှုန်း သိပြီး…မစားရ မနေနိုင်လို့…တဲ့…၊
အစားထိုးသုံးရင်ကော…လို့ပြောလိုက်တော့…
သူ စဉ်းစားပြီး ခေါင်းညိတ်တယ်…၊
ဒါပေမယ့် ချက်ချင်း…
မျက်မှောင်ကြုံပြီး ပြန်မေးတယ်…
အချိုမှုန့်က ဟုတ်ပါပြီ…အချစ်ကရော…တဲ့…။







## အခန်း (၁၅)

ကိုကြီးကတော့ သူ့ရဲ့ဇီဇာကြောင်တဲ့ ဗီဇတွေတောင် မေ့ပြီး နေ့ရှိသရွေ့ မိုးလင်းမိုးချုပ် ကားတစ်စီးနဲ့ အလုပ်ဖြစ်နေတာကို ကြည့်ရင်း မင်္ဂလာဆောင်ဖို့တောင် သိပ်မဝေးတော့ဘူး ထင်တယ်။ မနေ့က အမေ့ဆီကဖုန်းလာတော့. . သား နင့်အစ်ကိုရဲ့မိန်းကလေးက ဘယ်လိုလဲဘာညာ မေးနေပြီလေ။ အဖေတို့အမေတို့ကိုတောင် ဖွင့်ပြောထားပြီဆိုတော့ ပြီးပြီပေါ့။

မပြီးတာက ကျွန်တော်ပါ။ ကျောင်းလည်း မပြီးသေး၊ ရည်းစားကလည်း မရသေး။

www.burmeseclassic.com



"ဟဲ့. . . ခိုင်မြ"

အသံက ကျွန်တော်ထိုင်နေတဲ့ ခုံတန်းလျားရဲ့ဘေးဖက်က ပေါ်လာလို့ လှည့်ကြည့်လိုက်တော့ ခင်ကြည်ဖြူလေ၊ သူတို့ခြံဖက်က နေကပ်ပြီး အသံနှိမ့်ခေါ်နေတာ၊ ဒီနေ့ အိမ်မှာ သူ့အဖေရော အမေ ပါရှိနေလို့ ခြေချုပ်မိပြီး ငြိမ်နေတာပါ။

ကျွန်တော် ခြံစည်းရိုးနား ရောက်သွားတော့ နှုတ်ခမ်းပေါ် လက်ညှိုးကန့်လန့်ထောင်ပြပြီး လေသံနဲ့ ပြောတယ်။

"နင် ဒီနေ့ ဘယ်မှမသွားဘူးလား"

"မသွားဘူးလေ. . . ဘာဖြစ်လို့လဲ"

သူမ သန်းဥန္နိုက်သလို ခေါင်းကုတ်သလို လုပ်ပြီး. . .

"ငါ ပျင်းလို့ဟာ၊ နင်အပြင်ထွက်ပြီး ငါ့ဆီ ဖုန်းဆက်ပါလား ဒီနေ့ သင်တန်းအချိန်ပိုခေါ်တယ် ဘာညာပေါ့ဟာ"

"ကောင်းပြီလေ. . ငါလည်း နင့်ကို ခေါ်ချင်တာနဲ့ အတော်ပဲ"

"ဩော်. . နင်ပြောတာမှန်တယ် သိလား၊ ငါ့အစ်မ ရည်းစား ရသွားပြီ သိလား"

"ဟုတ်လား. . . နင်မေးကြည့်တာလား"

"အေးဟ. . သူရှက်နေတယ် သိလား. . အခိခိခိ၊ ကဲ. . နင်သွားတော့၊ နေဦး. . ဘယ်က စောင့်မှာလဲ"

"ထုံးစံအတိုင်း အအေးဆိုင်ကပေါ့ဟာ"

"ပြီးရော. . . ငါလစ်ပြီ"

ဌ ဌ ဌ ဌ





ယော ကွမအလိုကျ အားလုံးပြည့်စုံအောင် ဆောင်ရွက်ပေးခဲ့ပြီးပြီဆိုတော့ မိမုန်းကိုလည်း ရွှေပြမျိုးပြလေးဖြစ်အောင် အိမ်ကိုအလည်ခေါ်လာခဲ့တယ်။

အဓိက,ကတော့ မိမုန်းကို သူနေတဲ့အိမ်ကို ရောက်ဖူးစေချင်တဲ့သဘောပါ၊ ခိုင်မြနဲ့က ကန်တော်ကြီးမှာ ဆုံခဲ့ဖူးပြီးသား မဟုတ်လား။

လမ်းထိပ်အအေးဆိုင်ရောက်တော့ ရဲရင့်က. . .

"ကိုကိုတို့ ဒီမှာအအေးဝင်သောက်ပြီးမှ အိမ်ကို သွားကြတာပေါ့၊ အိမ်က ဒီလမ်းထဲမှာပဲလေ"

"ကောင်းတယ် ကိုကို၊ မိမုန်းလည်း ရင်တွေပူနေတာ"

"ဘာကြောင့်များလဲ အချစ်လေးရယ်၊ ကိုကို အားလုံး ရင်အေးအောင် ဆောင်ရွက်ပေးခဲ့ပြီပဲ"

"ဟင့်အင်း. . . အဲ့ဒါက မိမုန်းတို့ဘက်ကလေ၊ ကိုကိုတို့

www.burmeseclassic.com



ဘက်က ခုမှ စမှာဆိုတော့ ရင်ပူတာပေါ့"

"အဟတ်ဟတ်. . . မပူနဲ့၊ အိမ်မှာ ကိုကိုနဲ့ ညီလေးခိုင်မြဲပဲ ရှိတယ်. . . အားလုံး အိုခေ"

သူတို့နှစ်ယောက် ကားရပ်ပြီး ဆိုင်ထဲအဝင်. . . အထဲက စားပွဲလွတ်မှာ တစ်ယောက်ထဲထိုင်ပြီး ဖုန်းပြောနေတဲ့ ခိုင်မြဲကိုတွေ့လို့ ရဲရင့်ဝမ်းသာပြီး အဲ့ဒီဆိုင်မှာပဲ ဝင်ထိုင်လိုက်တယ်။

"ဟာ!. . . ကိုကြီး"

"အဟေးဟေး. . . မင်းရဲ့မရီးလောင်းလေးကို အိမ်ခေါ်မြဲတာလေ၊ အိမ်မှာ ဒေါ်ထွေးရှိလား"

"မရှိဘူး. . . ဒေါ်ထွေး မနေ့ကတည်းက ပုသိမ်ပြန်သွားလို့ မနက်စာညစာ ဆိုင်ထွက်စားနေရတယ်"

အဲ့ဒီအခိုက်မှာပဲ. . ကျော်ဇေယျတစ်ယောက် ကျီးကြည့်ကြောင်ကြည့် မျက်လုံးတွေနဲ့ ဆိုင်ထဲဝေ့ကြည့်ပြီး ဆိုင်အပြင်ဖက်က ဝိုင်းအလွတ်မှာ ဝင်ထိုင်တယ်။

"အအေးတစ်လုံးပေး"

"ဘာသောက်မလဲ"

"လိုင်းချီးစ်"

မိမုန်းက ဒီအသံကြားဖူးနေသလိုလိုရှိလို့ လှမ်းကြည့်ပြီး. .

"အဲ့!. . . ကိုကျော်ဇေယျ"

"ဟေ. . . ဘယ်က ကိုကျော်ဇေယျလဲ"

"ကိုကိုကို မိမုန်းပြောပြတဲ့ မွေးစားမိဘတွေရဲ့သားလေ"

"ဘယ်မှာလဲ"

"ဟိုမှာ. ."





"ဟာ. . ခေါ်လိုက်လေ၊ ဒီနေရာက ကိုကို့နေရာပဲ. . ဧည့်ခံရမှာပေါ့"

"ဟာ. . . မိမုန်းမခေါ်ချင်ပါဘူး"

အဲ့ဒီအချိန်မှာပဲ ဆိုင်ရှေ့မှာ ကားတစ်စီးထပ်ပြီးရပ်လို့ ကျွန်တော် လှမ်းကြည့်လိုက်တော့ ခင်ကြည်ဖြူကား ဖြစ်နေတာကြောင့်

"ကိုကြီး. . ခဏလေး၊ ဟိုမှာ ကျွန်တော့်ဧည့်သည်"

"ဟေ. . ခေါ်လေ၊ ဟာ. . မထူးဘူး၊ အားလုံးတစ်ဝိုင်းတည်း စုထိုင်လိုက်ရအောင်"

ကျွန်တော်တို့အားလုံး အပြင်ဝိုင်းမှာ သွားစုဖို့ ထရပ်လိုက်ကြပြီး ရပ်နေတဲ့အတိုင်း တန့်ကုန်ကြတယ်၊ ဘာကြောင့်လဲဆိုတော့ ခင်ကြည်ဖြူနဲ့အတူ သူ့အစ်မခင်မြတ်မူ ပါလာတဲ့အတွက်၊ ကျွန်တော် အိုးတိုးအတဖြစ်နေတုန်း အပြင်ခုံမှာ ထိုင်နေတဲ့ပုဂ္ဂိုလ်က. . .

"ခင်မြတ်မူ. . . ငါဒီမှာ"

ဆိုတော့ကာ ခင်မြတ်မူအဲ့ဒီဝိုင်းမှာ ဝင်ထိုင်တဲ့အတွက် ရဲရင့်က မိမုန်းကို လက်ဆွဲပြီး ဝင်ထိုင်လိုက်တယ်။

"ဒီနေ့တော့ အရမ်းထူးခြားတယ်ဗျ. . အဟဲဟဲ၊ ဒီက ကိုကျော်ဇေယျနဲ့ မိမုန်းနဲ့က မွေးစားမိဘရဲ့မောင်နှမတွေဆို. ."

ကျော်ဇေယျလည်း ရေငတ်တုန်း ရေတွင်းထဲကျသလို ဝမ်းသာပြီး. . .

"အာ. . ဟုတ်ပါတယ်၊ ဟဲ့. . မိမုန်း၊ နင်က ဘယ်ကို လာတာလဲ"

မိမုန်းက မျက်နှာလေးချိုပြီး. . .

"အဟင်းဟင်း. . ဒါ မိမုန်းရဲ့ချစ်သူ ခင်ပွန်းလောင်းလေ. ."

www.burmeseclassic.com



ကိုရဲရင့်တဲ့၊ အိမ်လည်ခေါ်လို့ လိုက်လာတာ”

မိမုန်း ဘာအတွက် စကားနာထိုးမှန်း သိလို့ ကျော်ဇေယျ ကလည်း အားကျမခံ ပြန်ချေတယ်။

“ကြည့်စမ်း. . ကိုယ့်အစ်ကိုရှေ့မှာ အတော်မျက်နှာပြောင် တယ်. . ကဲ. . မထူးဘူး၊ ငါလည်း ကြွားရမှာပဲ၊ ဒါ ညည်းရဲ့ယောင်း မဖြစ်လာမယ့် ငါ့ချစ်သူ ခင်မြတ်မူလေ၊ အလှူတုန်းက နင်မြင်ဖူးပါ တယ်. . . ဟဲဟဲဟဲ”

“ဟားဟားဟား. . ခုမှပဲ ဆုံတော့တယ်ဟေ့၊ အဲ. . ခိုင်မြ လာလေကွာ. . ဝင်ထိုင်၊ လာ. . ဒီနေ့ အအေးဖိုး ငါပဲ ဒကာခံမယ် ဟေ့၊ သိပ်ကောင်းတယ်ကွာ. . ဒီနေ့ တကယ်မင်္ဂလာရှိတာပဲ၊ ငါ့ ညီရဲ့အတွဲ၊ ငါ့အတွဲ၊ ငါ့ယောက်ဖရဲ့အတွဲ. . ဟားဟားဟားဟား”

ရဲရင့် အားပါးတရ ပျော်နေပေမယ့် ခင်ကြူဖြူတို့ ညီအစ်မ ကတော့ အတော်အနေခက်နေတဲ့ပုံနဲ့ နှစ်ယောက်ယှဉ်လျက် ထိုင်ပြီး ခင်မြတ်မူက သူ့ညီမကို တီးတိုးကပ်မေးတယ်။

“ကြည်ဖြူ. . . တကယ်ပဲလား”

အဲ့ဒီအဖြေကိုတော့ ကြည်ဖြူကိုယ်စား ကျွန်တော် ဦးအောင် ဖြေဆိုလိုက်ပါတယ်။

“ဟုတ်တယ် မမ၊ ကျွန်တော်တို့က မမ ဆူမှာစိုးလို့ ဒီလို ဟဲဟဲ”

ခင်ကြည်ဖြူ ရှက်ပြီး မျက်စောင်းထိုးပေမယ့် အပြုံးရိပ်တွေ ထိုးနေတယ်ဆိုတာ ကျွန်တော်မြင်တယ်လေ။

ဒါပေမယ့် ကြည်ဖြူက ကျွန်တော့်ကို ပေါင်ဆွဲလိမ်ပြီး. . .

“နင် လူလည်မကျနဲ့နော်”



“ဟော့. . . ဒီအချိန်မှာ ခေါင်းမညိတ်ရင် နင်မိုက်လို့ပေါ့ဟ ကြည့်လေ. . . ဒီမှာ ချစ်ကြောင်းရယ်ကုန်စင် ဖြစ်နေကြတာ”

“သွား. . ဘာမှလာပြီးရောလွှတ်မနေနဲ့၊ ဟင်း. . ငါမပြော ချင်ဘူးနော်ခိုင်မြ”

“ဟာ. . ဘယ်လိုဖြစ်ကြတာတုန်း”

“အေးလေ”

ကျွန်တော်လည်း အိုးတိုးအောင့်သက်ဖြစ်ပြီး လက်ရှိအခြေ အနေကို ဘယ်လိုထိန်းရမှန်းမသိ ဖြစ်နေတုန်း မမခင်မြတ်မူက သူ့ ညီမကို အသံနှိမ့်ပြီးမေးတယ်။

“ကြည်ဖြူ. . မဟုတ်ဘူးလား”

ခင်ကြည်ဖြူ မျက်နှာနီနီကြီးငုံ့ပြီး ခေါင်းခါတော့ အားလုံး ဘင်ဟာတောက်ကျွတ် ဖြစ်ကုန်ပြီး. . ကျွန်တော့်ဆီ အကြည့်တွေ ရောက်လာတယ်။ ကျွန်တော်လည်း ရှက်သွားတယ်၊ ဝန်ခံရရင် ကျွန် တော်ဆိုတဲ့ကောင်က အင်မတန်မျက်နှာပြောင်ပြီး အရေပြားထူတဲ့ ကောင်ပါ။

ဒီတစ်ခါတော့ လဝကရုံးရှေ့ရောက်မှ ပွိုက်ကာဒ်ရမရ မသေ ချာတဲ့ ရိုဟင်ဂျာတစ်ယောက်ရဲ့ မျက်နှာမျိုးများ ဖြစ်နေမလားတောင် မသိဘူးဗျ။ ကြည်ဖြူကတော့ မမခင်မြတ်မူ ဘယ်လိုမေးမေး One way ပါပဲ၊ ခေါင်းခါဆဲပါပဲ. . ။

“အဲ့ဒါဆို ဒီကိုဘာကိစ္စလဲ”

ဒါလည်း ခေါင်းခါနေလို့ ခင်မြတ်မူ စိတ်တိုလာပြီး. . .

“ဘာကိစ္စမှမဟုတ်ရင် ပြန်တော့. . .”

သူမ ဆတ်ခနဲထပြီး ကားဆီလျှောက်သွားတော့ ကျွန်တော်

www.burmeseclassic.com



လည်း လန့်ဖျပ်ပြီး ထလိုက်သွားတယ်”

“နင်ဘယ်လိုဖြစ်တာလဲ”

“မသိဘူး လာမမေးနဲ့”

“ဂျိပ်!. .”

သူမ ပြန်ဖြေရင်း ကားထဲဝင်ထိုင်ရင်း တံခါးပါဆွဲပိတ်လို့. .

“ဟ. . ဟ. . နေဦး. . ငါ့ပုဆိုး ညပ်နေတယ်”

သူမ ပြန်ဖွင့်ပြီးမှ ပြန်ပိတ်တယ်။

“မြင်လား. . . နင့်ကို လူမပြောနဲ့ ပုဆိုးကတောင် အနံ့သိပြီး လိုက်သွားတာ”

သူမ ပြန်မဖြေတော့ဘဲ ကားကို ခတ်ဆောင့်ဆောင့်မောင်း ထွက်သွားပါတယ်။ ကျွန်တော်လည်း ရှက်ရှက်နဲ့ ဆိုင်ဘက်ကို လာ ပြပြီး အိမ်ဘက်ပြန်လျှောက်လာခဲ့တယ်။

ငါ့နှယ့်ကွာ. . အားလုံးအဆင်ပြေနေကြပြီ. . ငါကျမှ. .

ရင်ထဲ ခံရခက်နေလို့ ခြေဦးထိပ်နဲ့ နီးရာကို ပစ်ကန်တာ ပုဆိုးပါ ထက်ခြမ်းကွဲသွားတယ်။

“ဗျစ်!. .”

“အဲ!. . .”

၌ ၌ ၌ ၌



မိနစ်တံ တစ်ခုန်. . နှစ်ခုန်စာလောက်အတွင်းမှာ ဖြစ်ပျက် သွားတဲ့ ခိုင်မြတို့ကိစ္စကိုကြည့်ပြီး ဆိုင်ထဲမှာ တိတ်ဆိတ်သွားတဲ့ အ ခြေအနေကို ကျော်ဇေယျက စပြီးလှုပ်နိူးတယ်။

“ငါ့အထင်. . သူ့အစ်မရှေ့မှာ ရှတ်တရက်ဆိုတော့ ကောင် မလေး ရှက်ပြီးလစ်သွားတာ ဖြစ်ရမယ်”

“မဟုတ်ဘူး ယောက်ဖရဲ့၊ ခိုင်မြက ငါ့ညီ. . ဒီကောင့်အ ကြောင်း ကောင်းကောင်းသိတယ်၊ ပါးစပ်က အရမ်းပေါ့တဲ့ကောင်၊ ဘာပဲဖြစ်ဖြစ်. . အလေးအနက်ထားရမှာပေါ့”

“ဟင့်အင်း. . ကျွန်မအမြင်တော့ သူတို့နှစ်ယောက်စလုံးက တကယ့်ချစ်သူအစစ်တွေ မဟုတ်ကြလို့. .”

“ဟော. . မိမုန်းက ဘယ်လိုသိတာလဲ”

“သိတာပေါ့. . အချစ်ဆိုတာ အပြန်အလှန်လိုအပ်မှုရှိတဲ့ စိတ်လေ၊ တစ်ဖက်ကရှိတယ်. . တစ်ဖက်ကမရှိဘူး. . ဒါမှမဟုတ်

www.burmeseclassic.com



နှစ်ဖက်စလုံးရှိတယ် သိပ်မလိုအပ်ဘူး၊ အဲ့ဒါဆို စစ်မှန်တဲ့ချစ်သူ မဖြစ်နိုင်ဘူး"

"ဘုရား. . ဘုရား. ."

ရဲရင့် ဘုရားတကာ ဝမ်းသာအဲလဲမျက်နှာကြီးနှင့် ကျော်ဇေယျကို လက်မထောင်ပြပြီး. . .

"ယောက်ဖရေ တကယ့်အမှန်ကြီးနော်. . လျှော့မတွက်နဲ့"

အဲ့ဒီအချိန်မှာပဲ ခင်မြတ်မူက တွေးတွေးဆဆအသံနဲ့. .

"ဒီအတိုင်းလဲ ကောင်းပါတယ်၊ သူတို့က ကျောင်းပြီးသေးတာမှ မဟုတ်တာ"

အားလုံးတိတ်ဆိတ်ပြီး ခင်မြတ်မူဆီအကြည့်ရောက်မှ ခင်မြတ်မူ တစ်ခုခုကိုသတိရပြီး ထိတ်ပြာသွားဟန်နဲ့. . .

"အဲ့ဒါမှ ဒုက္ခပဲ"

ဆိုတော့ကာ ကျော်ဇေယျလည်း ပြာသွားပြီး. . .

"ဘာဖြစ်လို့လဲဟင်"

"ဒီနေ့ အိမ်မှာ ဖေဖေရှိတယ်၊ ညီအစ်မနှစ်ယောက် ထွက်လာတုန်းက ကြည်ဖြူကိုလိုက်ပို့ပြီး ကားပြန်ယူလာခဲ့မယ်လို့ ဖေဖေပြောခဲ့တာ၊ အခု ကြည်ဖြူတစ်ယောက် ပြန်သွားပြီ. . ဖေဖေမေးရင်တော့ ဒုက္ခပါပဲ"

"အာ. . အဲ့ဒါ သူ့ဘာသာကြည့်ဖြေမှာပေါ့ ခင်မြတ်မူရာ. . ကြည်ဖြူလည်း နားလည်မှာပါ"

"ဟာ နင်မသိဘူး၊ သူခုချိန်ထိ ကလေးစိတ်ကုန်တာ မဟုတ်ဘူး. ."

ရုတ်တရက်မို့ အားလုံး ခေါင်းကုတ် လည်ပင်းကုတ်နဲ့ စိတ်





ရှုပ်ကုန်ကြတယ်။ ခဏကြာတော့ ရဲရင့်က. . .

"ဒီလိုလုပ်. . အခုကြည်ဖြူဆီ ဖုန်းဆက်လိုက် လက်ရှိအခြေအနေကြည့်ပြီး မီးစင်ကြည့်ကမယ်၊ ယောက်ဖလည်း ကိုယ့်ကိုယ်ကိုပြင်ဆင်ထား. . အကယ်၍ သူ အိမ်မပြန်ရဲတော့ဘူးဆိုရင် မင်းနိုးပြေးနိုင်ရမယ်"

"ဟာ. . ."

"ဟင်. . ."

"ဟုတ်တယ်လေ. . အချစ်ဇာတ်လမ်းတွေရဲ့ အဆုံးသတ်ပိုင်းမှာ အဲ့ဒါတွေချည်းပဲများတာ တကယ့်နည်းလမ်းကောင်းဖြစ်လို့ဖြစ်မှာပေါ့ကွ"


"ကျွန်မကတော့ ခိုးရာမလိုက်နိုင်ဘူး. . ."

"ငါလည်း မခိုးရဲပါဘူးဟ. . လုပ်လုပ် ဖုန်းအရင်ဆက်. . မီးစင်ကြည့်ကလို့မရရင်. . ရေခဲစင်ကြည့်ကမယ်"


"ဟုတ်တယ်. . ကျွန်မတို့ ဒဂုံမှာ ရေခဲစက်ရှိတယ်၊ ကျွန်မလိုက်ပို့မယ်. ."

အားလုံးစိတ်ညစ်ကုန်ကြပေမယ့် စိတ်ထဲကပဲ ညစ်ပေးကြတယ်။

www.burmeseclassic.com





## အခန်း (၁၆)

"ကြက်ဥအရောင် တိမ်တောင်သဖွယ် အချစ်ရေးကျယ်၏"

ကျွန်တော် တစ်ညလုံးစဉ်းစားထားသော အစီအစဉ်ကို စလိုက်တယ်။ ကြည်ဖြူတို့ ခြံစည်းရိုးဘေးမှာ ပိန္နဲပင်ကြီးတွေနဲ့ အရိပ်ကောင်းတဲ့အတွက် ကျွန်တော့်အခန်းထဲက ဒရင်းဘက်ကို အဲ့ဒီထုတ်ခင်းပြီး စာအုပ်ဖွင့်ကာ အသံခတ်ကျယ်ကျယ်လေး ရွတ်ဆိုလိုက်ပါတယ်။

www.burmeseclassic.com



"ကြက်ဥသည် အထီးပေါက်မည်၊ အမပေါက်မည်ဟု ကြိုတင်ခန့်မှန်း၍ မရနိုင်သကဲ့သို့. . တိမ်တောင်တွေကိုကြည့်ကာ မည်သည့်အရုပ်ပုံသဏ္ဌာန်ရှိသည်ဟု ပုံသေပြော၍မရ၊ ထို့အတူ အချစ်သည်လည်းပဲ. . ."

"ဟော့. . ဟော့. . ခိုင်မြဲ. ."

ကျွန်တော်လှည့်ကြည့်တော့ တစ်ဖက်ခုံဘေးမှာ ကြည်ဖြူဖခင် ရပ်ပြီး ခေါ်နေတာကြောင့် လန့်ပြီးထခုန်မိသွားတယ်။ ခါတိုင်း ဒီချိန် ရုံးသွားတဲ့ဟာကို ဒီနေ့ ဘယ်လိုဖြစ်ပြီး. . .။

"မင်း. . ဘာတွေ ရွတ်နေတာလဲ"

"ဗျာ!. . ဟို. . ဟဲဟဲ. . ဒီလိုပါပဲ အန်ကယ်"

"မှားနေသလားလို့ကွ. . . ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ်၏. . မဟုတ်ဘူးလား၊ ပြည်ထဲအရေး ပေါက်နှင့်ကျေးလို့ ဆိုတာ. . ဘိုးရာဇာ အမတ်ကြီးပေါ့ကွဲ. . ."

"ဟုတ်လား. . . အန်ကယ်က စာဖတ်နှံ့စပ်တာပဲနော်"

"အေးလေ. . အေးလေ. . မင်းမှားနေသလားလို့"

"မမှားပါဘူးအန်ကယ်. . ဒီစာက အမည်မသိဒဿနဆရာက ဆိုထားတာပါ"

"ဟော. ."

အန်ကယ်ကြီးစိတ်ညစ်ပြီး တစ်ဖက်လှည့်သွားပြီးမှ ပြန်ကြည့်ပြီး. . .

"ဒါနဲ့. . . မင်းနဲ့ကြည်ဖြူနဲ့ ရန်ဖြစ်ထားကြတာလား"

ရုတ်တရက်မို့ ကျွန်တော့်ရင်ထဲ ဒိန်းခနဲဆောင့်တက်ပြီး ချက်ချင်းပဲ ဖြီးဖြန်းဖို့ပြင်ရတယ်။





"အဲ. . အဟဲဟဲဟဲ. . ဟုတ်တယ်အန်ကယ်၊ ဟို. . အန်ကယ့်ကို ပြန်တိုင်လို့လား. ."

"မတိုင်ပါဘူး. . သူတို့ညီအစ်မချင်း စကားပြောတော့ မင်းကို မကျေမနပ် ပြောဆိုနေသံကြားရလို့"

ကျွန်တော့်ရင်ထဲ အောင့်သက်သွားပေမယ့် အပြုံးမပျက်ဘဲ

"ဩော်. . ဒီလိုအန်ကယ်ရ. . ဟိုတစ်နေ့က ကျောင်းမှာ သူဗီးထုပ်ဝယ်စားတော့ ကျွန်တော်လည်းစားချင်လို့ တောင်းစားတာ မကျွေးလို့ လုစားလိုက်မိတာလေ. . အဲဟဲဟဲဟဲ. ."

"ကွယ်. . . ကလေးတွေကျနေတာပဲ၊ မင်းတို့တွေ မငယ်တော့ဘူးကွ လူကြီးစိတ်ကလေး မွေးကြဦး"

"မဖြစ်ဘူးထင်တယ် အန်ကယ်ရဲ့. ."

"ဟေ. . ဘာလို့လဲ"

"မုန့်ဘိုးနည်းသွားမှာစိုးလို့. . ."

"ဟာ. . ဒီကောင်၊ အေး. . အေးပါ. . ကောင်းပါတယ်၊ ဒါနဲ့ မင်းတို့စာမေးပွဲ နီးပြီနော်. ."

"ဟုတ်. ."

"ကျောင်းလဲပြီးတော့မယ်. ."

"ဟုတ်. ."

"အေး. . အေး. . ဒီမယ်"

အန်ကယ်ကြီး စကားဖြတ်ပြီး ခြံစည်းရိုးနားကပ်လာတယ်ပြီးမှ. . လေသံနှိမ့်ပြီး. . ။

"မင်းတို့သူငယ်ချင်းတွေ တစ်တန်းတည်းအတူတက်နေကြတာ. . . မင်းသူငယ်ချင်းမှာ ရည်းစားရှိတာတို့ဘာတို့ မကြားမိဘူး

www.burmeseclassic.com



လား"

"ဟာ. . အဲ့ဒါတော့ မပြောချင်ဘူးအန်ကယ်ရာ. . "

"ဘာလို့လဲ. . ."

"ကြည်ဖြူသိရင် ကျွန်တော်သေမှာ. . "

"စိတ်ချ မသိစေရဘူး၊ ဒီကလေးမက မရင့်ကျက်ဘူးကွ. . ငါစိတ်ပူတယ်၊ ပြောစမ်းပါ. . "

"အန်ကယ်. . ကတိနော်. . "

"အေးပါ. . ပြောစမ်းပါ"

"သူ့မှာ. . ရည်းစားရှိချင်နေတယ်"

"ဟေ. . ဘယ်လိုကြီးလဲ"

"ဒီလိုလေ. . သူ့ကိုကြိုက်နေတဲ့ကောင်လေးကို သူကလည်း ပြန်ကြိုက်တယ်၊ ဒါပေမယ့်. . သူက မကြိုက်သလို ဟန်ဆောင်နေတာကို ပြောတာ"

"ဪ. . ဒီလိုလား. . ၊ ကောင်လေးကရော ဘယ်ကလဲ၊ အခြေအနေကရော. . ."

"ကောင်းပါတယ်၊ လူချောလူခန့်တစ်ယောက်ပါပဲ၊ အတန်းထဲပဲ အန်ကယ်ရဲ့. . ပိုက်ဆံလည်းချမ်းသာတယ်၊ ရိုးသားပြီး အရမ်းအေးတာ၊ မိဘတွေက နိုင်ငံခြားကုမ္ပဏီရှယ်ယာဝင်တွေလို့ ပြောတာပဲ၊ ဒီမှာတောင် မရှိကြဘူး. . "

"ဟုတ်လား. . အင်း. . ကြားရသလောက်တော့ မဆိုးပါဘူး နာမည်ကရော. . "

"အဲ့သလောက်ထိတော့ ကျွန်တော်မပြောပရစေနဲ့အန်ကယ်၊ ကြည်ဖြူက တအားလက်သန်ပြောင်တာနော်၊ အင်း. . ."





တနလ်ာသားဗျာ၊ အဲ့သလောက်ပဲ သိပေးပါ. . နော. . "


"ဪ. . အေး. . အေးပါကွာ ကျေးဇူးပဲ၊ လက်စနဲ့ စောင့်ကြည့်ပေးပါဦး ငါ့တူရာ. . အားကိုးပရစေ"

"ရပါတယ် အန်ကယ်ရဲ့. . ၊ ကျွန်တော်လည်း ကြည်ဖြူကို စောင့်ရှောက်ပါတယ်"

"ဒါပေါ့. . ဒါပေါ့. . ဟုတ်ပြီ. . ၊ ကဲ. . အန်ကယ်သွားလိုက်ဦးမယ်"


အန်ကယ်ကြီးထွက်သွားမှ ကျွန်တော်လည်း ဒရင်းဘက်ပေါ် အသာပြန်ထိုင်ပြီး ပင့်သက်ရှိုက်ရတယ်။ ဒါပေမယ့်လည်း သိပ်ကြာကြာမထိုင်ရဲတော့လို့ ဒရင်းဘက်ပြန်ခေါက်သိမ်းပြီး အိမ်ဖက် ခတ်သုတ်သုတ်လစ်လာခဲ့တော့တယ်။

www.burmeseclassic.com



အချစ်ဆိုတာ
ကိုယ့်မှာသွေးတိုးရှိမှန်း သိလျက်နဲ့
ဝက်သားဟင်းကို
နင်းကန်စားပစ်သလိုပါပဲ…၊
ပရက်ရှာ တက်ပြီး
ပက်လက်လန်သွားမှ
အစားဆင်ခြင်ဖို့ သတိရတာလေ
အချစ်လည်း ဒီလိုပါပဲ
ပရက်ရှာတက်ပြီး
ပက်လက်လန်မှ
မဟန်မှန်းသိတာ…ဆိုတော့
ဆင်ခြင်ပြီး စားပေါ့…နော…။





# အခန်း (၁၇)

"မမရေ့. . ဒါရိုက်တာကြီးက သူ့အခန်းကို ခဏ လောက်တဲ့. . ."

"ဩော်. . အေးအေး. . ရော့. . ဒီဖိုင်ထဲမှာ ဘဏ်သွားရ မယ့်အရေးအတွက် ပြန်စစ်ပေးဟာ၊ ပြီးရင် မမကြည်ကိုပေးလိုက် ဒီနေ့ပြတ်အောင် လုပ်ပေးပါလို့. ."

"ဟုတ်. . ဟိုလေ. . မမ၊ မနေ့က ညီမတို့ဆိုဒ်ထဲက ကား လေးစီးထွက်ထားကယ်နော်၊ အဲ့ဒါ. . ဘောက်ဆူးလေးလေ. . အ

www.burmeseclassic.com



ဟင်းဟင်း . ."

"ခဏလေး . . . ငါပြန်လာတာနဲ့ လုပ်ပေးမယ်"

အဲ့ဒီနောက် ခင်မြတ်သူ ဖိုင်တစ်ချို့ပိတ်သိမ်းပြီး ဖခင်ရှိ ဒါရိုက်တာရုံးခန်းဖက် လျှောက်လာခဲ့တယ်။

"ဖေဖေ ခေါ်တယ်ဆိုလို့ . . ."

"အေး . . သမီး . . လာထိုင် . ."

သူမဝင်ထိုင်ပြီး ဖခင်မျက်နှာကို အကဲခတ်တယ်။ ထင် တော့ အရေးတကြီးအလုပ်ကိစ္စ ဘာများထူးခြားသလဲပေါ့။

"ဒီလို . . သမီးရဲ့ . . ၊ ငါ့သမီးကတော့ ဖေဖေစိတ်ချတဲ့သမီး ဆိုတော့ ပြောစရာမရှိဘူး၊ ပြဿနာက သမီးညီမကွ၊ အခု သူ့မှာ ရည်ရွယ်ထားတဲ့သူ ရှိနေပြီ"

သူမရင်ထဲ တဒိတ်ဒိတ်မြည်လာပြီး ဆက်နားထောင်တယ်

"ဖေဖေ စုံစမ်းလို့ရသလောက် ကောင်လေးက လူရည်သ ငွေကြေးပြည့်စုံတဲ့ အသိုင်းအဝိုင်းကပဲ . . ၊ သူတို့ တစ်တန်းတည်း ကျောင်းတက်နေကြတာလေ"

"ဖေဖေ ဘယ်လိုသိလဲဟင်"

"ဩော် . . သမီးရယ်၊ ဖေဖေ့သမီးတွေပဲဟာ မသိတာရှိ လား၊ အဲ့ဒါကွာ . . ဖေဖေဒီလိုစဉ်းစားတယ်"

"ဟုတ် . ."

"သူတို့ ကျောင်းလည်းပြီးကြတော့မယ်၊ ခက်တာက သမီး ညီမက တည်ငြိမ်ရင့်ကျက်တဲ့ အမူအကျင့်မျိုး မတွေ့ရတော့ ဖေ ကြာ . . . အလွန်အကျွံအမှားတွေ ဖြစ်လာမှာ စိုးရိမ်တယ်သမီးရ အဲဒါကြောင့် ကြည်ဖြူလက်ခံတယ်ဆိုရင်လည်း ကောင်လေးကိုခေ



တွေ့ပြီး အကဲခတ်ကြမလားလို့ တိုင်ပင်တာ"

သူမ နည်းနည်းရင်တုန်သလိုဖြစ်လာတယ်၊ ဖေဖေဘယ်လို သိပါလိမ့်ဆိုတဲ့အတွေးနဲ့ အူတူတူဖြစ်နေခိုက်မှာပဲ . . ။

"ကောင်လေးက တနယ်သားဆိုတော့ ကြည်ဖြူနဲ့လည်း နေ့နံသင့်ရှာသားပဲ၊ လူမြင်ပြီး အကဲခတ်ကြည့်လို့ အဆင်ပြေရင်တော့ မိဘတွေတိုင်ပင်ပြီး မြန်းလိုက်မယ် စိတ်ကူးတာ၊ ကောင်လေး ဘတွေက ပြည်ပမှာဆိုတော့ ခက်သားလား၊ စိတ်ပူတာလည်း အဲ့ဒါ ဲ သမီးရဲ့ . . မိဘတွေ အနားမှာမရှိတော့ ဆုံးဖြတ်ချက်မှားမှာစိုးတာ အဲ့ဒီမှာ ကိုယ်ကလည်း သမီးရှင်ဖြစ်နေတာ သမီးရဲ့ . . ."

"ဟုတ် . . ဒီကိစ္စက သမီးတို့ဘက်ကမြင်တာလေ၊ ညီမလေး ဘက်က ဘယ်အခြေအနေလည်းဆိုတာ ရှိသေးတယ်မဟုတ်လား"

"အေး . . အဲ့ဒါကြောင့် သမီးကိုတိုင်ပင်တာလေ . ."

"သမီး . . ညီမလေးနဲ့ ဆွေးနွေးကြည့်ပါဦးမယ်"

"အေး . . ကောင်းတယ်၊ ဩော် . . ဒီနေ့ ဘဏ်ကိစ္စ နောက်ဆုံးရက် ဖြစ်ပြီနော်"

"ဟုတ် . . သမီး စီစဉ်ထားပြီးပြီဖေဖေ"

"အိုခေ . . အင်း . . သမီးကြီးအတွက်ပဲ ဖေဖေခေါင်းအေးရတယ်ကွာ . . ၊ ကဲ . . သွား . . သွား . ."

"ဟုတ် . ."

ခင်မြတ်မူအခန်းထဲကအထွက် အခန်းဝမှာ ကျော်ဇေယျနဲ့ တန်းခနဲတွေ့လို့ လန့်ပြီး . .

"ဟင် . . ဒီကို ဘာကိစ္စလဲ"

"အန်ကယ်နဲ့တွေ့ချင်လို့ . ."

www.burmeseclassic.com



"ဟုတ်ပြီလေ. . ဘာကိစ္စလဲလို့ဆိုနေ. . "
"ငါတို့နှစ်ယောက်ကိစ္စ"
"ဘာ!. ."









## အခန်း (၁၈)

ကြည်ဖြူ အရေးတကြီးတွေ့ချင်တယ်ဆိုလို့ massage လုမ်းပို့လို့ ကျွန်တော် ကြွေမဆည်နိုင်ဘဲ အတန်းမပြီးခင် ကြိုထွက်လာခဲ့တယ်။ ဒီနှစ် သစ်ရွက်ကြွေချိန် စောလွန်းတာ ကြည့်ပြီး. . နိမိတ်ကောင်းပါ့မလားလို့ တွေးနေတုန်း ကြည်ဖြူရောက်လာပြီး ခတ်လှမ်းလှမ်းက ခုံတန်းလျားဆီ ဆွဲခေါ်သွားပါတော့တယ်။

"နင်ဘာလုပ်တာလဲ ခိုင်မြဲ"
"ဟေ. . . ဘာလုပ်မိလို့လဲ"

www.burmeseclassic.com



ကြည်ဖြူ့မျက်လုံးတွေ ကျွတ်ထွက်လာတော့မတတ် ကြည့်နေလို့ ကျွန်တော်လန့်ပြီး ပြန်မကြည့်ရဲတာကို. . .။

"ဒီမှာ နင် ငါ့ကိုကြည့်စမ်း. . ."

"အင်း. . အဲ. . အေးလေ"

"နင် ဖေဖေ့ကို ဘာတွေပြောတာလဲ. . ပြော. ."

ကျွန်တော် ဖြက်ခနဲသိလိုက်ပေမယ့် မသိသလို တွေးတွေးဆဆ လုပ်ပြီးမှ. . .။

"ဩော်. . အဲ့ဒီကိစ္စလား. . ဟဲဟဲဟဲ. ."

"ပြော. . နင်ဘာတွေသွားပြောလိုက်သလဲ"

"အေး. . . နင်ကြားခဲ့သလောက်ပဲလေ၊ ဝန်ခံပါတယ်ဟာ ငါလည်းမရှယ်ပါဘူး၊ ဒါပေမယ့်. . အဲ့ဒီမတိုင်ခင်ရက်က နင် ငါ့ကို စိတ်ခုသွားလို့ နင့်ကိုခြံဘေးနားကနေ နောက်ပြောင်ပြီး အော်နေတာ၊ အဲ့ဒီမှာ နင်တို့ဖေဖေ ရောက်လာတာလေ"

"အဲ့ဒါနဲ့ နင်ပြောလိုက်တယ်ပေါ့"

"မပြောဘူး. . သူကလာမေးတာ၊ မင်းသူငယ်ချင်းက ရည်းစားရှိနေပြီလား ဘာညာနဲ့မေးလို့. . ငါလည်း ထိန်းထိန်းသိမ်းသိမ်းလေး ပြောပြပေးလိုက်တာ. ."

"ဘာ!. . ထိန်းထိန်းသိမ်းသိမ်း ဟုတ်လား. ."

"ဟုတ်တယ်လေ၊ မထိန်းရင်. . သူ့ချစ်သူက ကျွန်တော်ပါလို့ ပြောလိုက်မှာပေါ့ဟ၊ အခုက တနယ်သားလေးပါလို့ပဲ ပြောလိုက်တယ်. . ဟဲဟဲဟဲ. ."

"တော်တော့ခိုင်မြဲ. . နင်မျက်နှာမပြောင်နဲ့၊ ငါအခု ဒုက္ခရောက်နေပြီ သိလား. ."





"ဟေ. . ဘာကြောင့်လဲ"

"မမတို့အကြောင်းလည်း သိသွားပြီ၊ ငါ့ကိုလည်းဖေဖေက တနင်္ဂနွေကို သမီးကောင်လေးခေါ်လာခဲ့တဲ့"

"ဟာ. . . ပွတာပဲ. . ၊ လာမယ်လေ. . ငါလာမယ်လေ"

"ဘာပြောတယ်၊ နင်လာခဲ့ရအောင် နင်နဲ့ငါက ဘာမို့လို့လဲ"

"ချစ်သူတွေလေ. ."

"ဘယ်သူက နင့်ကိုချစ်တယ် ပြောလို့လဲ"

"နင်လေ. ."

"သေလိုက်. . လုံးဝပဲ"

"မနောက်ပါနဲ့ကြည်ဖြူရာ. . ဒါဗိုက်ခေါက်လိမ်ဆွဲခံနေရတာ မဟုတ်ဘူးနော်၊ နှလုံးသားကို ဆိတ်ဆွဲခံနေရတာ. . နုနုလေးဟ. ."

ကြည်ဖြူ့မျက်နှာ တည်တည်ကြီးဖြစ်သွားတယ်. . . အဲ့ဒီနောက်. . .

"ငါနောက်နေတာမဟုတ်ဘူး ခိုင်မြဲ၊ ငါ နင့်ကိုခင်ပါတယ်၊ သူငယ်ချင်းတွေထဲမှာလည်း အချစ်ဆုံးပါပဲ၊ ဒါပေမယ့် ချစ်သူအဖြစ်တော့ တစ်ခါမှ မစဉ်းစားခဲ့မိဘူး၊ အခု ကျော်ထွန်းမြင့် ငါ့ကို တော်တော်လေးကြိုးစားပြီး ချဉ်းကပ်နေတယ်၊ ချောင်းဘွဲ့မျုးကလည်း. . လှော်သလားမမေးနဲ့၊ ခေါ်တာတောင် ယောင်းမရေ ယောင်းမရေနဲ့ ကြာလာတော့ ငါ့စိတ်ကပဲ ယိုင်လာသလား မသိဘူး. ."

"ဗုဒ္ဓေါ!. . မြတ်စွာဘုရား. . ."

"မနေ့က နေ့ခင်းပိုင်းတစ်ပိုင်းလုံး ငါနဲ့ ကျော်ထွန်းမြင့်တို့ ဆုံဖြစ်ကြတယ်၊ သေချာတွဲကြည့်တော့လည်း မဆိုးပါဘူး၊ ငါ့စိတ်က

www.burmeseclassic.com



သာယာမှုရှိတာတော့ အမှန်ပဲ"

"ကြည်ဖြူ. ."

"ငါပြောတာ ဆုံးအောင်နားထောင်ဦးလေ"

"အင်း. ."

ဆုံးအောင်နားထောင်ဖို့ ခံနိုင်ရည်ရှိမရှိ မသေချာတော့ပေမယ့်လည်း ကျွန်တော့်တစ်ကိုယ်လုံး မီးတောက်တွေနဲ့ ငြိမ်နေလိုက်ရတယ်။

"ငါလက်ခံလိုက်ဖို့ စဉ်းစားတယ်၊ ဒါပေမယ့်လည်း ဖေဖေနဲ့ မမတို့ သဘောကျမကျ မသေချာသေးလို့. . . သူ့ကိုငါ အဖြေမပေးသေးဘဲနဲ့ ဒီအတိုင်းပဲ တနင်္ဂနွေနေ့ကို အိမ်ခေါ်သွားရင် ကောင်းမလားလို့. . .၊ အဲ့ဒါ နင်ဘယ်လိုသဘောရလဲ"

ကျွန်တော် သေသွားတယ်။ သူမက မသေအောင် လှုပ်နှိုးပြီးမေးတယ်။

"နင်က ငါ့အချစ်ဆုံးသူငယ်ချင်းလေ၊ ငါ့ဘဝရဲ့အရေးကြီးဆုံး အပြောင်းအလဲကို နင်နဲ့မှ မတိုင်ပင်ရင် ဘယ်သူ့ကိုတိုင်ပင်မလဲ ဟုတ်တယ်မလား. ."

ကျွန်တော် ခေါင်းညိတ်ရမလား၊ ခေါင်းခါရမလား. . ကိုယ့်ကိုယ်ကိုယ် မဝေခွဲနိုင်သလို အူလာလာကြီးဖြစ်နေပြီး သူမကို မမြင်ဘူး မသိဘူးတဲ့တစ်ယောက်လို ကြည့်နေလို့. . .။

"ခိုင်မြ. . ."

"ဟင်!. ."

"နင်ဘာဖြစ်နေတာလဲ. . ."

ဒီတော့ သတိဝင်လာပြီး သက်ပြင်းချရင်း. . .





"ငါ. . ကိုရီးယားဇာတ်ကောင်တွေလို လျှောကိုက်ပြီး သေလိုက်ရရင် ကောင်းမလားလို့ စဉ်းစားနေတာ"

"နင် နောက်ပြန်ပြီလား"

"မနောက်ဘူး ကြည်ဖြူ၊ နင်မေးတာကို ငါဖြေရဖို့ ဒီလျှာကပဲ ဦးဆောင်ရမှာ၊ ဘယ်လိုဖြေဖြေ ငါ့ကိုသေအောင်သတ်လိုက်တာနဲ့ အတူတူပဲ. . .၊ မဖြေဘဲနေလည်း အဆိပ်ကို အရသာရှိမရှိ မြည်းကြည့်ရမှာလဲ ဒီလျှာပဲမဟုတ်လား. .၊ အဲ့ဒီတော့ ကိုက်ဖြတ်လိုက်တော့မယ်ဟာ. ."

"နင်က ငါ့ဘဝရဲ့ အပြောင်းအလဲတောင် ဂရုမစိုက်ဘူးပေါ့"

"ငါဂရုမစိုက်တာ မဟုတ်ဘူး၊ ဝင်စွက်ဖက်ဖို့ ခက်နေတာ၊ ငါက. . အေး. . ကောင်းတယ်လို့ ပြောလိုက်တာဟာ. . ငါလည်း ငါ့ကိုယ်ငါ သတ်ပစ်လိုက်တာပဲ၊

မကောင်းဘူး မလုပ်နဲ့လို့ပြောရင် နင့်ရဲ့သာယာမှုကို ဖျက်စီးတဲ့လူ ဖြစ်မယ်၊ ယောက်ျားတန်မဲ့ မင်းသားမလုပ်ရလို့ ပတ်မကြီးထိုးဖောက်တဲ့ အောက်တန်းစားဖြစ်တော့မယ်၊ ငါ့ဆုံးဖြတ်ချက် ငါ့အတွေးထဲမှာ နင့်ဘဝကို အကောင်းဆုံးစောင့်ရှောက် နွေးထွေးပေးမယ့်သူဟာ ဒီလောကမှာ ငါတစ်ယောက်ပဲရှိမယ်လို့ တွက်ထားတာ၊

ဒါပေမယ့် နင်က ငါ့ထက်သာတဲ့သူတွေနေတော့ ငါဘာများပြောစရာကျန်သေးလဲ ကြည်ဖြူ၊ အေး. . တစ်ခုပဲ. . ဘုရားစူးတစ်ခုတည်းပဲ၊ အဲ့ဒါက. . နင့်ကိုငါ အသေအလဲ အသည်းအသန် အရူးအမူး ချစ်သွားပြီဆိုတာပါပဲ"

"အင်းလေ. . ဒါကနင့်စိတ်ပေါ့၊ ငါ့စိတ်ကတော့ ရွေးစရာနှစ်ယောက်ထဲမှာ ဟိုတစ်ယောက်ကိုရွေးဖို့ ဆုံးဖြတ်တယ်၊ မေးချော

www.burmeseclassic.com



တစ်ခုတော့ရှိတယ်ဟ"

"ဘာလဲ"

"ငါ့ . . အဲ့တစ်ယောက်ကို အဖြေမပေးဘဲ အိမ်ကိုခေါ်သွားပြီး အိမ်ကလူတွေဆုံးဖြတ်ခိုင်းမယ်၊ အိမ်က ရွေးချယ်မယ်ဆိုရင်တော့ မတတ်နိုင်ဘူးပေါ့ . . ၊ တကယ်လို့ အိမ်ကသဘောမကျဘူးဆိုရင် ငါ နင့်ဆီကို ပြန်လာမယ်လေ၊ အဲ့ဒီအခါကျရင် နင်ငါ့ကို အချစ်စစ် အချစ်မှန်နဲ့ပဲ ပြန်လက်ခံမှာလား"

ကျွန်တော် ကြည်ဖြူ့လက်ကို ဆုပ်ယူလိုက်တယ်၊ ကြည်ဖြူ လန့်ပြီးပြန်ရုန်းတော့ . . သူမပခုံးသားနုနုကို ဆွဲဖက်တယ်။ သူမ အတင်းပြန်ရုန်းပြီး ထရပ်မှ ကျွန်တော်လည်း ထရပ်လိုက်တယ်။

"ငါကတော့ ချစ်တယ် ကြည်ဖြူ၊ အခု ငါမင်းကို ဆွဲယူတာ မင်းဘာသာ ပြန်ရုန်းထွက်တာ၊ သေချာတာကတော့ . . ငါ မင်းကို ဘယ်တော့မှ တွန်းမလွှတ်ဘူး၊ နောင်အခါမှမဟုတ်ဘူး . . နောင်ဘဝရှိလည်း ဒီအတိုင်းပဲ၊ ကဲ . . မင်းစိတ်ချမ်းသာတာကို ငါမြင်ရရင် ကျေနပ်ပါပြီဟာ၊ ငါသွားတော့မယ် . . ."

ကျွန်တော်ပြောပြီး လှည့်အထွက် သူမနောက်ကနေ ပြန်ဆွဲထားပြီး ခုံတန်းလျှားပေါ် ဆွဲချလို့ ကျွန်တော်ဖင်ထိုင်လျက်ပြုတ်ကျတာကြည့်ပြီး ရယ်တော့တယ်။ ကျွန်တော်လည်း အူကြောင်ကြောင်နဲ့ ဖြစ်နေတုန်း သူမက . . .

"အဟီးဟီး . . . ငါ နင့်စိတ်ကို စမ်းသပ်လိုက်တာ"

"ဟင်! . ."

အဲ့ဒီနောက် သူမက ကျွန်တော့်ဘေးမှာ ကနွဲ့ကရလေးဝင်ထိုင်ပြီး . . .





"ငါ့ကို ချောင်းကြပ်ပေးလိုက်တာလေ၊ နင့်ကို တစ်ကယ်ချစ်မယ့်သူဆိုရင် နောက်ဆုံးအချိန်အထိ မျှော်လင့်ချက်ထားမှာပဲ၊ ခတ်တည်တည်နဲ့ မေးကြည့်လိုက်ဆိုလို့ ငါမေးတာ . . . အဟားဟားဟား ခစ်ခစ်ခစ် . . ."

"ကြည်ဖြူ နင်ပြောတာကို နားယောင်နေတဲ့အချိန်မှာ . . . ငါ တဖျတ်ဖျတ်သေသွားတာ မြင်လား . ."

"တွေ့သားပဲ"

"ဒါနဲ့များဟာ . . ကဲ . ."

"ဟဲ့ . . ကျောင်းဝင်းထဲမှာနော် . ."

ကျွန်တော် လွှတ်ပေးလို့ မဖြစ်တော့ပါဘူး။

အဲ့ဒါကြောင့် . . . .

# ပြီးပါပြီ